မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၃)
အမှတ် (၂၄၅)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၇ ရက်၊ စနေနေ့။

တို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဦးညဏ်ထွန်းသည် ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ဆူမစ်တိုမို မစ်ဆူအီ ဘဏ်လုပ်ငန်းကော်ပိုရေးရှင်းဒုတိယဥက္ကဋ္ဌ Mr.Hiroshi Minoura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာလင်းအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးတို့ တက်ရောက်ကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးများအပေါ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတဦးညဏ်ထွန်း ဂျပန်နိုင်ငံ တိုကျိုမြို့အခြေစိုက် ဆူမစ်တိုမို မစ်ဆူအီဘဏ်လုပ်ငန်းကော်ပိုရေးရှင်း ဒုတိယဥက္ကဋ္ဌ Mr.Hiroshi Minoura ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

ယူကရိန်းသမ္မတအသစ်ကို ရုရှားအသိအမှတ်ပြုရမည်ဆို စာ ➤ ၄

၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့် လျှော့ပေါ့ထားမှုဆိုင်ရာ ဥပဒေပြဋ္ဌာန်း စာ ➤ ၆

အများပြည်သူဝန်ဆောင်မှုသည် လူမှုရေးအသိတရားဦးစားပေးခြင်းဖြစ်၍ မီဒီယာလောကကို လက်ဝါးကြီးအုပ်စရာမလို စာ ➤ ၉

ဖြူးမြို့နယ်တွင် ကြံရာသီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင် စာ ➤ ၁၂

ဗီဖာကမ္ဘာ့ဘောလုံးအဆင့်တွင် ဘရာဇီး နံပါတ်-၃ သို့တက်လာ စာ ➤ ၁၄

ကြော်ငြာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၇

၂၀၁၄ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇွန် ၇ ရက် (စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း၊ အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်းကပ်ထားကြေညာကြောင်း သိရှိရသည်။

ထို့အပြင် အင်းစိန်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့၌လည်း တိုင်းဒေသကြီး/ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလတ်မြို့နယ်ခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိသော မြန်မာ-လာအို ချစ်ကြည်ရေး မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်း ပြီးစီးမှုအခြေအနေကို ဇွန် ၆ ရက်က ဤသို့တွေ့မြင်ရသည်။ သတင်းဓာတ်ပုံ-စိုးဝင်း(SP)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အစိမ်းရောင်စီးပွားရေး

လူတို့၏ ပယောဂကြောင့် ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ တောမီးများ လောင်ကျွမ်းခြင်း၊ ပင်လယ်ရေ မျက်နှာပြင်မြင့်တက်လာခြင်းနှင့် မုန်တိုင်းများ ကျရောက်ခြင်းစသော သဘာဝဘေးအန္တရာယ်ဆိုးများ ကျရောက်လာသည်ကို သိရှိလာသည်နှင့်အမျှ ထိုဘေးအန္တရာယ်ဆိုးများ လျော့ပါးသက်သာသွားစေရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးယိုယွင်းမှု နည်းပါးစေသည့် အစိမ်းရောင်စီးပွားရေးအဖြစ် ပြောင်းလဲလုပ်ကိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။

အစိမ်းရောင်စီးပွားရေး (Green Economy) ဆိုသည်မှာ မည်သည့်စီးပွားရေးလုပ်ကိုင် ဆောင်ရွက်သည်ဖြစ်စေ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးယိုယွင်းမှုမရှိအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လူသားတို့နေထိုင်ရာ ဤမြေကမ္ဘာ၌ လေထု၊ ရေထု၊ မြေထုတို့ကို ထိခိုက်ပျက်စီးယိုယွင်းခြင်းမရှိအောင် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် အစိမ်းရောင်စီးပွားရေးဖြစ်ပါသည်။

စက်မှုထွန်းကားသော မျက်မှောက်ခေတ်တွင် စက်ရုံ၊ အလုပ်ရုံများ၊ မော်တော်ကား၊ သင်္ဘော၊ လေယာဉ်ပျံတို့မှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းတို့ကြောင့် ကမ္ဘာ့လေထုသည် ညစ်ညမ်းလာပြီး ပူနွေးလာလျက်ရှိပါသည်။ ထို့အတူ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ဓာတုဗေဒကြွင်းကျန်ပစ္စည်းများ၊ ပလတ်စတစ်အမှိုက်သရိုက်များ ရေစီးအတွင်းမျောပါကာ ပင်လယ်သမုဒ္ဒရာများ ညစ်ညမ်း၍ ရေနေသတ္တဝါများအတွက် အစာကွင်းဆက်များ ယိုယွင်းပျက်စီးစေလျက်ရှိပါသည်။ ထို့အတူ သစ်များ အလွန်အကျွံခုတ်ယူခြင်း၊ ဓာတ်သတ္တုများ အဆမတန်တူးဖော်ခြင်းတို့ကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများ ကျရောက်ခြင်းစသော မမျှော်မှန်းနိုင်သည့် သဘာဝဘေးများ ကျရောက်စေပါသည်။

ဤသို့ သဘာဝဘေးအန္တရာယ်များ ကျရောက်မှု လျော့ပါးသက်သာစေရန် လုပ်ဆောင်နိုင်သော တစ်ခုတည်းသော နည်းလမ်းမှာ အစိမ်းရောင်စီးပွားရေးလမ်းကြောင်းဆီသို့ ဦးတည်ဖော်ဆောင်သွားရေးပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် နိုင်ငံသူ နိုင်ငံသားအားလုံး ခံယူလုပ်ဆောင်သင့်သည်မှာ "လုပ်နိုင်သည်က စလုပ်ပါ၊ ပူနွေးကမ္ဘာ တားဆီးမှာ" ဆိုသကဲ့သို့ လူတစ်ဦးချင်းစီကစ၍ မိမိတို့လုပ်နိုင်သည့်လုပ်ငန်းများဖြစ်သည့် စွမ်းအင်ချွေတာခြင်း၊ ရေချွေတာခြင်း၊ သဘာဝသယံဇာတများ ချွေတာသုံးစွဲခြင်း၊ ပစ္စည်းများ ပြန်လည်အသုံးပြုခြင်း၊ ရေ၊ လေ၊ မြေ မညစ်ညမ်းအောင် စွန့်ပစ်ပစ္စည်းများကို သတိထားဆောင်ရွက်ခြင်း စသည်တို့ဖြင့် သယံဇာတသုံးစွဲရာတွင် ကြာရှည်တည်တံ့အောင်စဉ်းစားပြီး သုံးစွဲကြရန် တိုက်တွန်းလိုပါကြောင်း၊ အစိုးရအဖွဲ့အစည်းများရော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကပါ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ကြသည့်အခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေထည့်သွင်းလုပ်ဆောင်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ဤသို့ သဘာဝပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ထိခိုက်မှုမရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားခြင်းဖြင့် အစိမ်းရောင်စီးပွားရေး မူဝါဒကို ဖော်ဆောင်ရာရောက်ပြီး သဘာဝဘေးအန္တရာယ်များလည်း လျော့ပါးလာကာ မျှတသော ရာသီဥတုကို ဖြစ်ပေါ်စေမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတက်ရောက်

နေပြည်တော် ဇွန် ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန် မင်္ဂလာသီရိဟိုတယ်၌ကျင်းပသော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းဆိုင်ရာ မြန်မာနိုင်ငံ၏ စတုတ္ထနှင့်ပဉ္စမအကြိမ်ပူးပေါင်းအစီရင်ခံစာ(တတိယမူကြမ်း) အပေါ် အလုပ်ရုံဆွေးနွေးပွဲ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မြန်မာနိုင်ငံသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ကနဦးအစီရင်ခံစာကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယနှင့် တတိယအကြိမ်ပူးပေါင်းအစီရင်ခံစာကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း တင်သွင်းခဲ့ကြောင်း၊ စတုတ္ထနှင့် ပဉ္စမအကြိမ်အစီရင်ခံစာကို ပူးပေါင်းပြီး ၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် တင်သွင်းနိုင်ရန် ရေးဆွဲလျက်ရှိပါကြောင်း၊ ယခုအခါ အစီရင်ခံစာ တတိယမူကြမ်းထွက်ရှိပြီဖြစ်သဖြင့် ပိုမိုပြည့်စုံကောင်းမွန်သည့် အစီရင်ခံစာဖြစ်စေရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေးဆိုင်ရာလူထုအဖွဲ့အစည်းများကို ယခုကဲ့သို့ဖိတ်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ပါကြောင်း၊ စတုတ္ထနှင့်ပဉ္စမအကြိမ် ပူးပေါင်းအစီရင်ခံစာ (အပြီးသတ်)တွင် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ကမ္ဘာကသိရှိအောင် ရေးသားပြုစုကြပါဟု တိုက်တွန်းကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

၂၀၁၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် နိုင်ငံတော်ကိုယ်စားတင်သွင်းမည့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကုလသမဂ္ဂကွန်ဗင်းရှင်းဆိုင်ရာ မြန်မာနိုင်ငံ၏ စတုတ္ထနှင့် ပဉ္စမအကြိမ်ပူးပေါင်းပြီးအပြီးသတ် အစီရင်ခံစာအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ လမ်းညွှန်မှုဖြင့် အစီရင်ခံစာ ရေးသားရေးအဖွဲ့ကို ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ် ၃၄ ဦးနှင့် တာဝန်ခံရေးသားရေးအဖွဲ့ (Core Group) ကိုယ်စားလှယ် ၁၉ ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး အချိန်မီပြီးစီးနိုင်ရေး အဖွဲ့အစည်းအားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

လယ်ယာမြေများ အခြားမြေအဖြစ်ပြောင်းလဲမှုကို မတားဆီးနိုင်က တောင်သူများအခက်အခဲများစွာကြုံတွေ့နိုင်

ရေတာရှည် ဇွန် ၆

ရန်ကုန်-မန္တလေးကားလမ်းဝဲယာတစ်လျှောက်ရှိ လယ်ယာမြေများကို အခြားမြေအဖြစ် ပြောင်းလဲမှုမှာ ယခင်ထက်ပိုမိုများပြားလာပြီး သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီကိုင်တွယ်ဆောင်ရွက်ခြင်းမရှိပါက ရေရှည်တွင် တောင်သူများ လယ်ယာမဲ့ဘဝရောက်ရှိနိုင်ကြောင်း ဝေဖန်မှုများ ထွက်ပေါ်လာသည်။

ကားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ ယာ ရှိ လယ်ယာမြေများကို လက်ရှိ ပေါက်ဈေးထက်ပိုပေးကာ ဝယ်ယူကြသည့်အတွက် တောင်သူများကလည်း ငြင်းပယ်ခြင်းမရှိဘဲ ရောင်းချနေကြခြင်း ဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောပြသည်။ လယ်ယာလုပ်ငန်း လုပ်ကိုင်သည့် တောင်သူများအနေဖြင့် ရရှိသည့် ငွေကြေးအတိုင်းအတာမှာ ရေရှည်ကို မျှော်တွေးပါက ရောင်းချရန်မသင့်ကြောင်း အထက်ပါတောင်သူကပင် ပြောသည်။

"ဟိုးရှေးရှေးတုန်းက ပုံပြင်လိုပေါ့ဗျာ။ ရွှေဥ ဥပေးနေတဲ့ငန်းတစ်ကောင်လိုပေါ့။ တစ်နေ့တစ်လုံး ဥပေးနေတာကို မလိုလောဘက အတောမသတ်နိုင်တော့ ဘဲငန်းကို သတ်ပြီး ရွှေဥရှာသလိုဖြစ်နေတာ"ဟု ၄င်းကပင်ပြောပြသည်။

ငွေကြေးတတ်နိုင်သူများက မြို့ပြင်နှင့်ဆက်စပ်နေသော လယ်ယာမြေများကို အပြိုင်အဆိုင်ဝယ်ယူမှုများကြောင့် လယ်ယာမြေများအတွင်း ကွန်ကရစ်ငုတ်တိုင်များ ဝင်ရောက်စိုက်ထူထားသည်ကို နေရာအနှံ့အပြား၌ တွေ့မြင်နေရသည်။ လယ်ယာထွက်ကုန်များ ဈေးနှုန်းကောင်းမွန်မှုကြောင့် တောင်သူများ ဝင်ငွေကောင်းမွန်လျက်ရှိကာ မိမိတို့ဘိုးဘွားအစဉ်အဆက်က လုပ်ကိုင်လာခဲ့သော လယ်ယာမြေများကိုသာ အလွယ်တကူ ရောင်းချလိုက်ပါက ရေရှည်ကာလများတွင် တိုးပွားလာမည့်လူဦးရေအတွက် စားနပ်ရိက္ခာဖူလုံရန် အခက်အခဲများနှင့် ကြုံတွေ့လာနိုင်ပြီး တောင်သူများ လယ်ယာမဲ့ဘဝရောက်ရှိပါက စားဝတ်နေရေး၊ လူနေမှုဘဝပုံရိပ်ကို များစွာထိခိုက်လာနိုင်ကြောင်း သုံးသပ်မှုများရှိသည်။ **ကိုလွင်(ဆွာ)**

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004

ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

(၉)နှစ်ကျော်အတွေ့အကြုံရှိပန်းလှိုင်ဆေးရုံ၏နှလုံးအထူးကုဌာနတွင် နှလုံးသွေးကြောပုံရိပ်ဖော်ခြင်းပေါင်း (၄၁၆)ခုနှင့် နှလုံးသွေးကြောထောက်ကိရိယာထည့်သွင်းကုသမှုပေါင်း(၁၈၆)ခုစသည့် နှလုံးသွေးကြောရောဂါ ရှာဖွေကုသခြင်းပေါင်း(၆၀၂)ခုတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သောနိုင်ငံတကာအတွေ့အကြုံရှိစင်ကာပူနိုင်ငံမှဆရာဝန်ကြီးများနှင့်မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများပူးပေါင်း၍နောက်ဆုံးပေါ်ခေတ်မီစက်သစ်ကြီးများဖြင့် ဇွန်လ(၁၂)ရက်နေ့မှ (၁၅)ရက်နေ့အထိ ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ကုသပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃ ၊ ၆၈၄၃၂၅ ၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : enquiry.phih@spa.com.mm

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံ

ရန်ကုန် ဇွန် ၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညီ့ခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေး အထောက်အကူပြုအဖွဲ့များမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းပြည်တစ်ပြည်၌ ICT Sector တိုးတက်ရမည်ဖြစ်ကြောင်း၊ e-Government သည် တိုင်းပြည်၌ မရှိမဖြစ်လိုအပ်ကြောင်း၊ e-Government ရှိမှ တိုင်းပြည် တိုးတက်မည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းများသည် ဝန်ကြီးဌာနအတွက်သာမက တစ်နိုင်ငံလုံးအတွက် အရေးကြီးကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကြိုးဆွဲရန်နှင့် တာဝါတိုင်များ တည်ဆောက်ရန်လုပ်ငန်းများ ဆောင်ရွက်ရာ၌ အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနဆိုင်ရာများနှင့်မြို့နယ်များက ပံ့ပိုးကူညီပေးရန်လိုအပ်ကြောင်း၊ ဒေသကြီးဖွံ့ဖြိုးတိုးတက်ရန်အတွက် ဝိုင်းဝန်းကူညီပေးရန် လိုအပ်ကြောင်း၊ သို့မှသာ e-Government သို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီး ဦးသောင်းတင်က ဆက်သွယ်ရေးကြိုးဆွဲရန်နှင့် တာဝါတိုင်တည်ဆောက်ရန်အတွက် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆက်သွယ်ရေးကြိုးဆွဲရန်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးမြတ်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်း ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းက မြို့နယ်အထောက်အကူပြုအဖွဲ့များနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားသည်။

(သတင်းစဉ်)

အချိုရည်ဘူးခွံစက်ရုံ တည်ဆောက်ရန် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဇွန် ၆

အမေရိကန်နိုင်ငံ Ball Corporation မှ မြန်မာနိုင်ငံသီလဝါအထူးစီးပွားရေးဇုန်တွင် အချိုရည်ဘူးခွံစက်ရုံတည်ဆောက်ရန် စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ Chatrium Hotel Ballroom ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E.Mr.Derek Mitchell၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi Higuchi၊ မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဟန်နှင့် တာဝန်ရှိသူများ၊ Ball Corporation မှ Chief Financial Officer Mr.Scott Morrison နှင့် တာဝန်ရှိသူများ၊ Coca-Cola Pinya Beverages Myanmar မှ Managing Director Mr.Sanjeev Kha-nna၊ Ball Corporation Country Manager ဦးမင်းတလညာဏ်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်လှစ်ပြသ

ရှေးဦးစွာ Ball Corporation မှ Country Manager ဦးမင်းတလညာဏ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမေရိကန်နိုင်ငံ Ball Corporation နှင့် ပတ်သက်သည့် အချက်အလက်များကို ဗီဒီယိုဖိုင်ဖြင့် ဖွင့်လှစ်ပြသသည်။

ထို့နောက်Ball Corporationမှ Chief Financial Officer Mr. Scott Morrison က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြ၍ အမေရိကန်သံအမတ်ကြီး H.E.Mr. Derek Mitchell နှင့် ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi Higuchi တို့က ဂုဏ်ယူဝမ်းမြောက်စကားပြောကြားပြီး Coca-Cola Pinya Beverages Myanmar မှ Mana-ging Director Mr.Sanjeev Kha-nna က လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ သီလဝါ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဆက်အောင်က ယနေ့လက်မှတ်ရေးထိုးပွဲ အခမ်းအနားသည် မြန်မာနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသည့်အခမ်းအနားဖြစ်ပြီး နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးကိုလည်း တိုးမြှင့်ပေးသည့်အခမ်းအနားဖြစ်ကြောင်း၊ ယခုလို အမေရိကန်နိုင်ငံ Ball Corporation က မြန်မာနိုင်ငံ သီလဝါအထူးစီးပွားရေးဇုန်တွင် ပထမဦးဆုံးလာရောက်ရင်းနှီးမြှုပ်နှံသည့်အတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် မြန်မာ-ဂျပန် သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်ဥက္ကဋ္ဌ ဦးသိန်းဟန်က ကျေးဇူးတင်စကားပြောကြားပြီး Ball Asia Pacific မှ President Mr.Gihan Atapattu နှင့် မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက်မှ President Mr.Takashi Yanal တို့က စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ) (သတင်းစဉ်)**

နေပြည်တော်မိခင်နှင့် ကလေးကြီးကြပ်ရေးအဖွဲ့ ကျောင်းသား ကျောင်းသူများအား ဝတ်စုံများလှူ

လယ်ဝေး ဇွန် ၆

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် ချင်းစုကျေးရွာမူလတန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကျောင်းဝတ်စုံများလှူဒါန်းသည့်အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

လှူဒါန်းခဲ့

ရှေးဦးစွာ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက ကျောင်းဝတ်စုံများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းသားကျောင်းသူ ၄၁ ဦးအား ငွေကျပ် ၆၈၆၀၀ တန်ဖိုးရှိကျောင်းဝတ်စုံများ လှူဒါန်းခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ ချင်းစုကျေးရွာမှ သက်ကြီးအဘွားနှစ်ဦးအား ငွေကျပ် ၂၃၀၀၀ စီနှင့် ကြက်ဥ၊ ကွေကာ၊ လိမ်းဆေး၊ အားဆေးနှင့် ဆီများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့သည်။ ထို့နောက် လယ်ဝေးမြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မူကြိုမှ ကလေးငယ် ၃၅ ဦးတို့အား ပဲနို့များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ရွှေလီမြစ်ရေကျဆင်းမှုကြောင့် ကူးသန်းသွားလာမှုခက်ခဲ

မူဆယ် ဇွန် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ အထက်နှစ်မိုင်ဝေးသော နမ့်ဆွမ်းရွာအနီးမှ ရှမ်းပြည်နယ်အတွင်း စတင်ဖြတ်သန်းစီးဆင်းဝင်ရောက်လာသော ရွှေလီမြစ်သည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ရောင်းဝယ်ဖောက်ကားကူးသန်းသွားလာရာတွင် အသုံးဝင်သောမြစ်တစ်စင်းဖြစ်သည်။ ယခုနှစ်သင်္ကြန်ကာလအလွန်မှစတင်၍ ရေများနည်းပါးသွားခဲ့ရာ ယခုဇွန်လဆန်းတွင် မြစ်ရေသည် အလွန်နည်းပြီး သောင်များပေါ်ကာ ရေလမ်းကြောင်းကျဉ်းနေသဖြင့် လှေ၊ စက်တပ်သမ္ဗန်များ သွားလာမှုခက်ခဲပြီး လှေဆိပ်များ ကုန်သယ်ယူမှုနှင့် ကူးသန်းသွားလာမှု နည်းပါးနေကြောင်း တွေ့ရှိရသည်။

“အိမ်ဦးနဲ့ ကြမ်းပြင်သွားလာလို့ရပြီး ဒေသထွက်အသီးအနှံတွေနဲ့ ကုန်စည်ရောင်းဝယ်ရေးအတွက် အသုံးပြုလို့ရနေရာမှာ အခုလိုလနဲ့ချီပြီး ရေနည်းသွားတော့ ဆိပ်ကမ်းတွေမှာ မှီခိုပြီး ဈေးရောင်းသူတွေ အလုပ်သမားတွေအားလုံး အခက်အခဲတွေဖြစ်တာပေါ့။ မိုးများများရွာပါစေ၊ မြစ်ရေပြည့်ပါစေ ဆုတောင်းနေရတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

သိန်းဇော်(ရွှေလီဦး)

သီဟ(၄၀)သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၀)သီဟတပ်ခွဲ၏(၄၄)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် ၂၀-၆-၁၉၇၀အတွက် နှစ်စဉ်ကျင်းပမြဲအတိုင်း အောက်ပါအစီအစဉ်များဖြင့် ကျင်းပပြုလုပ်သွားပါမည်။

(က) **ဆွမ်းကပ်လှူဒါန်းခြင်း**
နေ့ရက် - ၂၁-၆-၂၀၁၄ရက် (စနေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - သမ္မာသမ္ဗုဒ္ဓေါ်မွောရုံ(စွယ်တော်မြတ်စေတီ၊ မရမ်းကုန်း)

(ခ) **ညစာစားပွဲ**
နေ့ရက် - ၂၁-၆-၂၀၁၄ရက် (စနေနေ့)
အချိန် - ၁၇း၃၀ နာရီ
နေရာ - ကုန်းမြင့်သာ စားသောက်ဆိုင်၊ မရမ်းကုန်း

(ဂ) **ဂေါက်သီးကစားခြင်း**
နေ့ရက် - ၂၂-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)
အချိန် - ၀၇း၀၀ နာရီ
နေရာ - တပ်မတော်ဂေါက်ကွင်း (မင်္ဂလာဒုံ)

၂။ မိသားစုများနှင့်အတူ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

■ *ကျောဖုံးမှ*

နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများရရှိစေရေးရည်ရွယ်၍ မော်တော်ယာဉ်နှစ်လဲမှတ်ပုံတင်ခနှင့် ယာဉ်စစ်ဆေးခများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် အုပ်စုသုံးစုခွဲခြားသတ်မှတ်၍ အောက်ပါအတိုင်းနှုန်းထားများ ပြောင်းလဲကောက်ခံသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

	ရန်ကုန် မန္တလေး	နေပြည်တော် ကချင်၊ ကရင် စစ်ကိုင်း၊ ပဲခူး မကွေး၊ မွန် ရှမ်း၊ ဧရာဝတီ	ကယား ချင်း ရခိုင် တနင်္သာရီ	ယာဉ်စစ်ဆေးခ အုပ်စုအားလုံး
မော်တော်ဆိုင်ကယ်	၆၀၀၀	၄၀၀၀	၂၀၀၀	၁၀၀၀
ကိုယ်ပိုင်ယာဉ်ငယ်	၁၅၀၀၀	၁၀၀၀၀	၅၀၀၀	၅၀၀၀
ကိုယ်ပိုင်ယာဉ်ကြီး	၃၀၀၀၀	၂၀၀၀၀	၁၀၀၀၀	၁၀၀၀၀
အငှားယာဉ်ငယ်	၃၀၀၀၀	၂၀၀၀၀	၁၀၀၀၀	၅၀၀၀
အငှားယာဉ်ကြီး	၄၀၀၀၀	၃၀၀၀၀	၂၀၀၀၀	၁၀၀၀၀

(သတင်းစဉ်)

နိုင်ငံတကာသတင်း

အမေရိကန်နိုင်ငံသားခရီးသွားသုံးဦး မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးထား

ပြုံယမ်း ဇွန် ၆

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံသား ခရီးသွားတစ်ဦးကို မသင်္ကာဖွယ်ရာ လှုပ်ရှားမှုပြုလုပ်မှုဖြင့် ပြီးခဲ့သည့်လက ဖမ်းဆီးခဲ့သည်ဟု ၎င်းနိုင်ငံပိုင် မီဒီယာများတွင် ဖော်ပြသည်။

၎င်းအမျိုးသားသည် မြောက်ကိုရီးယားနိုင်ငံသို့ ဧပြီ ၂၉ ရက်က လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသည် မြောက်ကိုရီးယားနိုင်ငံမှ ပြန်ရမည့်အချိန်တွင် မပြန်ဘဲကြန့်ကြာနေခဲ့ကြောင်း ကေစီအင်န်အေသတင်းအေဂျင်စီ၏ဖော်ပြချက်တစ်ခုအရ သိရသည်။

ယင်းဖော်ပြချက်တွင် ၎င်းကို စစ်ဆေးမေးမြန်းခြင်းပြုခဲ့သော်လည်း အသေးစိတ်ဖြေကြားခဲ့ခြင်း မရှိဟု ဆိုသည်။

ကျိုဒိုသတင်းအေဂျင်စီက ၎င်းခရီးသွားသည် တည်းခိုရာဟိုတယ်၌ မရှိတော့သဖြင့် အဖမ်းခံခဲ့ရပြီ ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ၎င်းကို အတည်ပြုခြင်းအားဖြင့် မြောက်ကိုရီးယား၌ ယခုအချိန်အထိ ဖမ်းဆီးခံရသူ အမေရိကန်နိုင်ငံသားသုံးဦးရှိပြီ ဖြစ်သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလက အမေရိကန် ကိုရီးယားသာသနာပြု Kenneth Bae ကို အစိုးရပုန်ကန်မှုဖြင့် ဖမ်းဆီးကာ အလုပ်ကြမ်းဖြင့် ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့သည်။

ပြီးခဲ့သည့် ဧပြီလကလည်း အမေရိကန်နိုင်ငံသား မီလော်သည် မြောက်ကိုရီးယားနိုင်ငံကို ခိုလှုံရာအဖြစ် ရွေးချယ်ပြီးလာခဲ့ကြောင်း၊ ၎င်း၏ပြည်ဝင်ခွင့်လက်မှတ်ကို ဆုတ်ဖြဲခဲ့ပြီး အော်ဟစ်သောင်းကျန်းမှုများ ပြုလုပ်ခဲ့ကြောင်း ကေအင်န်အေက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ဖမ်းဆီးထားသော အမေရိကန်များကို သံတမန်ရေးရာ နှစ်ဦးနှစ်ဖက် အပေးအယူများအဖြစ် အသုံးပြုကြသည်။ ဟိုယခင်ကလည်း သမ္မတဟောင်းကလင်တန်အပါအဝင် အမေရိကန်ထိပ်တန်းအရာရှိများသည် ထိန်းသိမ်းခံအမေရိကန်များကို လွှတ်ပေးရေးနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများပြုလုပ်ရန် အလည်အပတ်လာရောက်ခဲ့ကြသည်။ **ဘီဘီစီ**

ယူကရိန်းသမ္မတအသစ်ကို ရုရှားအသိအမှတ်ပြုရမည်ဆို

ဘရပ်ဆဲလ် ဇွန် ၆

ရုရှားအနေဖြင့် ယူကရိန်းအရှေ့ပိုင်း အကျပ်အတည်း အဆုံးသတ်ရန် ကိယက်ဗ်ခေါင်းဆောင်သစ်နှင့် စတင်ဆွေးနွေးရမည် ဖြစ်ကြောင်း စက်မှုထိပ်သီးခုနစ်နိုင်ငံ ခေါင်းဆောင်များက တိုက်တွန်းလိုက်သည်။

မော်စကိုအနေဖြင့် စနေနေ့က သမ္မတဖြစ်လာသော မီထရိုပိုရိုချန်ကိုအား အသိအမှတ်ပြုရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် ယူကေဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းတို့က ပြောကြားလိုက်သည်။

ယူကရိန်းသမ္မတသစ် မစ္စတာ ပိုရိုချန်ကိုအား မိမိတို့အပြည့်အဝထောက်ခံကြောင်း ဘရပ်ဆဲလ်ရောက် အဆိုပါခေါင်းဆောင်များက ပြောသည်။ ယင်းထိပ်သီးအစည်းအဝေးသည် ယူကရိန်းအကျပ်အတည်း စကတည်းက ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အနောက်ခေါင်းဆောင်များ ပထမဆုံးအကြိမ် မျက်နှာစုံညီတွေ့ဆုံခြင်း ဖြစ်သည်။ **ဘီဘီစီ**

ဆီးရီးယားစစ်တပ်က မြို့တော်ဒမတ်စကတ်အနီး အဓိကမြို့များကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်

ဒမတ်စကတ် ဇွန် ၆

ဆီးရီးယားစစ်တပ်က ဒမတ်စကတ်မြို့အနီး အဓိကမြို့တစ်မြို့ကို ပြန်လည် သိမ်းပိုက်လိုက်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားစစ်တပ်က ဒမတ်စကတ်မြို့အနီး အယ်လ်ကစ်ချ်ဝါခရိုင်ရှိ အယ်လ်သာဝါမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့ကြောင်း စစ်တပ်တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်ကို ကိုးကားလျက် ဆာနားသတင်းအေဂျင်စီက ကိုးကားဖော်ပြသည်။

ဆီးရီးယားစစ်တပ်က ကြီးမားသော လက်နက်တိုက်ကြီးတစ်ခုကိုလည်း ဖျက်ဆီးပစ်လိုက်သည်ဟု ဆိုသည်။

အဆိုပါတိုက်ခိုက်သိမ်းပိုက်မှုသည် ဆီးရီးယားသမ္မတရွေးကောက်ပွဲတွင် ဘာရှာအယ်လ်အာဆတ် တတိယအကြိမ် အနိုင်ရပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းရွေးကောက်ပွဲသည် စစ်သွေးကြွများကို တိုက်ခိုက်ရန် စစ်တပ်ကို စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးမှု တစ်ရပ်သာဖြစ်ကြောင်း လေ့လာသုံးသပ်သူများက ယုံကြည်ထားသည်။

လွန်ခဲ့သောလများက ဆီးရီးယားစစ်တပ်သည်အာရပ်နိုင်ငံတစ်ဝန်းတာဖိရိုင်းအုပ်စုများကို အဆိုပါတိုက်ခိုက်သောတိုက်ပွဲများ၌ အောင်မြင်မှုများ ရရှိခဲ့သည်။ အထူးသဖြင့် လက်ဘနွန်နယ်စပ်အနီး ကွာလာမွန်အနောက်ပိုင်း၌ တိုက်ပွဲများအောင်နိုင်ခဲ့သည်။ ဆီးရီးယား နိုင်ငံအတွင်း အနောက်အုပ်စု ထောက်ခံသော အကြမ်းဖက်သမားများသည် အရှုံးနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ဘာရှာအယ်လ်အာဆတ်က မှတ်ချက်ပြုပြောဆိုလိုက်သည်။ ဆီးရီးယားစစ်တပ်က ဒမတ်စကတ်အနီး အဓိကမြို့အယ်လ်မီဟာမြို့ကိုလည်း ဗုဒ္ဓဟူးနေ့က သိမ်းပိုက်အောင်မြင်ခဲ့သည်ဟု ဆိုသည်။ **ပရက်စ်တီဗွီ**

အီဂျစ်နိုင်ငံ၌ အစိုးရဆန့်ကျင်အုပ်စုများ ဆန္ဒပြမှု ဆက်လက်ဖြစ်ပေါ်နေ

ကိုင်ရို ဇွန် ၆

အီဂျစ်နိုင်ငံတွင် များပြားလှသော ရဲတပ်ဖွဲ့ဝင်များ နှိမ်နင်းနေသည့်ကြားမှ မကြာသေးခင်က ပြုလုပ်ခဲ့သည့် အီဂျစ်သမ္မတရွေးကောက်ပွဲတွင် တပ်မတော်အကြီးအကဲခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီးစီစီ အနိုင်ရခဲ့ခြင်းကို ဆန့်ကျင်ဆန္ဒပြမှုများဆက်လက်ဖြစ်ပေါ်နေဆဲပင်ဖြစ်သည်။

Al-Azhar တက္ကသိုလ်မှ ကျောင်းသူများအုပ်စုကလည်း မကြာသေးခင်က ဖြစ်ပေါ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြောင့် ကျောင်းသားတစ်ဦးသေဆုံးခဲ့ရသည့် ဖြစ်ရပ်နှင့်ပတ်သက်ကာ အုပ်စုဖွဲ့ဆန္ဒပြလျက်ရှိကြသည်။

လူဆောမြို့ တောင်ပိုင်းတွင်လည်း အခြားဆန္ဒပြအုပ်စုတစ်ဖွဲ့သည် ၂၀၁၃ ခုနှစ် ဇူလိုင်လက အီဂျစ်နိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်မှုပြုခဲ့သည့် သမ္မတမော်စီအား တပ်မတော်မှ ဖြုတ်ချခြင်းနှင့်ပတ်သက်ကာ ဆန္ဒပြလျက်ရှိကြသည်။

အီဂျစ်နိုင်ငံ၏ ရွေးကောက်ပွဲပိတ်သိမ်းလိုက်သည့်နေ့ မေ ၂၈ရက်နေ့မှဆိုပါက အီဂျစ်နိုင်ငံတစ်ဝန်းဆန္ဒပြမှုများမှာ ရက်သတ္တတစ်ပတ်ကျော်သွားခဲ့ပြီဖြစ်သည်။ အီဂျစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်က ဇွန် ၃ ရက်တွင် ဗိုလ်ချုပ်ကြီးဟောင်းစီစီသည် မဲရလဒ် ၉၀ ရာခိုင်နှုန်းကျော်ထောက်ခံမှုဖြင့် အနိုင်ရရှိသွားပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ မဲပေးကာလအတွင်းက နိုင်ငံ၏မဲပေးခွင့်ရှိသူဦးရေ ၅၃ သန်းတွင် ၄၇ ဒသမ ၅ ရာခိုင်နှုန်းသော ဦးရေတို့သာ မဲပေးခဲ့ကြခြင်း ဖြစ်သည်။ အီဂျစ်နိုင်ငံ၏ မွတ်စလင် ညီအစ်ကိုတော်များအုပ်စုနှင့် အခြားအတိုက်အခံအုပ်စုတို့က ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ **ပရက်စ်တီဗွီ**

တရုတ်ကာကွယ်ရေးအသုံးစရိတ် ၂၀ရာခိုင်နှုန်းမြင့်တက် စစ်လက်နက်ပစ္စည်းများ အဆင့်မြှင့်တင်ရာတွင် သုံးစွဲဟုဆို

ဝါရှင်တန် ဇွန် ၆

တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ၂၀၁၄ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်းတိုးလာကြောင်း အမေရိကန်ကာကွယ်ရေးဦးစီးဌာနက ထုတ်ပြန်သော နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ ယခုနှစ် ကာကွယ်ရေးဘတ်ဂျက်သည် အမေရိကန်ဒေါ်လာ ၁၂၀ဘီလီယံ (ပေါင် ၇၀ဘီလီယံ) ရှိသည်ဟု ဆိုသည်။ သို့သော်လည်း ၎င်းအမှန်စာရင်းသည် အမေရိကန်က ခန့်မှန်းထားသော ဒေါ်လာ ၁၄၅ ဘီလီယံရောက်ရှိရန် နီးကပ်လာပြီဟု ဆိုသည်။

တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်းစုအပေါ် အခြားဒေသဆိုင်ရာ အားပြိုင်မှုများနှင့်အတူ တင်းမာမှုမြင့်တက်နေချိန် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏အစီအစဉ်များနှင့်ပတ်သက်၍ ပိုမိုပွင့်လင်းစွာ ဆောင်ရွက်ရန် အမေရိကန်က တိုက်တွန်းဆော်ဩလိုက်သည်။

အမေရိကန်စစ်အသုံးစရိတ်သည် ၂၀၁၃ ခုနှစ်က အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ အထိ ရှိခဲ့သည်။ အမေရိကန်၏ အဆိုပါအစီရင်ခံစာသည် ယမန်နှစ်က ၁၃၅ ဘီလီယံနှင့် ၂၁၅ ဘီလီယံကြားရှိခဲ့သည့် စာရင်းကို ကိုးကားပြီး တရုတ်ကာကွယ်ရေး အသုံးစရိတ်ကို အမေရိကန်က နှစ်စဉ်ခန့်မှန်းတွက်ချက် တင်ပြလေ့ရှိသည်။ ပေကျင်းအနေဖြင့် ဒုံးလက်နက်ယာဉ်များ၊ စစ်သင်္ဘောများ၊ ဂျက်လေယာဉ်များ၊ ဒုံးကျည်များနှင့် ဆိုက်ဘာလက်နက်များ အဆင့်မြှင့်တင်ရာတွင် အဆိုပါငွေကြေးများ သုံးစွဲလျက်ရှိသည်။ တရုတ်နိုင်ငံ၏ တောင်တရုတ်ပင်လယ်အတွင်းရှိ ကျွန်းစုများကို ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဂျပန်တို့က ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ **ဘီဘီစီ**

ပြည်တွင်းသတင်း

ကံကောင်းခြင်းရတနာသစ်အချောထည်စက်ရုံ ဆန္ဒပြအလုပ်သမားများ မန္တလေးသို့ထွက်ခွာ မြို့သာကုန်းတိုးဂိတ်တွင် တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုယာယီအဆင်ပြေ

စဉ့်ကိုင် ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စုအတွင်းရှိ ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံမှ ဆန္ဒပြအလုပ်သမား ၄၇၅ ဦးသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ညှိနှိုင်းရေးအတွက် သပိတ်စခန်းဖွင့်ထားသည့် ရှမ်းကန် ဘုန်းကြီးကျောင်းမှ ဇွန် ၆ ရက် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် စတင်ထွက်ခဲ့ရာ ညနေ ၃ နာရီတွင် ရန်ကုန်-မန္တလေးလမ်းပေါ်ရှိ မြို့သာကုန်းတိုးဂိတ်သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုယာယီအဆင်ပြေခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံမှ အလုပ်သမားသမဂ္ဂဥက္ကဋ္ဌ ဦးခိုင်မင်း၊ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ် ဗဟိုအကြံပေး ဦးရန်နိုင်ထွေးနှင့် ဒေါ်မျိုးမျိုးအေး၊ ကိုသက်နှင်းအောင်တို့ ဦးဆောင်သည့် အလုပ်သမား ၄၇၅ ဦးသည် ရန်ကုန်-မန္တလေးလမ်း ဘယ်လင်းကျောင်းအနီးတွင် တိုင်းဒေသကြီး အလုပ်သမားဦးစီးမှူး ဦးကြွားနှင့် ညှိနှိုင်းရာ ပြေလည်မှုမရရှိဘဲ မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိရာ ၂၂ ဘီးကားနှစ်စီး၊ ကျောက်ဆည်-မန္တလေးခရီးသည်တင်ကား သုံးစီးဖြင့် ဆက်လက်ထွက်ခွာလာပြီး မြို့သာကုန်းတိုးဂိတ်သို့ ရောက်ရှိသောအခါ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူးမြင့်ဦး၊ ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး မင်းနောင်နှင့် တာဝန်ရှိသူများက ဆက်လက်ထွက်ခွာစေခြင်းမပြုဘဲ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့အပြင် တာဝန်ရှိသူများက အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ထို့အပြင် ရေနှင့်ဓာတ်ဆားထုပ်များပေးခြင်း၊ ညနေစာအတွက် ထမင်းများကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံကောင်းခြင်းရတနာ သစ်အချောထည်စက်ရုံ အလုပ်သမားများနှင့် တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းရာ ညနေ ၅ နာရီခန့်တွင် ယာယီညှိနှိုင်းမှု အဆင်ပြေ၍ အလုပ်သမားများအား တိုးဂိတ်တောင်ဘက် တစ်ဖာလုံခန့်ရှိ ရတနာလက်ာရကျောင်းတိုက်တွင် စခန်းချစေရန် စီစဉ် ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁ ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂ ။ သို့ဖြစ်ပါ၍ (၇-၆-၂၀၁၄) ရက်နေ့တွင် မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သာကေတ၊ ဒဂုံ(အရှေ့)၊ သင်္ဃန်းကျွန်း၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ အလုံ၊ လမ်းမတော်၊ စမ်းချောင်း၊ သန်လျင်၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှည်းကူး၊ အင်းစိန်၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၉ နာရီမှ ၁၅ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃ ။ (၈-၆-၂၀၁၄) ရက်နေ့တွင် မင်္ဂလာတောင်ညွန့်၊ သင်္ဃန်းကျွန်း၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ရွှေပေါက်ကံ၊ ဒဂုံ၊ လမ်းမတော်၊ ကမာရွတ်၊ လသာ၊ သန်လျင်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ အင်းစိန်၊ တိုက်ကြီး၊ ထန်းတပင်၊ ထောက်ကြန့်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၉ နာရီမှ ၁၄:၀၀ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄ ။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အား ပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

မန္တလေးချမ်းအေးသာစံမြို့နယ်၌ မှို့ကြိတ်လုပ်ငန်းမီးလောင်မှုဖြစ်ပွား

မန္တလေး ဇွန် ၆

မန္တလေးချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်လမ်း ၆၀၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား ခတ္တာလမ်းသွယ်ရှိ သွပ်မိုးနံကပ် နှစ်ထပ်အိမ်ရှင် ဦးရာစိန်၏ မှို့ကြိတ်လုပ်ငန်းတွင် ဇွန် ၆ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အောက်ယာပုံ)** ဖြစ်စဉ်မှာ နေလမှို့ကြိတ်လုပ်ငန်းတွင် မှို့ကြိတ်လုပ်ငန်းလုပ်ကိုင်နေကြသော ဝန်ထမ်းများဖြစ်သည့် မနီနီဝင်း (၃၈ နှစ်)၊ မအေးအေးသင်း (၃၇နှစ်)၊ မအေးအေးမိုးတို့သုံးဦးမှာ မှို့ကြိတ်အပူလွန်ကဲကာ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့သုံးဦးမီးခိုးမွန်၍ မီးလောင်ခံရကာ မအေးအေးမိုးမှာ တစ်ကိုယ်လုံး မီးလောင်ခံရကာ စိုးရိမ်ရပြီး မနီနီဝင်းနှင့် မအေးအေးဝင်းမှာ ဒဏ်ရာများရရှိကြသဖြင့် မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီး၌ ဆေးကုသမှုခံယူလျက်ရှိသည်။

မီးလောင်မှုဖြစ်ပွားရာသို့ အမှတ်(၁) တိုင်းဒေသကြီးနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ကွပ်ကဲမှုဌာနခွဲ ညွှန်ကြားရေးမှူး ဦးကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်လှမြင့်၊ တိုင်းမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ရောက်ရှိငြိမ်းသတ်သဖြင့် မီးမှာ နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားခြင်းကြောင့် နေလမှို့ကြိတ်အလုပ်ရုံအတွင်းရှိ မှို့အချို့မီးလောင်ခဲ့ပြီး အသင့်ပြုလုပ်ထားသော ခေါင်းအုံး၊ မွေ့ရာ၊ ဖက်ခေါင်းအုံးအချို့လည်း မီးလောင်ဆုံးရှုံးသွားကာ အခြားနေရာသို့ ကူးစက်လောင်ကျွမ်းမှု မရှိကြောင်းနှင့် မီးလောင်မှုအား သက်ဆိုင်ရာ ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ပျောက်ဆုံး

ကျွန်တော် မောင်ဇော်ဘောက် ၁၂/ဥကတ(နိုင်)၁၆၄၃၅၈ ၏ နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၁-၅၇၈၅၄၂

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၄၄၃၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဥပဒေ

၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေပြဋ္ဌာန်း

၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်)
ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်မည်-

(က) **ဖွဲ့စည်းပုံအခြေခံဥပဒေ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကိုဆိုသည်။

(ခ) **စာချွန်တော်အမိန့်** ဆိုသည်မှာ ရှေ့တော်သွင်းစာချွန်တော် အမိန့်၊ အာဏာပေးစာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်၊ အာဏာပိုင်မေးစာချွန်တော်အမိန့်နှင့် အမှုခေါ် စာချွန်တော်အမိန့်တို့ကို ဆိုသည်။

(ဂ) **ရှေ့တော်သွင်းစာချွန်တော်အမိန့်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတရားရုံးတစ်ရုံးရုံး သို့မဟုတ် အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ထိန်းသိမ်းချုပ်နှောင်ထားသူကို စာချွန်တော်ရုံးသို့ ခေါ်ဆောင်စေပြီး ဥပဒေနှင့်အညီချုပ်နှောင်ထားခြင်း ရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(ဃ) **အာဏာပေးစာချွန်တော်အမိန့်** ဆိုသည်မှာ တရားဝင် အခွင့်အာဏာရှိသူ တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(င) **တားမြစ်စေစာချွန်တော်အမိန့်** ဆိုသည်မှာ တရားရုံး တစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ စီရင်ဆောင်ရွက်မှုတွင် စီရင်ခွင့်အာဏာကျော်လွန်၍ဖြစ်စေ၊ တရားမျှတမှုကိုဆန့်ကျင်၍ ဆောင်ရွက်ခြင်းမပြုရန် ရေးသားထုတ်ပြန်သည့်အမိန့်စာကို ဆိုသည်။

(စ) **အာဏာပိုင်မေးစာချွန်တော်အမိန့်** ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်း တစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဆ) **အမှုခေါ်စာချွန်တော်အမိန့်** ဆိုသည်မှာ တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

(ဇ) **စာချွန်တော်ရုံး** ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုဆိုသည်။

(ဈ) **လျှောက်ထားလွှာ** ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်သွင်းသည့် လျှောက်ထားလွှာကိုဆိုသည်။

(ည) **လျှောက်ထားသူ** ဆိုသည်မှာ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာတင်သွင်းလျှောက်ထားသူများကို ဆိုသည်။

(ဋ) **လျှောက်ထားခံရသူ** ဆိုသည်မှာ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားမှုများတွင် ထိုလျှောက်ထားမှုများနှင့် စပ်လျဉ်းသည့် တိုက်ရိုက်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ပြုလုပ်ဆောင်ရွက်သူ သို့မဟုတ် ပြုလုပ်ဆောင်ရွက်ရန် ပျက်ကွက်သူ ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနများကိုဆိုသည်။

အခန်း(၂)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စာချွန်တော်အမိန့်ဆိုင်ရာ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်-

(က) အောက်ပါစာချွန်တော်အမိန့်များကိုထုတ်ပိုင်ခွင့်အာဏာရှိသည်-
  (၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊
  (၂) အာဏာပေး စာချွန်တော်အမိန့်၊
  (၃) တားမြစ်စေ စာချွန်တော်အမိန့်၊
  (၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊
  (၅) အမှုခေါ် စာချွန်တော်အမိန့်။

(ခ) နိုင်ငံတော်အတွင်း အရေးပေါ်အခြေအနေများ ပေါ်ပေါက်ကြောင်း ကြေညာသည့်ဒေသတွင် စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်များကို ရပ်ဆိုင်းထားရမည်။

(ဂ) အောက်ဖော်ပြပါ အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ချိန်တွင် အများပြည်သူလုံခြုံရေးအတွက် လိုအပ်သည့်ကိစ္စမှတစ်ပါး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၇ ပါ အခွင့်အရေးများ တောင်းခံပိုင်ခွင့်ကို ရပ်ဆိုင်းထားခြင်းမပြုရ-
  (၁) စစ်မက်ဖြစ်ပွားချိန်၊
  (၂) တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ချိန်၊
  (၃) ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်နေချိန်။

အခန်း(၃)
လျှောက်ထားလွှာတင်သွင်းခြင်းနှင့် စိစစ်ခြင်း

၄။ လျှောက်ထားသူသည် ဥပဒေနှင့်အညီ မိမိရထိုက်ခွင့်ရှိသော သက်သာခွင့်ဖြစ်စေ၊ မိမိ၏ နစ်နာဆုံးရှုံးမှုဖြစ်စေ အကြောင်းခြင်းရာများကို ပြည့်စုံစွာ ရေးသားဖော်ပြ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် လျှောက်ထားခြင်းအတွက် ထုတ်ပြန်ထားသည့် စည်းကမ်းများ၊ နည်းလမ်းများနှင့်အညီ လျှောက်ထားလွှာကို တင်သွင်းရမည်။

၅။ လျှောက်ထားလွှာတွင် လျှောက်ထားခံရသူ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် အစိုးရဌာန၏ အမည်နှင့်လျှောက်ထားလွှာနှင့်ဆီလျော်သော စာချွန်တော်အမိန့်တစ်ရပ်ထုတ်ပေးစေလိုကြောင်း ရေးသားဖော်ပြပါရှိရမည်။

၆။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသည်-

(က) လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများနှင့် ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်း ရှိ မရှိစိစစ်ရမည်။

(ခ) ပြည့်စုံမှုမရှိလျှင် ပြည့်စုံစွာဆောင်ရွက်နိုင်ရန် မှတ်ချက်ပြု၍ လျှောက်ထားသူအား လျှောက်ထားလွှာကို ပြန်လည်ပေးရမည်။

(ဂ) ပြည့်စုံမှုရှိလျှင် အထွေထွေမှု ဖွင့်လှစ်ရမည်။

အခန်း(၄)
လျှောက်ထားလွှာ ကြားနာဆုံးဖြတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် စာချွန်တော်အမိန့်များ ထုတ်ဆင့်နိုင်ရေးအတွက် လျှောက်ထားလွှာကြားနာဆုံးဖြတ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) အပြီးသတ် ကြားနာဆုံးဖြတ်ရေးအဖွဲ့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသုံးဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကနဦး ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ၊ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့တွင်ဖြစ်စေ ပါဝင်ခွင့်ရှိသည်။

(ဃ) ပြည်ထောင်စုတရားသူကြီးချုပ်သည် ကြားနာဆုံးဖြတ်ရေးအဖွဲ့အား လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈ ။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားလွှာကို လက်ခံရရှိပါက လျှောက်ထားလွှာပါ အကြောင်းအရာ၊ အချက်အလက်များနှင့် ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို စိစစ်ပြီးလျှောက်ထားသူကို ဆင့်ခေါ်၍ ကြားနာပြီးနောက် လျှောက်ထားလွှာကို လက်ခံခြင်းပြုမပြု အမိန့်ချမှတ်ရမည်။

၉ ။ ကနဦးကြားနာဆုံးဖြတ်ရေးအဖွဲ့က လျှောက်ထားလွှာကိုလက်ခံခြင်းပြုခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လွှဲအပ်စိစစ်ကြားနာစေရမည်။

၁၀။ အပြီးသတ်ကြားနာဆုံးဖြတ်ရေးအဖွဲ့သည် လျှောက်ထားသူနှင့်လျှောက်ထားခံရသူနှစ်ဦးနှစ်ဖက်ကို စိစစ်ကြားနာပြီး အမိန့်ချမှတ်ရမည်။

၁၁။ စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်အတည်ဖြစ်သည်။

အခန်း(၅)
လျှောက်ထားခံရသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ စိစစ်ကြားနာရန် ဆင့်ခေါ်ပါက စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ လာရောက်ရမည်။

၁၃။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ လိုအပ်သည့် စာရွက်စာတမ်း၊ အထောက်အထားများကို စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ လျှောက်ထားခံရသူသည် လျှောက်ထားလွှာပါ စာချွန်တော်အမိန့်တစ်ရပ်ရပ်ကို ထုတ်ပြန်မပေးသင့်ကြောင်း တင်ပြလိုပါက အထောက်အထားများနှင့်အတူ အကျိုးအကြောင်း ရှင်းလင်းဖော်ပြရေးသား၍ စာချွန်တော်ရုံးကြားနာ ဆုံးဖြတ်ရေးအဖွဲ့သို့ တင်ပြရမည်။

၁၅။ လျှောက်ထားခံရသူသည် စာချွန်တော်ရုံးကြားနာဆုံးဖြတ်ရေးအဖွဲ့က တောင်းယူသော အထောက်အထားများနှင့်စပ်လျဉ်း၍ လျှောက်ထားလွှာနှင့်သက်ဆိုင်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ ရယူတင်ပြခွင့်ရှိသည်။

အခန်း(၆)
အထွေထွေ

၁၆။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်တို့နှင့် စပ်လျဉ်း၍ လျှောက်ထားလွှာတင်သွင်းရန် အကြောင်းပေါ်ပေါက်သည့်နေ့မှ နှစ်နှစ်အတွင်း လျှောက်ထားလွှာတင်သွင်းခြင်းမပြုလျှင် စာချွန်တော်အမိန့် ထုတ် ပြန်ခြင်းမပြုရ။

၁၇။ ပြည်ထောင်စုရှေ့နေချုပ်သည် နိုင်ငံတော်ကိုယ်စားဆောင်ရွက်ရန် ကိစ္စဖြစ်ပါက လျှောက်ထားသူဘက်မှဖြစ်စေ၊ လျှောက်ထားခံရသူဘက်မှ ဖြစ်စေ၊ လျှောက်ထားသူနှင့်လျှောက်ထားခံရသူများအပေါ်တွင်ဖြစ်စေ၊ ရုံးသဟာယအဖြစ်ဖြင့်ဖြစ်စေ လျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ စာချွန်တော်လျှောက်ထားမှုများတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိသည်။

၁၈။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် တည်ဆဲနည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ တင်သွင်းသည့် စာချွန်တော်လျှောက်ထားမှုနှင့်စပ်လျဉ်းသောအမှုများကို ဤဥပဒေပါအတိုင်း တရားစီရင်ပိုင်ခွင့်အာဏာများကို သုံးစွဲဆောင်ရွက်ရမည်။

၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ)နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

အလျား ၁၂ ပေရှိ မိကျောင်း ဥမျှားဥနေ

မော်လမြိုင်ကျွန်း ဇွန် ၆

မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု စိန်ပန်းကျေးရွာခွဲနှင့် ဆင်မဝဲချောင်းကျေးရွာခွဲနေ တောင်သူ ဦးစိုးမြင့်သည် ယခုမေလကုန်က ဥယျာဉ်ခြံမြေ ခုတ်ထွင်ရှင်းလင်းစဉ် အလျား ၁၂ ပေခန့်ရှိ အဝါကျားမိကျောင်းမတစ်ကောင် အသိုက်ပြုလုပ်ပြီး ဥမျှား ဥနေကြောင်း တွေ့ရှိရသဖြင့် ရှောက်ချောင်းအုပ်ချုပ်ရေးမှူးထံ သတင်းပေးပို့ခဲ့သဖြင့် ဇွန် ၁ ရက် နံနက်ပိုင်းက ရှောက်ချောင်းအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့က အသိုက်လုပ်ဥ ဥနေသော မိကျောင်းမ၏ လှုပ်ရှားမှုများကို အဝေးမှ သွားရောက်ကြည့်ရှုပြီး ဓာတ်ပုံဖြင့်မှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် ဇွန် ၅ ရက် နံနက် ၈ နာရီခွဲတွင် ရှောက်ချောင်းအုပ်ချုပ်ရေးမှူးထံ နောက်ဆုံးရသတင်းကို ဖုန်းဖြင့်မေးမြန်းခဲ့ရာ "မနှစ်တုန်းကလည်း ဒီနေရာမှာပဲ အသိုက်လုပ် ဥချခဲ့တာပါ။ အဲဒီ မိကျောင်းမက မွေးတဲ့ မိကျောင်းငယ်သုံးကောင်ကို ၂၀၁၃ ခုနှစ် ဇူလိုင်လဆန်းရက်မှာ ဒီနယ်မြေထဲက ရေလုပ်သားတွေ ငါးဖမ်းပိုက်မှာမိလို့ ပြန်လွှတ်ပေးခဲ့ပါတယ်။ ကျေးရွာပြည်သူနှင့်ရေလုပ်သားတွေကိုတော့ အန္တရာယ်မပြုပါဘူး။ ဒီနှစ်လည်း ဦးစိုးမြင့် ဥယျာဉ်ခြံထဲမှာပဲ အသိုက်ကိုက် ဥချတယ်ဆိုတော့ ဒီမိကျောင်းမက ဘယ်မှသွားမှာ မဟုတ်ဘူး။ ဥပေါက်ချိန်သုံးလစလုံး ဒီဥယျာဉ်ထဲမှာပဲ နေမှာပါ။ သူအစာရှာထွက်တဲ့အချိန်မှာ အနီးနားကျေးရွာများဖြစ်တဲ့ ပုဂံပုံ၊ အောင်သုခ၊ ဆင်မဝဲချောင်း၊ ငါးဒန်တစ်ရာနဲ့ဖုန်းဆိုးကျေးရွာများဘက် အချိန်မရွေး လှည့်လည်သွားလာ အစာရှာမှာမို့ ဒေသခံပြည်သူများနဲ့ ရေလုပ်သားများ သတိနဲ့သွားလာကြဖို့ လိုပါတယ်။ ကျွန်တော်တို့လည်း နှိုးဆော်ကြေညာလျက်ရှိနေပါတယ်" ဟု ဦးကျော်စိုးက ပြောပြသည်။

အဆိုပါ ရေချို ရေငန်စပ်ဒေသများဖြစ်သော မော်လမြိုင်ကျွန်းမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့တွင် မိကျောင်းများ ကျက်စားလျက်ရှိရာ ယခုအချိန်တွင် မိကျောင်းများ မိတ်လိုက်ခြင်း၊ အသိုက်ကိုက်ခြင်းနှင့် ဥချခြင်းများရှိနေသဖြင့် ဒေသခံပြည်သူများနှင့်ရေလုပ်သားများ သတိဖြင့် သွားလာလှုပ်ရှားကြရန် လိုအပ်ကြောင်း သိရသည်။ (ဝ၆၅)

လယ်ဝေးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၄ ရက်က ခုတင် ၁၀၀ ဆေးရုံဝင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်၊ ခုတင် ၁၀၀ ဆေးရုံအုပ် ဒေါက်တာ ဒေါ်စုစုထွန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများက စုစုပေါင်းအပင် ၅၀၀ ကို စိုက်ပျိုးကြစဉ်။ ကိုကိုရှုပ

အမျိုးသားလွှတ်တော်စုပေါင်းခန်းမ၌ အပြန်အလှန်ဆွေးနွေးခြင်း ပြုလုပ်

နေပြည်တော် ဇွန် ၆

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံ စုပေါင်းခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းတွင် အပြန်အလှန်ဆွေးနွေးခြင်း (Debate)ကို **“ မြန်မာနိုင်ငံဗျူရိုကရေစီစနစ် ”** စာတမ်းခေါင်းစဉ်ဖြင့် ကျင်းပရာ အမျိုးသားလွှတ်တော် မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ကျော်ဦးလွင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင် စာတမ်းရှင် ဆရာဦးစောမြင့်မောင်က အပြန်အလှန်ဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးရာ စာတမ်းရှင် ဦးစောမြင့်မောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆွီဒင်သံရုံးသစ်ဖွင့်ပွဲနှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံရုံးသစ်ဖွင့်ပွဲအခမ်းအနားနှင့် ဆွီဒင်နိုင်ငံအမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၇ မိုင် အမှတ်(၇)ပြည်သူလမ်းရှိ အဆိုပါ ဆွီဒင်နိုင်ငံသံရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E.Mr.Klas Molin တို့က အမှာစကားပြောကြားကြပြီး ဒုတိယဝန်ကြီး၊ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက သံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လွှတ်တော်ရေးရာကဏ္ဍ

❍ ပြည်ထောင်စုလွှတ်တော်မှ

မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ၊ အာဆီယံ-အိန္ဒိယ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်၏ ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စတို့နှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ခဲ့သည်။

အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်သည့်အခြေပြုစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနိုင်ငံအချင်းချင်း (သို့မဟုတ်) အာဆီယံနိုင်ငံများတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားသားများအပေါ် ကန့်သတ်ထားသည့် စီးပွားရေးလုပ်ငန်းများစာရင်းကို လျှော့ချခြင်း၊ ပယ်ဖျက်ပေးခြင်း၊ ပိုမိုဖြေလျှော့မှုပေးခြင်းစသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေမည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအဖွဲ့ဝင်မဟုတ်သော နိုင်ငံများအကြားတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်ရေးသဘောတူစာချုပ်ကို ပြင်ဆင်သည့် ပထမအခြေပြုစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံနှင့် ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့အကြား ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုသည့် အကျိုးကျေးဇူးကို ရရှိလာမည်ဖြစ်ပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အာဆီယံ-အိန္ဒိယ ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်၏ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် ချုပ်ဆိုခြင်းဖြင့် အာဆီယံနှင့်အိန္ဒိယနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရန် ဖြေလျှော့မှု၊ အဆင်ပြေချောမွေ့မှု၊ ထင်သာမြင်သာရှိမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့ဖြင့် ပြည့်စုံသောရင်းနှီးမြှုပ်နှံမှုဒေသကြီးဖြစ်ပေါ်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးမှုအဆင့်များမတူညီခြင်းကို ထည့်သွင်းစဉ်းစားလျက် အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များအား အထူးအခွင့်အရေးနှင့်မတူညီသော အခွင့်အရေးများပိုင်ဆိုင်စေမည့် အကျိုးကျေးဇူးများကိုရရှိလာမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

အာဆီယံ-အိန္ဒိယဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူစာချုပ်၏ ဝန်ဆောင်မှုကုန်သွယ်ရေးသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် “အာဆီယံ-အိန္ဒိယဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်စာချုပ်” ကို ပြည့်စုံစွာဆောင်ရွက်နိုင်ခြင်း၊ အာဆီယံ-အိန္ဒိယကုန်သွယ်ရေးနယ်ပယ်ကို တိုးချဲ့ဆောင်ရွက်နိုင်ခြင်း၊ ဝန်ဆောင်မှုပေးသူများ အရည်အသွေးတိုးတက်ကောင်းမွန်စေခြင်းနှင့် ယှဉ်ပြိုင်မှု မြင့်မားရေးအတွက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်စေခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရှိရသည်။

ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်က“နိုင်ငံတော်သမ္မတကနေပြီး စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးသဘောတူစာချုပ်တွေ၊ ကုန်သွယ်မှုဆိုင်ရာစာချုပ်တွေ လက်မှတ်ရေးထိုးဖို့ဥပဒေနဲ့အညီ မှတ်တမ်းတင်နိုင်ဖို့ လွှတ်တော်ကို တင်ပြလာခြင်းဖြစ်ပါတယ်။

ဒီလိုလက်မှတ်ရေးထိုးလိုက်တဲ့အတွက် နှစ်နိုင်ငံစီးပွားရေးနဲ့ ကုန်သွယ်မှုတွေ ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ စီးပွားရေးကုန်သည်တွေရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ကောင်းမွန်လာနိုင်ပါတယ်။ ပြည်သူတွေမှာလည်း ဒါနဲ့ပတ်သက်ပြီး အကျိုးခံစားမှုတွေရရှိလာမှာပါ။ အာဆီယံ ကုန်သွယ်မှုဆိုင်ရာတွေလည်း ဆောင်ရွက်နေပါတယ်။ လက်ရှိအာဆီယံဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေရတဲ့အချိန်မှာ ဒီကုန်သွယ်ရေးသဘောတူညီချက် စာချုပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေတာဖြစ်တယ်လို့ယူဆပါတယ်” ဟု ၄င်း၏ အမြင်ကို ပြောပြခဲ့သည်။

ထို့နောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော **စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုပြီး လွှတ်တော်နာယကကယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ အတည်ပြုခဲ့သည့်အချက်များအပါအဝင် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်များအား ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်များအတိုင်း ပြန်လည်အမှတ်စဉ်၍ ပြင်ဆင်ပြီး ဥပဒေအဖြစ် ထုတ်ပြန်နိုင်ရန် နိုင်ငံတော်သမ္မတထံသို့ ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် သဝဏ်လွှာလေးခုအား မှတ်တမ်းတင်ခြင်းနှင့် ဥပဒေကြမ်းတစ်ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

❑ ကျောဖုံးမှ

ဂွမြို့၏အနောက်ဘက် မိုင် ၁၅၀ ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက် ၁၆၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်ဘက် ၂၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့ပြီး ရခိုင်ကမ်းရိုးတန်းနှင့် အလွန်နီးကပ်နေသဖြင့် လိမ္မော်ရောင်အဆင့်သတ်မှတ်ကာ မုန်တိုင်းသတိပေးချက် ထုတ်ပြန်ပေးခဲ့သည်။

ဇွန် ၁၀ ရက်ထိ မိုးလေဝသခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင်မုန်တိုင်းဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသဖြင့် ရခိုင်ပြည်နယ်မှ ပြည်သူများ စိုးရိမ်နေကြသည်။

“မိုးကျနေပြီ။ ရခိုင်ပြည်နယ်မှာ ဒီအချိန်တွေဆို သဘာဝဘေးတွေ စိုးရိမ်ရတယ်။ အထူးသဖြင့် မုန်တိုင်းအန္တရာယ်ပေါ့။ မိုးဦးနဲ့မိုးနှောင်းဆို အထူးသဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းဝင်ရောက်တယ်။ မိုးလေဝသဌာနကလည်း ဒီလအတွင်းမှာ မုန်တိုင်းဖြစ်နိုင်တယ်လို့ ပြောထားတယ်။ ဒါ့ကြောင့် စိုးရိမ်တာပါ။ အထူးသဖြင့်တော့ ကျွန်တော်တို့ဒေသက လူတွေစိုးရိမ်ရတာပေါ့” ဟု မြေပုံမြို့နယ် လွမ်းလုံးပိုက်ကျေးရွာ ရွာသားတစ်ဦးက ပြောပြသည်။

၂၀၁၃-၂၀၁၄ ဘတ်ဂျက်တွင် ရခိုင်ပြည်နယ် မြေပုံမြို့နယ် ငမန်းရဲကျွန်း လွမ်းလုံးပိုက်ကျေးရွာနှင့် ပေါက်တောမြို့နယ် သာစည်ကုန်း (ပုဏ္ဏားချေ) ကျေးရွာများတွင် မုန်တိုင်းခိုအဆောက်အအုံ (Cyclone Shelter) တစ်လုံးစီ တည်ဆောက်ရန် ခွင့်ပြုထားခဲ့ပြီးဖြစ်သည်။ အဆောက်အအုံပုံစံမှာ အလျားပေ ၄၀၊ အနံပေ ၂၀ နှင့် အမြင့် ၂၂ ပေစီရှိသော နှစ်ထပ် အဆောက်အအုံဖြစ်ပြီး အဆောက်အအုံတစ်လုံးလျှင် ကျပ်သိန်း ၃၀၀ စီ ခွင့်ပြုထားကြောင်း သိရသည်။

လူအများသေဆုံးခဲ့

ဤဒေသများသည် မြစ်ချောင်းများပေါများပြီး ပင်လယ်နှင့်အလွန်နီးသောဒေသများဖြစ်သည်။ ကုန်းမြင့်များလည်းမရှိကြောင်း သိရသည်။ ၁၉၆၈ ခုနှစ် မေ ၁၀ ရက်က တိုက်ခတ်ခဲ့သော စစ်တွေမုန်တိုင်းကြောင့် ငမန်းရဲကျွန်းတွင် ကျွန်းလုံးနီးပါး လူအများသေဆုံးခဲ့ဖူးကြောင်း၊ ဂီရိမုန်တိုင်းနှင့် နာဂစ်မုန်တိုင်းအန္တရာယ်များကိုလည်း ခံခဲ့ဖူးကြောင်း မကြာခဏ ရေကြီးမှုများကိုလည်း ခံရကြောင်း ဒေသခံများ၏ ပြောပြချက်အရသိရသည်။

လွမ်းလုံးပိုက်ကျေးရွာအုပ်ချုပ်ရေးမှူးက “ Shelter တော့ဆောက်နေပါတယ်။ ဒါပေမယ့် အခုချိန်ထိမပြီးသေးပါဘူး။ သူတို့ကလည်း ကြိုးကြိုးစားစားတည်ဆောက်နေတာ တွေ့ရပါတယ်။ ရွာသားတွေကတော့ သဘာဝဘေးတွေကို စိုးရိမ်နေကြလို့ အမြန်ပြီးစေချင်နေပါပြီ” ဟု ပြောပြသည်။

“အောက်ခန်း တိုင် ၁၅ လုံးတော့ ထူပြီးပါပြီ။ အမြင့်ကတော့ ၁၁ ပေလောက်ရှိမှာပါ။ ဒီအထပ်ပြီးတာနဲ့ အထက်ထပ်ကို ချက်ချင်းလုပ်မယ်လို့ပြောပါတယ်။ ပန်းရန်လုပ်သားအခက်အခဲကြောင့် နောက်ကျနေတယ်လို့ သိရပါတယ်။ ဒေသခံလူတွေကတော့ အမြန်ပြီးလေ ပိုကောင်းလေပေါ့နော်။ အလုပ်တစ်ခုလုပ်ရင်တော့ လိုအပ်ချက်တွေက အနည်းအများတော့ ရှိမှာပါ” ဟု ယင်းကျေးရွာမှ ကျေးရွာအထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးစံရွှေအောင်က ပြောပြသည်။

ပေါက်တောမြို့နယ်နှင့်မြေပုံမြို့နယ်များသည် ပင်လယ်ကမ်းခြေဒေသများဖြစ်ပြီး မြေနိမ့်ပိုင်းများဖြစ်၍ မုန်တိုင်းခို အဆောက်အအုံများများစွာ လိုအပ်ကြောင်း ဒေသခံများက ပြောပြသည်။

သတိပေးချက်အချိန်မှန်စေချင်

အခုအခါ ရာသီဥတုဖောက်ပြန်မှု (Climate Change) များကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်မှု များပြားလာကြောင်း သိရသည်။ အထူးသဖြင့် ပင်လယ်နှင့်နီးသောဒေသများသည် မုန်တိုင်းအန္တရာယ်၊ ဆူနာမီရေလှိုင်းအန္တရာယ်များကြုံတွေ့လာနိုင်ကြောင်း၊ သို့ဖြစ်၍ မိုးလေဝသ သတိပေးချက်များကို အမြဲနားထောင်ရန် လိုအပ်ကြောင်း သိရသည်။

မေလတွင်းက ဖြစ်ပေါ်ခဲ့သော မုန်တိုင်းတွင် တနင်္သာရီ၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဒေသဆိုင်ရာအာဏာပိုင်များက မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း ရခိုင်ပြည်နယ်တွင် မေ ၂၄ ရက်မှသာ သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ နောက်နောင် မုန်တိုင်းသတိပေးချက်များကို အချိန်မှန်မှန် ကြေညာပေးစေချင်ကြောင်း ဒေသခံများက လိုလားကြောင်းသိရသည်။

အားကစားဝန်ကြီးဌာနပိုင်ပစ္စည်းများကို ဖျက်ဆီးသူများအား အလုပ်နှင့် ထောင်ဒဏ်အမိန့်ချ

နေပြည်တော် ဇွန် ၆

၂၀၁၃ခုနှစ် ဩဂုတ် ၄ ရက်တွင်နေပြည်တော် FC ဘောလုံးအသင်းနှင့် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ် ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်းက ပြစ်ဒဏ်ဘောရရှိသည်ကို နေပြည်တော် FC ဘောလုံး ပရိသတ်များက မကျေနပ်၍ ကွင်းအတွင်းဝင်ရောက်ကာ အားကစားဝန်ကြီးဌာနပိုင် ထိုင်ခုံအလုံး ၁၆၀ ကို ရိုက်ချိုးဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည့် ပျဉ်းမနားမြို့ ဗိုလ်ချုပ်ကုန်းရပ်နေသူများဖြစ်သည့် စိုးမိုးကျော်(ခ)ဖိုးတရုတ်(၂၀နှစ်) (ဘ)ဦးခင်မောင်ဆွေ၊ မျိုးမြင့်ဝေ(ခ)ကိုမျိုး(၂၁နှစ်)(ဘ)ဦးညွန့်ဝေ၊ စိုးသက်ပိုင်(၂၃နှစ်)(ဘ)ဦးဝင်းဦး၊ ပျဉ်းမနားမြို့ ရန်အောင်(၁)ရပ်ကွက်နေသူများဖြစ်သည့် နေလင်းထွန်း(ခ)ကိုလင်း(၂၂နှစ်)(ဘ)ဦးထွေးမောင်၊ နေရှင်းသန့်(၁၈နှစ်)(ဘ)ဦးအေးသက်၊ တင်နိုင်လင်း(၁၈နှစ်)(ဘ)ဦးထွေးမောင်၊ ကိုကိုအောင်(ခ)အောင်အောင်(၁၉နှစ်)(ဘ)ဦးသောင်းထိုက်၊ ထက်အောင်(၂၀နှစ်)(ဘ)ဦးစိုးမြင့်တို့ရှစ်ဦးကို ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆(၁)အရ မေ ၃၀ ရက်က ဇမ္ဗူသီရိမြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

နည်းပြအဖွဲ့ဝင်များသည် MNL ပွဲစဉ်များကို လိုက်လံကြည့်ရှုလျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၄ ခုနှစ်အတွင်း ပထမဆုံးယှဉ်ပြိုင်ခဲ့ရသည့် AFC Challenge Cup ပြိုင်ပွဲတွင် အောင်မြင်မှုမရရှိခဲ့ဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းမှာ အောက်တိုဘာလအတွင်း၌ ဆူဇူကီးဖလားခြေစစ်ပွဲကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၄(စနေနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၀၀ နံနက်ခင်းသတင်း
၇း၂၀ Business News
၇း၄၀ Hyper Sports
၉း၃၀ “ထွန်းတောက်လာမည့်မြန်မာနိုင်ငံစီးပွားရေးအတွက် ဂျာမနီနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံဆောင်ရွက်ချက်” (မြန်မာ-ဂျာမနီ)
၁၀း၁၅ “ ၂၀၁၄ ကမ္ဘာ့ဖလားမိတ်ဆက်” (ပြင်သစ်)
၁၂း၂၅ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃း၁၅ တစ်ပတ်အတွင်းလွှတ်တော်သတင်း
၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရူပဗေဒ၊ ဓာတုဗေဒ၊သင်္ချာအထူးပြုများ) ရူပဗေဒ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၃၅ သက်ဝင်လှုပ်ရှားသတင်းပုံရုပ်များ ရည်ရွယ်ဦးတည်ပြည်သူ့ဆီ
၂၁း၀၀ ဂီတတံခါးလေးဖွင့်ပါဦး

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

ပြည်တွင်းသတင်း

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့ အာဇာနည်ဗိမာန်သို့ သွားရောက်ဂါရဝပြု

ရန်ကုန် ဇွန် ၆

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ ဂါရဝပြုကြသည်။

ဂါရဝပြု

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မိသားစုဝင်များသည် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီး၌ ကျင်းပသည့် ဗုံးပေါက်ကွဲမှုကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် ကိုရီးယားနိုင်ငံသားများအတွက် အထိမ်းအမှတ် ကျောက်သားနံရံဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတော်သီချင်းဖွင့်၍ ဂါရဝပြုအမွှေးတိုင်ထွန်းကာ လွမ်းသူ့ပန်းခွေများချကြသည်။

ယင်းနောက် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားခဲ့ကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Yun Byung-se အာဇာနည်ဗိမာန်တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ ဂါရဝပြုစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်း ရှေ့ပြေးစီမံချက်များ မြို့နယ်သုံးမြို့နယ်တွင် စတင်ဆောင်ရွက်

(ဇွန် ၂၀၁၄)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများတွင် ဥပဒေနှင့်အညီ လွတ်လပ်မျှတ၍ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် မဟာဗျူဟာစီမံကိန်းတစ်ရပ်ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။

ယင်းမဟာဗျူဟာစီမံကိန်းတွင် ပြည့်စုံမှန်ကန်သော မဲစာရင်းပြုစုရေးကို အဓိကရည်မှန်းချက်တစ်ရပ်အဖြစ်ထားရှိကာ ရှေ့ပြေးစမ်းသပ်မှုအစီအစဉ်များကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းများပြုစုခြင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုမီ မတူညီသော အခြေအနေရှိသည့် မြို့နယ်သုံးမြို့နယ်တွင် စတင်စမ်းသပ်၍ အတွေ့အကြုံများရယူသွားမည်ဖြစ်သည်။ ယခုစတင်စမ်းသပ်ဆောင်ရွက်မည့် မြို့နယ်များမှာ ချင်းပြည်နယ်တွင် တီးတိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် အလုံမြို့နယ်နှင့်ကချင်ပြည်နယ်တွင် မြစ်ကြီးနားမဲဆန္ဒနယ်အမှတ်(၁) တို့ဖြစ်ပါသည်။

ယင်းမြို့နယ်သုံးခုကို ရွေးချယ်ရခြင်းမှာ အခြေအနေမတူညီသောနေရာဒေသသုံးမျိုးမှ အတွေ့အကြုံများရရှိလို၍ဖြစ်ပါသည်။ ဥပမာ-တီးတိန်မြို့နယ်သည် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ တိုင်းရင်းသားဘာသာစကားပြောသူများပြားခြင်းနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးခြင်းတို့ကြောင့် ရွေးချယ်ပါသည်။ အလုံမြို့နယ်သည် နေရပ်ဒေသပေါင်းစုံမှ ရွှေ့ပြောင်းရောက်ရှိနေထိုင်ပြီး အလုပ်လုပ်ကိုင်သူများပြားခြင်းနှင့် လူနေထူထပ်ခြင်းတို့ကြောင့် ရွေးချယ်ပါသည်။ မြစ်ကြီးနားမြို့နယ်သည် စစ်ဘေးရှောင်ဒုက္ခသည်များ ရွှေ့ပြောင်းရောက်ရှိမှုနှင့်ဘာသာစကားမတူညီသူ များပြားခြင်းတို့ကြောင့် ထိုမြို့နယ်သုံးခုကို စတင်ရွေးချယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

မဲစာရင်းပြုစုခြင်းလုပ်ငန်း ရှေ့ပြေးစီမံချက်တွင် အောက်ပါအဆင့် (၇) ဆင့်ပါဝင်ပါမည်-

(က) **ပထမအဆင့်** - မဲဆန္ဒရှင်စာရင်းများကို မဲစာရင်းပုံစံ (၁)ဖြင့် ပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ပေးပို့ခြင်း၊ ဤအဆင့်တွင် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲအသီးသီးက မိမိတို့ရပ်/ကျေးအလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသော အိမ်ထောင်စုစာရင်း/လူဦးရေစာရင်းစာအုပ်များနှင့်အတူ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့သွားရောက်သတင်းပို့၍ စာရင်းရေးသွင်း ပြုစုစေမည်ဖြစ်သည်။ (မေလ ၂၀ ရက်တွင် လုပ်ငန်းစတင်ပြီးဖြစ်သည်။)

(ခ) **ဒုတိယအဆင့်** - မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးရှိကွန်ပျူတာတွင် မဲစာရင်းများကို ကွန်ပျူတာစနစ်ဖြင့် ရိုက်နှိပ်ထည့်သွင်းခြင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့်ကွန်ပျူတာကျွမ်းကျင်သူဝန်ထမ်းများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲတို့က ကွန်ပျူတာရိုက်နှိပ်၍ (Database) အတွင်း ထည့်သွင်းစေပါမည်။ (၂၀-၅-၂၀၁၄ မှ ၁၇-၆-၂၀၁၄ ထိ ရက်သတ္တ ၄ ပတ်ခန့် ကြာမြင့်ပါမည်။)

(ဂ) **တတိယအဆင့်** - မဲစာရင်းကြေညာနိုင်ရန် စာရွက်များဖြင့် Printing ထုတ်ခြင်း။

(ဃ) **စတုတ္ထအဆင့်** - Printing ထုတ်ထားသောမဲစာရင်းများကို ကပ်ထားကြေညာ (Display) ခြင်း။ ကွန်ပျူတာဖြင့် ကနဦးစာရင်းသွင်းထားသော မဲစာရင်းများကို ရပ်/ကျေးအလိုက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးနှင့် သင့်တော်ရာနေရာများတွင် ကပ်ထားပေးပြီး မဲစာရင်းလာရောက် ကြည့်ရှုကြရန် အသိပေးလှုံ့ဆော်ပါမည်။ (၂၃-၆-၂၀၁၄ မှ ၇-၇-၂၀၁၄ ထိ ၁၅ ရက်ကြာ ကပ်ထားကြေညာပါမည်။)

(င) **ပဉ္စမအဆင့်** - မဲဆန္ဒရှင်များ၏ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်မှုများကို လက်ခံဆောင်ရွက်ခြင်း၊ မဲစာရင်းတွင် မပါဝင်သေးပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းပါသူ တစ်ဦးဦးကို ကန့်ကွက်လိုပါက ပုံစံ(၄)ဖြင့်လည်းကောင်း၊ မဲစာရင်းပါအချက်အလက်များကို ပြင်ဆင်လိုပါက ပုံစံ(၄-က)ဖြင့်လည်းကောင်း သက်ဆိုင်ရာရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယင်းပုံစံ (၃၊ ၄၊ ၄-က) များကို မြို့နယ်နှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အလွယ်တကူရရှိနိုင်ပါသည်။ (ယင်းသို့ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်ခြင်းကို ၂၃-၆-၂၀၁၄ မှ ၇-၇-၂၀၁၄ အတွင်း ဆောင်ရွက်ကြရန်ဖြစ်ပါသည်။)

(စ) **ဆဋ္ဌမအဆင့်** - မဲဆန္ဒရှင်များ၏တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်မှုများကို လက်ခံ/ငြင်းပယ်အကြောင်းပြန်ခြင်းနှင့် အယူခံဝင်ရောက်ခွင့်ရှိခြင်း။ မဲဆန္ဒရှင်များ၏ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်မှုများကို သက်ဆိုင်ရာရပ်/ ကျေး ကော်မရှင်အဖွဲ့ခွဲက ဥပဒေနှင့်အညီ ချက်ချင်းဆုံးဖြတ်ပြီး မဲဆန္ဒရှင်ထံသို့ နောက်အကျဆုံး ခုနစ်ရက်အတွင်း အကြောင်းပြန်ပါမည်။ ရပ်/ကျေး၏ဆုံးဖြတ်ချက်ကိုမကျေနပ်ပါက သုံးရက်အတွင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံတက်ခွင့်ရှိသည်။ မြို့နယ်ကလည်းယင်းအယူခံလွှာကို ၂ ရက်အတွင်း အဆုံးအဖြတ်ပေးပါမည်။

(ဆ) **သတ္တမအဆင့်** - မဲဆန္ဒရှင်များ၏ တောင်းဆို၊ ပြင်ဆင်၊ ကန့်ကွက်ချက်များအရ မဲစာရင်းကို ပြင်ဆင်/ ဖြည့်စွက် အချောရိုက်နှိပ်၍ ကော်မရှင် Main Server သို့ ပေးပို့စာရင်းထိန်းခြင်း။ ဤအဆင့်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများ၌ နှစ်ပတ်ကြာဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လုံခြုံစွာပို့ဆောင်၍ စနစ်တကျ ထိန်းသိမ်းထားမည်ဖြစ်ပါသည်။(၈-၇-၂၀၁၄ မှ ၂၁-၇-၂၀၁၄ ထိ ခန့်မှန်းပါသည်။)

မှတ်ချက်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား မဲဆန္ဒနယ်အမှတ်(၁)အတွက် ရှေ့ပြေးစီမံချက်လုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇွန်လလယ်ခန့်တွင် ပထမအဆင့်မှ စတင်ဆောင်ရွက်သွားပါမည်။

လူမှုအဖွဲ့အစည်းများအနေဖြင့် ဤရှေ့ပြေးစီမံချက်ဆောင်ရွက်ရာ နေရာသုံးနေရာတွင် မဲဆန္ဒရှင်များပညာပေးခြင်း (သို့မဟုတ်) လုပ်ငန်းစဉ်များဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာခြင်းဖြင့် ပူးပေါင်းကူညီပံ့ပိုးနိုင်ရန် ကော်မရှင်က ဖိတ်ခေါ်ထားပြီးဖြစ်သည်။ လူမှုအဖွဲ့အစည်းများထံမှပူးပေါင်းကူညီရန်လျှောက်လွှာများကို ကော်မရှင်ကလက်ခံလျက်ရှိနေပြီး ယနေ့အချိန်အထိ အဖွဲ့အစည်း ၁၇ ဖွဲ့၏လျှောက်လွှာ ၁၇ စောင်ကိုလက်ခံရရှိခဲ့ပြီး ၁၇ ဖွဲ့လုံးကို စိစစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။ လူမှုအဖွဲ့အစည်းများအနေဖြင့် ရှေ့ပြေးစီမံချက်တွင် မဲဆန္ဒရှင်များပညာပေးခြင်း (သို့မဟုတ်) လုပ်ငန်းစဉ်များဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းဆောင်ရွက်ရန် ကော်မရှင်က အသိအမှတ်ပြုလွှာကို ရယူဆောင်ရွက်လိုပါက info @ uec.gov.mm သို့ ဆက်သွယ်လျှောက်ထားနိုင်သည်။ ကော်မရှင်အနေဖြင့် ရှေ့ပြေးစီမံချက်ဆောင်ရွက်နေသည့်ကာလတစ်လျှောက်တွင် ရပ်ရွာပြည်သူများသိရှိလိုသည်များနှင့် ဆန္ဒသဘောထားများကို စဉ်ဆက်မပြတ်သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများအားလုံးနှင့် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်သည်။

ဤရှေ့ပြေးစီမံချက်၏ မဲဆန္ဒရှင်ပညာပေးခြင်းဆိုင်ရာ အစိတ်အပိုင်းတွင် ပံ့ပိုးကူညီမည့် လူမှုအဖွဲ့အစည်းများအနေဖြင့် ကော်မရှင်နှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး မဲဆန္ဒရှင် စာရင်းဖြည့်သွင်းပြုစုခြင်းလုပ်ငန်းစဉ်များဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားများဖြင့် ပညာပေးခြင်း၊ ပြည်သူများထံ ရောက်ရှိဆက်သွယ်နိုင်ရန် ဒေသခံပြည်သူလူထုက လေးစားယုံကြည်သော ဒေသဆိုင်ရာကွန်ရက်များကို အသုံးပြုခြင်း၊ ဒေသခံပြည်သူများမေးမြန်းသိရှိလိုသည်များနှင့် ပုံစံများကို ဖြည့်သွင်းရာတွင် အကူအညီပေးခြင်းများ ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းစဉ်များ ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာမည့် လူမှုအဖွဲ့အစည်းများအနေဖြင့် အချက်အလက်များထည့်သွင်းမှုလုပ်ငန်းစဉ်များနှင့် မဲဆန္ဒရှင်စာရင်းပေါ်တွင် ဖြည့်စွက်ပြင်ဆင်မှုများပေါ်ပေါက်လာရာတွင် စောင့်ကြည့်လေ့လာမည်ဖြစ်သည်။

ဤမဲဆန္ဒရှင်စာရင်းဖြည့်သွင်းပြုစုခြင်းလုပ်ငန်း ရှေ့ပြေးစီမံချက်ကို ဩဂုတ်လဆန်းပိုင်းတွင် ရန်ကုန်မြို့၌ ကဏ္ဍစုံမှပါဝင်ပတ်သက်သူများဖြင့် တွေ့ဆုံဆွေးနွေးပွဲတစ်ခုပြုလုပ်ပြီး အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ၂၀၁၄ စက်တင်ဘာမှ ၂၀၁၅ နှစ်လယ်ပိုင်းအတွင်း ဆောင်ရွက်ရန် စီစဉ်ထားသည့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းမစတင်မီ လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်စေရန် ဗျူဟာများရေးဆွဲချမှတ်ရန်နှင့် ရရှိခဲ့သော သင်ခန်းစာများကို စုစည်းဆွေးနွေးနှီးနှောဖလှယ်မည်ဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်းလုံးရှိ မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းသည် ပျမ်းမျှအရေအတွက် သန်း ၃၀ ခန့်ရှိသော အမည်များကို ကွန်ပျူတာအချက်အလက်ဘဏ် (Database)အတွင်းသို့ ထည့်သွင်းသိမ်းဆည်းနိုင်ရန်နှင့် မြို့နယ်တစ်မြို့နယ်နှင့် တစ်မြို့နယ်အကြား အမည်တစ်ခုထက်မက ပိုထပ်နေခြင်း၊ အမည်ရွှေ့ပြောင်းခြင်းများကို တိုက်ဆိုင်စစ်ဆေးရာတွင် ပိုမိုလွယ်ကူထိရောက်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

စုံစမ်းမေးမြန်းသိရှိလိုသည်များအားလုံးအတွက်-
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊
ပြင်ပဆက်သွယ်ဆက်ဆံရေးဌာန
ဖုန်း-၀၆၇-၄၀၄၂၂၉ နှင့် အီးမေးလ် -info@uec.gov.mm သို့ ဆက်သွယ်နိုင်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အများပြည်သူ့ဝန်ဆော

နေပြည်

ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီ နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်

သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က နိုင်ငံပိုင်မီဒီယာ၊ ပုဂ္ဂလိကမီဒီယာနှင့် အများပြည်သူ့ဝန်ဆောင်မှုမီဒီယာတို့က ပရိသတ်အပေါ် ရှုမြင်သုံးသပ်မှုကွာခြားပုံကို ရှေးဦးစွာ တင်ပြမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာများအနေဖြင့် ပြည်သူသိရှိစေလိုသည့် အကြောင်းအရာများကိုသာ ဦးစားပေးပါကြောင်း၊ ပုဂ္ဂလိကမီဒီယာများက စီးပွားရေးဈေးကွက်ကိုသာ



မှာပင် ပုံနှိပ်လုပ်ငန်းများတွင် အစိုးရက ဝင်ရောက်စွက်ဖက်လေ့မရှိပေ။ သို့သော် စောင်ရေအနည်းငယ်သာရှိသော သတင်းစာများကို အစိုးရက ထောက်ပံ့ပြီးမီဒီယာဗဟုဝါဒဖြစ်ရန် အားပေးလေ့ရှိသည်။

မြန်မာနိုင်ငံတွင် ပြုလုပ်ရန်ပြင်ဆင်နေသော အများပြည်သူ့ဝန်ဆောင်မှုမီဒီယာပုံစံမှာ နိုင်ငံပိုင်ပုံနှိပ်နှင့် ရုပ်သံမီဒီယာများကိုသာ အသွင်ပြောင်းမည့် ပုံစံဖြစ်နေပြီး မီဒီယာနယ်ပယ်၌ ပြည်သူ့ဘဏ္ဍာငွေဖြင့် အစိုးရက ဝင်ရောက်ချုပ်ကိုင်ကာ မီဒီယာဈေးကွက်ကို လက်ဝါးကြီးအုပ်မည့်ပုံသဏ္ဍာန်ဖြစ်နေသည်။

အများပြည်သူ့ ဝန်ဆောင်မှုဥပဒေကို လက်ရှိအခြေအနေများနှင့် ချိန်ထိုးစဉ်းစားသုံးသပ်ခြင်းမပြုဘဲ အတည်ပြုပါက ထိုဥပဒေသည် ပြည်

Weekly Eleven Journal ၌ ရေးသ စာသားများ။

ရွေးရှုပြီး ပရိသတ်ကို စားသုံးသူ(သို့) ဖောက်သည်များကဲ့သို့ ရှုမြင်ကြပါကြောင်း၊ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာအနေဖြင့် ပြည်သူလူထုကို ဗဟိုပြုပြီး အယုတ်အလတ်အမြတ်မရွေး နိုင်ငံသားများအတွက် ပညာဗဟုသုတတိုးပွားမည့် အစီအစဉ်များ၊ စာရိတ္တ၊ ယဉ်ကျေးမှု၊ အမျိုးသားရေးအကျိုးစီးပွား အစရှိသည်တို့ကိုပါ ဝန်ဆောင်ပေးမည့် မီဒီယာဖြစ်သည့်အပြင် နိုင်ငံသားများ၏ အသံနှင့်ဆန္ဒများကိုပါ ဖော်ဆောင်မည့် မီဒီယာဖြစ်ပါကြောင်း၊ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာကို နိုင်ငံပိုင်မီဒီယာနှင့် ကွဲပြားခြားနားစေရန်အတွက် ဥပဒေနှင့် တိကျစွာ ပိုင်းခြားသတ်မှတ်ထားပြီး ပုဂ္ဂလိက စီးပွားရေး

Weekly Eleven Jour

ဖော်ပြဖြန့်ချိမှုအပေါ် တ

ဥပဒေဘောင်အတွင်းမှ လုပ်

မဆန်စေရန်အတွက်လည်း ဘဏ္ဍာရေးစည်းမျဉ်းအတိအကျ ထုတ်ပြန်ပြီး ထိန်းကျောင်းထားပါကြောင်း။

အများပြည်သူ့ဝန်ဆောင်မှုသည် လူမှုရေးအသိတရားကို အားပေးသည့် သဘောတရား (Social con-science concept) ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် Market drive

...ပြည်သူ့ဝန်ဆောင်မှုသည် လူမှုရေးအသိတရားဦးစားပေးခြင်းဖြစ်၍ မီဒီယာလောကကို လက်ဝါးကြီးအုပ်စရာမလို

နေပြည်တော် ဇွန် ၆

...နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ...ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

...င်းပွဲတွင် ပြန် ...သူ့ဆက်ဆံရေး ...ကြားရေးမှူးချုပ် ...တင်က နိုင်ငံ ...ိကမီဒီယာနှင့် ...င်မှုမီဒီယာတို့ ...ရှုမြင်သုံးသပ်မှု ...၁ တင်ပြမည် ...ပိုင်မီဒီယာများ ...ိရှိစေလိုသည့် ...ကိုသာ ဦးစား ...ဂ္ဂလိကမီဒီယာ ...ျးကွက်ကိုသာ

မရှိပါကြောင်း၊ ထို့ကြောင့် မီဒီယာလောကကို လက်ဝါးကြီးအုပ်စရာလုံးဝမရှိပါကြောင်း။

ကမ္ဘာပေါ်တွင် ပုဂ္ဂလိက စီးပွားဖြစ်သတင်းစာအချင်းချင်း သို့မဟုတ် ပုဂ္ဂလိကသတင်းစာက အများပြည်သူဝန်ဆောင်မှု သတင်းစာကို လက်ဝါးကြီးအုပ်သောဖြစ်စဉ်များသာ အထင်အရှားရှိပါကြောင်း၊ နိုင်ငံတော်က အများပြည်သူ ဝန်ဆောင်မှုကို ထောက်ပံ့ပေးရခြင်းမှာလည်း ယင်းကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်မှုအတွင်းသို့ ရောက်မသွားစေရန် ထိန်းကျောင်း


...းတွင် အစိုးရ ...က်လေ့မရှိပေ။ ...နည်းငယ်သာ ...းကို အစိုးရက ...ဟုဝါဒဖြစ်ရန် ...ပြုလုပ်ရန်ပြင် ...းပြည်သူ့ဝန် ...နိုင်ငံပိုင်ပုံနှိပ် ...းကိုသာ အ ...ဖြစ်နေပြီး မီဒီ ...ည်သူ့ဘဏ္ဍာ ...ရာက်ချုပ်ကိုင် ...ာ်ကို လက်ဝါး ...ဖြစ်နေသည်။ ...ဝန်ဆောင်မှု ...ခြအနေများနှင့် ...ပ်ခြင်းမပြဘဲ ...အသည် ပြည်

ကြားရေးက) တင်ဒါခေါ်တယ် အောင်ထားတယ်။ အဲဒီ ပုံနှိပ်စက်တွေရဲ့ ဈေးနှုန်းကို ပြန်ကြည့်တဲ့အခါမှာ သတ်မှတ်ဈေးနှုန်းထက်ပိုနေတာတွေ တွေ့ပါတယ်။ ဥပမာအားဖြင့် စက်တစ်လုံးက အမေရိကန်ဒေါ်လာ ရှစ်သိန်းဝန်းကျင်ပဲရှိတဲ့စက်မှာ ပြန်ကြားရေးဝန်ကြီးဌာနမှာ တင်ဒါအောင်ထားတဲ့ ဈေးနှုန်းက အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြစ်နေတာမျိုးတွေပေါ့။ တချို့စက်တွေဆိုရင် အမေရိကန်ဒေါ်လာ လေးငါးသိန်းလောက်နဲ့ ပြီးရမယ့်စက်က ဒေါ်လာသန်းကျော်ဖြစ်နေတဲ့အခါကျတော့ အဲဒီကွာဟချက်မှာ ဘယ်လိုခြစားမှုတွေ၊ အလွဲသုံးစားမှုတွေရှိနေသလဲ။ ထိုင်းမှာဆိုရင် ထိုင်းရတ် သတင်းစာက တစ်နေရာထဲမှာပဲ ပုံနှိပ်ပါတယ်။ အချိန်ခွဲပြီး၊

...Eleven Journal ၌ ရေးသားဖော်ပြထားသော

ရှစ်သိန်း ဝန်းကျင်ပဲရှိတဲ့ စက်ဟာ ပြန်ကြားရေးဝန်ကြီးဌာနမှာ တင်ဒါအောင်ထားတဲ့ဈေးနှုန်းက အမေရိကန်ဒေါ်လာ တစ်သန်းကျော်ဖြစ်နေတာမျိုးတွေပေါ့။ တချို့စက်တွေဆိုရင် အမေရိကန်ဒေါ်လာ လေးငါးသိန်းလောက်နဲ့ ပြီးရမယ့်စက်က ဒေါ်လာသန်းကျော်ဖြစ်နေတဲ့ အခါကျတော့ အဲဒီကွာဟချက်မှာ ဘယ်လိုခြစားမှုတွေ၊ အလွဲသုံးစားမှုတွေရှိနေသလဲ ဆိုသည့် ဖော်ပြချက်များအား ရေးသားဖော်ပြခဲ့ပါကြောင်း။

အဆိုပါ ရေးသားချက်သတင်းအမှားများကြောင့် ပြည်သူများအတွင်းတွင် လည်းကောင်း၊ နိုင်ငံရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ဆောင်မှုများအပေါ် အထင်အမြင်လွဲမှားမှုများ၊ သံသယစိတ်များ ပေါ်ပေါက်လာစေနိုင်ပါကြောင်း၊ ထို့ကြောင့် အမှန်တရားကို သိမြင်နိုင်ကြစေရန်အတွက် ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ပြည်သူကို ဗဟိုပြုသည့်မူဝါဒကို အမြဲရှေးရှုဦးတည်ဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ ဤလုပ်ငန်းက လုပ်ဆောင်ချက်အားလုံးသည် ပြည်သူအတွက်သာဖြစ်ရမည်ဆိုသော ရည်ရွယ်ချက်အမြဲထားရှိဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းက နေ့စဉ်ပုံနှိပ်ထုတ်ဝေဖြန့်ချိနေသည့် နေ့စဉ်ထုတ်သတင်းစာများကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါပြောင်းလဲထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်ခဲ့ရာတွင် ယခင်ရှိပြီးဖြစ်သည့် ခေတ်လွန်စက်ပစ္စည်းများနေရာတွင် ခေတ်မီစက်ပစ္စည်းများဖြင့် အစားထိုးလာရပါကြောင်း၊ ယင်းသည်လည်း သဘာဝပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤလုပ်ငန်းက ရောင်စုံပုံနှိပ်စက်များကို ဝယ်ယူရန် သုံးစွဲနိုင်သည့်ဘဏ္ဍာငွေ (Budget)ပေါ် အခြေခံမှုတည်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံလုပ် 4 Hi Tower 2 Unit ရောင်စုံပုံနှိပ်စက်အား အမေရိကန်ဒေါ်လာ ၃၉၅၅၀၀ တန်ဖိုးဖြင့် နှစ်လုံး၊ အမေရိကန်ဒေါ်လာ ၄၁၈၃၆၇ ဖြင့် တစ်လုံးတို့ကို တော်ဝင်မြင့်မိုရ်ကုမ္ပဏီမှလည်းကောင်း၊ ယခုဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၄- ၂၀၁၅ ခုနှစ်မှာ အိန္ဒိယနိုင်ငံလုပ် 4 Hi Tower 4 Unit ရောင်စုံ ပုံနှိပ်စက်တစ်လုံးအား

...စားသုံးသူ(သို့) ...့ ရှုမြင်ကြပါ ...သူ့ဝန်ဆောင်မှု ...ပြည်သူလူထုကို ...အလတ်အမြတ် ...အတွက် ပညာ ...အစီအစဉ်များ၊ ...အမျိုးသားရေး ...ရှိသည်တို့ကိုပါ ...ဒီယာဖြစ်သည့် ...း၏ အသံနှင့် ...ဖော်ဆောင်မည့် ... အများပြည်သူ ...ို နိုင်ငံပိုင် ...ခြားနားစေရန် ...ကျစွာ ပိုင်းခြား ...လိက စီးပွားရေး

ပေးသည့်သဘော၊ လူထုပညာပေးရေးကဲ့သို့သော လူမှုရေးအသိအမြင်ဖြင့် ဝန်ဆောင်မှုပေးရသော လုပ်ငန်းသဘာဝအတွင်းတွင် လွတ်လပ်စွာဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(စီမံ) ဦးဝင်းဇော်ဌေးက ၂၀၁၃ ခုနှစ် ဇွန် ၂ ရက်ထုတ် Weekly Eleven Journal ပါ အများပြည်သူ့ဝန်ဆောင်မှုမီဒီယာဥပဒေက နိုင်ငံပိုင်မီဒီယာများကို သွယ်ဝိုက်သောအားဖြင့် ပြည်သူ့ဘဏ္ဍာငွေ အလွဲသုံးစားမှုပြုလုပ်ရန် ခွင့်ပြုနေသလား ဟူသော မျက်နှာဖုံးသတင်း အတွင်းစာမျက်နှာတွင် ပြန်ကြားရေးဝန်ကြီးဌာနအား

...ly Eleven Journal က မတရားစွပ်စွဲ ရေးသား ...ချိမှုအပေါ် တရားမျှတမှုရရှိအောင် တရား ...တင်အတွင်းမှ လုပ်ဆောင်သွားမည်။

...လည်း ဘဏ္ဍာ ...ကျ ထုတ်ပြန်ပြီး ...ကြောင်း။ ...်ဆောင်မှုသည် ...ကို အားပေး ... (Social con- ...ခွင့် ဆောင်ရွက် ...Market drive

စွပ်စွဲပုတ်ခတ်ထားသည့် ပုံနှိပ်စက်သုံးလုံးကနေ ငါးလုံးအထိ(ပြန်ကြားရေးက)တင်ဒါခေါ်တယ်၊ အောင်ထားတယ်၊ အဲဒီပုံနှိပ်စက်တွေရဲ့ ဈေးနှုန်းကို ပြန်ကြည့်တဲ့အခါမှာ သတ်မှတ်ဈေးနှုန်းထက်ပိုနေတာတွေ တွေ့ပါတယ်။ ဥပမာအားဖြင့် စက်တစ်လုံးကို အမေရိကန်ဒေါ်လာ

အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ ဖြင့် The Printer House ကုမ္ပဏီမှလည်းကောင်း၊ တင်ဒါအောင်မြင်ဝယ်ယူခဲ့ပါကြောင်း၊ ယင်းသို့ဝယ်ယူခဲ့မှုကိုလည်း တင်ဒါစည်းမျဉ်းလုပ်ထုံးလုပ်နည်း အဆင့်ဆင့်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်

ထုခွဲရောင်းချရေးကော်မတီက စနစ်တကျဖြင့် ကုမ္ပဏီများရှေ့မှောက်တွင် ဈေးဆစ်ပြီး အောင်မြင်သောကုမ္ပဏီကို တစ်ထိုင်တည်းကြေညာဝယ်ယူခဲ့ခြင်းဖြစ်ပါကြောင်း၊ တင်ဒါဈေးနှုန်းစိစစ်ခြင်းပြီးသည်နှင့် ပြန်ကြားရေးသောကုမ္ပဏီအားလုံးကို မပျက်မကွက်အသိပေးခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဝယ်ယူရေးလုပ်ငန်းစဉ်များပွင့်လင်းမြင်သာစွာ စနစ်တကျဆောင်ရွက်ခဲ့မှုကို သတင်းထောက်ကြီးများ၊ Media အဖွဲ့တော်သားများ၊ စနစ်ကျင့်သုံးခြင်းသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ပစ္စည်းဝယ်ယူမှုလုပ်ငန်းအားလုံးတွင် ကျင့်သုံးနေသည့်စနစ်ဖြစ်ကြောင်းကိုလည်း တစ်ဆက်တည်း အသိပေးတင်ပြလိုပါကြောင်း။

စက်များဝယ်ယူရာတွင် Weekly Eleven ဂျာနယ်ကဖော်ပြသလို စက်တစ်လုံးအား ဒေါ်လာသန်းချီပြီး ဝယ်ယူခဲ့သော စက်မရှိခဲ့ပါကြောင်း၊ Weekly Eleven ဂျာနယ်မှ တာဝန်ရှိသူများအနေဖြင့် သတင်းအမှန်သိရှိလိုပါက မိမိတို့သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့မေးမြန်း၍ အတည်ပြုချက်များရယူရန် လိုအပ်ပါကြောင်း၊ အတည်ပြုချက် ယူပေးရန်လည်း ယခင်သတင်းစာရှင်းလင်းပွဲများတွင် Mediaများသို့ အသိပေးရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့ဌာနသို့ ဆက်သွယ်၍မရပါကလည်း ပြန်ကြားရေးဝန်ကြီးဌာန Website ရှိ သက်ဆိုင်ရာတင်ဒါပြုလုပ်သောဌာန၏ Webpage တွင် ဝင်ရောက်၍ တင်ဒါအောင်မြင်သောဈေးနှုန်းနှင့် ကုမ္ပဏီများစာရင်းအား ကြည့်ရှုနိုင်ပါကြောင်း၊ ထိုကဲ့သို့အခြေအနေများတွင် ပြည်သူများထင်ယောင်ထင်မှားဖြစ်စေနိုင်သည့် သတင်းများကို


www.moi.gov.mm/npe.cg/content/30/09/2013/id-6428

NPE

မြန်မာ့ကြားရေးဝန်ကြီးဌာန
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
News and Periodical Enterprise

Myanmar3 | Zawgyi

Enter your text here

ပင်မစာမျက်နှာ | သတင်း | ဆောင်းပါး | အယ်ဒီတာ့အာဘော် | ကြေညာချက်/အမိန့်များ | ဓာတ်ပုံ

Home

မြန်မာ့ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် WEB OFFESET MACHINE ဝယ်ယူရေးအတွက် ပစ္စည်းဝယ် ယူမှုစိစစ်ရေးအဖွဲ့မှ ဈေးနှုန်းစိစစ်ရေး တင်ဒါအောင်မြင်ကြောင်း ကြေညာခြင်း

Mon, 09/30/2013 - 20:14 — adminnpe

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း 4 Hi Tower 2 Unit Web Offest ဝယ်ယူရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီက 19-9-2013 ရက်နေ့ ညနေ(0300)နာရီတွင် စိစစ်ရေး အစည်းအဝေးကျင်းပခဲ့ပြီး ... Taw Win Myint Mo ကုမ္ပဏီမှ 4 Hi Tower 2 Unit Web Offest အား USD 395500 နှုန်းဖြင့် တင်ဒါအောင်မြင်ကြောင်း ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်တင်ဒါအောင်မြင်ကြောင်း ကြေညာချက်။

ဝန်ကြီးဌာန Website သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း Webpage တို့တွင် တင်ဒါအောင်သောပစ္စည်းအရေအတွက်၊ ပစ္စည်းတစ်ခုတန်ဖိုးတို့ကို အသေးစိတ်ပွင့်လင်းမြင်သာစွာ ဖော်ပြဆောင်ရွက်နေပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတရုံး၏ ၅-၄-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်ထားသော ပစ္စည်းဝယ်ယူရေးဆိုင်ရာ ညွှန်ကြားချက်အမှတ် ၁/ ၂၀၁၃ ပါ စည်းမျဉ်းစည်းကမ်းအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ပွင့်လင်းမြင်သာစွာလုပ်သည့်အပြင် ဝယ်ယူရေးကိစ္စတိုင်း၏ဝယ်ယူရေး အစည်းအဝေးအစအဆုံးကို CCTV ကင်မရာလေးလုံး၊ ဗီဒီယိုကင်မရာတစ်လုံးနှင့် အရုပ်ရောအသံပါ မှတ်တမ်းတင်ထားပါကြောင်း၊ ယင်းမှာတစ်ချိန်ချိန်တွင်အချင်းများမှု၊ ကန့်ကွက်မှုတစ်ခုခုရှိလာလျှင် အထောက်အထားနှင့် ပြန်ရှင်းနိုင်အောင် လိုအပ်လျှင် တရားရုံးတွင် သက်သေအဖြစ် တင်သွင်းနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်မည့်အကြောင်းကိုလည်း တင်ဒါအစည်းအဝေးတိုင်းတွင် ဝယ်ယူရေးကော်မတီအတွင်းရေးမှူးက တင်ဒါပြိုင်

THE GOVERNMENT OF THE UNION OF MYANMAR
NEWS AND PERIODICALS ENTERPRISE

Supplier : Naph Graphics Pvt. Ltd., India.

Schedule to Contract No.NPE/ NAPH/ FO-8/2013-2014 dated 7-10-2013

Sr. No.	Description of Printing Press	A/U	Quantity	Total Value CIF (Yangon) USD	Shipment Period	Remarks
1.	Brand New Web Offset Press Consisting of : REEL STAND + KONCEPT TOWER(4+4) + FOLDER (Half Page+Quarter Fold) + KONCEPT TOWER(4+4) + REEL STAND + 2X75 HP DC MOTORS CONTROLLED THROUGH SYNCRONIZED SIEMENS DIGITAL DC DRIVE	No.	1	395500.00	Within 3 months After L/C	
				395500.00		
	(USD Three Hundrad Ninty Five Thousand and Five Hundrad Only)					
2.	Spare parts list for above Press Annexure I (b)					
3.	Training as per Annexure IV [4 person (10) days]					

Country of origin : India

Ports of Shipment : New Delhi to Yangon, Myanmar

For NAPH GRAPHICS PVT. LTD.

Mr. Harish Bansal
Managing Director
Naph Graphics Pvt.Ltd.,India

U Kyaw Soe
Managing Director
News and Periodicals Enterprise

Signature of Witness :
Name : U Win Zaw Htay
Designation : Director (Admin)

Signature of Witness :
Name : U Kyaw Zin Soe
Designation : Manager(Production)

ပုံနှိပ်စက် အရောင်းအဝယ် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားမှု။

တက်ရောက်လာကြသည့်ပုဂ္ဂိုလ်များအားလုံး မျက်မြင်ကိုယ်တွေ့ကြည့်ရှုလေ့လာသုံးသပ်ပြီးဖြစ်၍ Weekly Eleven ဂျာနယ်က ဖော်ပြထားချက်များနှင့်လုံးဝကွဲလွဲနေတာကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့တင်ဒါ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် တင်ဒါကိုလည်း လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အများရှေ့တွင် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အပြင် ပုံနှိပ်

ရေးသားဖော်ပြခြင်းသည် စာနယ်ဇင်းကျင့်ဝတ်နှင့် ညီညွတ်ခြင်းမရှိသည့်အပြင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဂုဏ်သိက္ခာကိုထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်သည်ဟု အထင်အမြင်မှားမှုများ ဖြစ်ပေါ်စေနိုင်ပါ

သည်ဟု ရှင်းလင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် Society of Professional Journalists (SPJ) တို့၏ ကျင့်ဝတ်များကိုကြည့်လျှင် Weekly Eleven ဂျာနယ်၏ရေးသားဖော်ပြမှုတို့သည် စာနယ်ဇင်းကျင့်ဝတ်များကို မည်မျှလိုက်နာရန်ပျက်ကွက်နေသည်ကိုတွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) သို့လည်း ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြထားကြောင်းနှင့် စာနယ်ဇင်းကောင်စီအနေဖြင့်လည်း တရားမျှတမှုကို ဖော်ဆောင်ပေးမည်ဟု မျှော်လင့်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။

သတင်းစာ ရှင်းလင်းပွဲတွင် မြန်မာ့ရုပ်ရှင် မြှင့်တင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က (၁၂)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အစည်းအဝေးအားလုံးကို ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ရှိ MICC II ၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးပထမနေ့တွင် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting Responsible for Information-12^{th} SOMRI) ကျင်းပမည်ဖြစ်ပြီး ဒုတိယနေ့တွင် အဆင့်မြင့်အရာရှိကြီးများနှင့်မိတ်ဖက်သုံးနိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting Responsible for Information + 3 -SOMRI+3) ကျင်းပမည်ဖြစ်သည်။ တတိယနေ့ နံနက်ပိုင်းတွင် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အဆင့်အစည်းအဝေး (12^{th} AMRI) ဖွင့်ပွဲနှင့် ပုံမှန်အစည်းအဝေးကျင်းပမည်ဖြစ်ကာ မွန်းလွဲပိုင်းတွင် အာဆီယံ ပြန်ကြားရေးဝန်ကြီးများနှင့် မိတ်ဖက်သုံးနိုင်ငံဝန်ကြီးများအဆင့် အစည်းအဝေး (AMRI+3) ကို ကျင်းပမည်ဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်ရုံးအဖွဲ့များ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များ စုစုပေါင်းအင်အား ၁၀၀ ကျော်တက်ရောက်မည်ဖြစ်ကြောင်း သိရှိရသည်။

အစည်းအဝေး၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံအသိအမြင်မြှင့်တင်ရေးဆိုင်ရာ ပြန်ကြားရေးစီမံကိန်းများ ထိရောက်စွာအကောင်အထည်ဖော်ရေး၊ မိတ်ဖက်သုံးနိုင်ငံနှင့် ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးများကို မြှင့်တင်ရန်၊ အာဆီယံအသိအမြင်မြှင့်တင်ရေးအတွက် မဏ္ဍိုင်သုံးရပ်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်ရေးများ ညှိနှိုင်းရန်၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အာဆီယံပြည်သူများ သိရှိနားလည်ခြင်းဖြင့် ချစ်ခင်ရင်းနှီးမှု မြှင့်တင်ပေးရန်စသည်တို့ဖြစ်သည်။

ထို့နောက် တက်ရောက်လာကြသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်နှင့် ညွှန်ကြားရေးမှူး(စီမံ)ဦးဝင်းဇော်ဌေးတို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

(သတင်းစဉ်)

မြန်အောင်မြို့ နေခြည်ဈေး လေဆင်နှာမောင်းတိုက်ခတ် ဆိုင်ခန်း ၁၃ ခန်း အမိုးများပြုတ်ထွက်ပျက်စီး

မြန်အောင် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် နေခြည်ဈေးမြောက်ဘက်တွင် ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ရာ ဆိုင်ခန်း ၁၃ ခန်း အမိုးများပြုတ်ထွက်ပျက်စီးသွားခဲ့သည်။

မျက်မြင်သက်သေတစ်ဦးက ပြောပြသည်မှာ "ကောင်းကင်ကနေ လေပွေကြီးတစ်ခုကျလာပြီး ယခုအမိုးများပျက်စီးသွားသည့် ဆိုင်တွေက သွပ်မိုးတွေနဲ့ ဒိုင်းတွေမြားတွေ လေတွေနှင့်အတူ ပါသွားတယ်။ ခဏလေးပါပဲ။ ပြီးတော့ မိုးရွာချလိုက်တော့ ဆိုင်ထဲမှာရှိတဲ့ ပစ္စည်းတွေ မိုးစိုကုန်တယ်။ ဆိုင်တွေကလည်း ဆန်ဆိုင်၊ ကုန်စုံဆိုင်၊ အထည်ဆိုင်၊ ဆေးဆိုင်၊ ငါးဖမ်းပစ္စည်းရောင်းတဲ့ဆိုင်နဲ့ ရွှေဆိုင်တွေဖြစ်တော့ အဆုံးအရှုံးတော့ရှိတာပေါ့"ဟု ပြောပြသည်။

ဈေးထဲမှ ဆိုင်ရှင်တစ်ဦး သတင်းပို့သဖြင့် မီးသတ်ဦးစီးမှူး ဦးစိုးနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိလာပြီး ဈေးသူဈေးသားများနှင့် အပျက်အစီးများကို ရှင်းလင်းဆောင်ရွက်ပေးခဲ့သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ဆိုင်ခန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းကာ နေ့ချင်းပြီးဆောင်ရွက်နိုင်အောင်စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဆိုင်ခန်းများ အမိုးများ ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ သွပ် ၂၃ ချပ်၊ သစ် ၀ ဒသမ ၃၂၅ တန်တို့ဖြစ်ပြီး တန်ဖိုးငွေကျပ် သုံးသိန်းခွဲခန့်ရှိမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

နေဝင်းဇော်(မြန်အောင်)

ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေ၌ D-Day အထိမ်းအမှတ် အခမ်းအနားများကျင်းပ

ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် နှစ် ၇၀ မြောက် D-Day နေ့ အခမ်းအနားသို့ စစ်ပြန်များနှင့် ကမ္ဘာ့ခေါင်းဆောင် ၂၀၀၀ နီးပါး တက်ရောက်ခဲ့ကြသည်။

စစ်ပြန်များနှင့် ကမ္ဘာ့ခေါင်းဆောင်များသည် ၁၉၄၄ ခုနှစ်က မဟာမိတ်တပ်ဖွဲ့များ၏ ခြေကုပ်စခန်းတည်ရှိရာ နော်မန်ဒီရှိ ဆွော့ဒ်ကမ်းခြေ၌ စုရုံးခဲ့ကြသည်။

Bayeux အနီး အမေရိကန်စစ်သင်္ချိုင်း၌ကျင်းပသည့် D-Day အခမ်းအနားတွင် ဗြိတိသျှဘုရင်မ အဲလီဇဘတ်က လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့သည်။ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က မိန့်ခွန်းပြောကြားရာ၌ D-Day တွင် ပါဝင်သူတိုင်းသည် သူရဲကောင်းများဖြစ်ကြသည်ဟုဆိုပြီး ပြင်သစ်အနေဖြင့် အမေရိကန်နှင့် သွေးစည်းညီညွတ်မှုကို ဘယ်တော့မှ မေ့ပျောက်မည်မဟုတ်ကြောင်း ပြောကြားသည်။

အစောပိုင်းက Bayeux မြို့အနီး Colleville-sur-mer အမေရိကန် စစ်သင်္ချိုင်း၌ကျင်းပသည့် D-Day နေ့ အခမ်းအနားတွင် အမေရိကန်သမ္မတ အိုဘားမားက

ဘာသာပြန် - ထန်ဆွင်း

နော်မန်ဒီကမ်းခြေ ဒေသများတွင် မိမိတို့ သွေးများဖြင့် မော်ကွန်းတင်ထားသည့် တန်းတူညီမျှမှု၊ လွတ်လပ်ခွင့်နှင့် လူသားတိုင်း၏ ဂုဏ်သိက္ခာ ထိန်းသိမ်းရေး အမေရိကန်၏ ကတိကဝတ်မှာ ထာဝရတည်မြဲမည်ဖြစ်ကြောင်း ပြောကြားသည်။

၁၉၄၄ ခုနှစ် ဇွန်လ ၆ ရက်တွင် အမေရိကန်၊ ဗြိတိသျှနှင့် ကနေဒါ တပ်ဖွဲ့များသည် ဂျာမနီတို့ သိမ်းပိုက်ထားသော ပြင်သစ်နိုင်ငံ မြောက်ပိုင်း နော်မန်ဒီကမ်းခြေဒေသကို ကမ်းတက် တိုက်ခိုက်ခဲ့ကြသည်။

D-Day ပြီးဆုံးသည့်နေ့တွင် မဟာမိတ်တပ်ဖွဲ့က ပြင်သစ်နိုင်ငံတွင် ခြေကုပ်စခန်းတည်ဆောက်ပြီး ၁၁ လအတွင်း ဂျာမနီကို အနိုင်ရခဲ့ပြီး ဆိုဗီယက်တပ်ဖွဲ့များက ဘာလင်မြို့ရှိဟစ်တလာ၏ ခြေကုပ်စခန်းကို သိမ်းပိုက်ခဲ့ကြသည်။

သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

တောင်တွင်းကြီး ဇွန် ၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မြို့ပေါ်ရှိ ၁၀ ရပ်ကွက်သို့ မြို့နယ်စည်ပင်မှ သန့်ရှင်းသော သောက်သုံးရေပေးဝေလျက်ရှိရာ ယခုအခါ ပူပြင်းခြောက်သွေ့သဖြင့် ရာသီဥတုဒဏ်ကြောင့် စက်ရေတွင်းအချို့မှာ ရေထွက်နည်းခြင်း၊ ပျက်စီးသွားခြင်းတို့ကြောင့် မြို့နေပြည်သူများ ရေအခက်အခဲများ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ရေအခက်အခဲနှင့် ကြုံတွေ့နေရသည့်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ စက်ယန္တရားကြီးဖြင့် ဇွန်လ ပထမပတ်ကစတင်ကာ မြို့ရေပေးဝေရေး စက်ရေတွင်းအမှတ်-၅ ဘေးမှကပ်လျက် စက်ရေတွင်းအသစ်တစ်တွင်း တူးဖော်လျက်ရှိရာ ဇွန် ၄ ရက် ညနေ ၆ နာရီက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်

ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ ခရိုင်၊ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူကြွယ်နှင့်အဖွဲ့လိုက်ပါလျက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ **(ဝဲပုံ)**

ယခုဆောင်ရွက်လျက်ရှိသည့် စက်ရေတွင်းများ တူးဖော်ပြီးစီးသွားပါက မြို့ပေါ်ရှိ ၁၀ ရပ်ကွက်တို့မှ ပြည်သူများသန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

(၀၂၁)

သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးဆောင်ရွက်

တန့်ယန်း ဇွန် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးနှင့်ကူးစက်ရောဂါများ မဖြစ်ပွားစေရန်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းတို့ကို မေ ၃၁ ရက် နံနက်ပိုင်းက အမှတ်(၃) ရပ်ကွက်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရပ်ကွက်အတွင်းရှိ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ အဆောက်အအုံများအတွင်း၌ ခြင်နှင့်အခြားရောဂါပိုးမွှားများ ခိုအောင်းမပေါက်ပွားစေရေးအတွက် ကျန်းမာရေးစစ်ဆေးခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များက ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

"ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း"

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် ကြော်ငြာဆိုင်းဘုတ်များကိုလည်း သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျစိုက်ထူထားရှိပြီး အငှားချထားပေးလျှက်ရှိပါသည်။ ထပ်မံချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များအား လုပ်ငန်းဆောင်ရွက်ရန်လျှောက်ထားလိုပါက (၉-၆-၂၀၁၄)မှ (၁၈-၆-၂၀၁၄)ထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ လုပ်ငန်းရေးရာဌာနခွဲ (ကြော်ငြာဌာနစိတ်)တွင် လာရောက်ဆက်သွယ်၍ အသေးစိတ်စုံစမ်းလျှောက်ထားနိုင်ကြောင်းနှင့် ကြော်ငြာဆိုင်းဘုတ်အရေအတွက်နှင့် နေရာဖော်ပြချက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ Website (www.ycdc.gov.mm)၊ စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာန ကြော်ငြာသင်ပုန်းတွင် ကြည့်ရှုနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်မျိုးကျော် ဟိန်း ၁၂/ပဘတ(နိုင်)၀၃၄၈၉၅ (ဘ-ဦးမောင်မောင်လေး)သည် မိခင်၏ ဆိုဆုံးမမှုကို လက်မခံဘဲ မိမိသဘောအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပြီဖြစ်၍ နောက်နောင်၎င်း၏ ပတ်သက်ကိစ္စများ လုံးဝမသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

မိခင်-ဒေါ်မေမေကြည်
၁၂/ပဘတ(နိုင်)၀၂၈၅၄၀

အမည်ပြောင်း

ဦးစိန်ဝင်းမော်၏သမီး မလင်းလက်အောင်အား ယနေ့မှစ၍ မအေးချမ်းမော် (မွေးသက္ကရာဇ် ၅-၇-၂၀၀၆) ဟု ပြောင်းလဲခေါ်ပါရန်။

မအေးချမ်းမော်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ပြည်သူဗဟိုပြု ကျေးရွာစီမံကိန်းများကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အီတလီဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်သာလန်နိုင်ငံအခြေစိုက် Oxfam Novib တို့ ပူးပေါင်း၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အထောက်အကူပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူညီမှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၇ နာရီတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းများသည် အပြန်အလှန် ဆက်နွယ်နေသည့်အတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် မဟာဗျူဟာမြောက် စီမံချက်များအတွက် အထောက်အကူပြုမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို အလှူရှင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းရေးဆွဲနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးရွာပေါင်း ၁၁၅၀ တွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထူထောင်၍ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အလားတူ ပြည်သူဗဟိုပြုကျေးရွာစီမံကိန်းများကို ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အီတလီဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

Oxfam Novib ၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများတွင် စွမ်းဆောင်ရည်မြင့် သင်တန်းများ၊ စွန့်ဦးတီထွင်နည်းပညာများ၊ ရန်ပုံငွေ စီမံခန့်ခွဲမှုနည်းပညာများကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးကြိုးပမ်းမှုတွင် သမိုင်းမှတ်ကျောက်တင်ခံရမည့် ဆောင်ရွက်မှုဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် Oxfam Novib မှ Associate Country Director Mrs. Clarita Benzon က စီမံကိန်းနှင့် ပတ်သက်သည့် အကြောင်းအရာများ ကို ရှင်းလင်းပြောကြားပြီး အမိမြေစိမ်းလန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် Oxfam Novib မှ တာဝန်ရှိသူများက သဘောတူညီမှုစာချွန်လွှာ (LoA)ကို လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိုင်ကယ်လိုင်စင်များ နေ့ချင်းပြီးဆောင်ရွက်

ကျောက်တံခါး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် တိုင်းလက်ထောက်အင်ဂျင်နီယာ ဦးတင်ဝင်း ဦးစီးအဖွဲ့သည် ဇွန် ၅ ရက် နံနက် ၈ နာရီက ကျောက်တံခါးမြို့စည်ပင်သာယာခန်းမတွင် မော်တော်ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေးခြင်းလုပ်ငန်း (One Stop Service) ကို နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်လိုင်စင်ပြုလုပ်ရာတွင် ကညနမှဦးဆောင်၍ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်အဖွဲ့တို့မှ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှလည်း စည်ပင်ကြီးကြပ်အခွန်များ ကြီးကြပ်ကောက်ခံလျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

မြန်မာ့ဂုဏ်ရည်လမ်း ရေမြောင်းမပြီးစီးသေး၍ ပြည်သူများစိုးရိမ်

ရန်ကုန် ဇွန် ၆

မိုးသည်းထန်စွာရွာတိုင်း လမ်းပေါ် ရေကြီးရေလျှံရုံမကဘဲ လူနေအိမ်ခန်းများအတွင်း ရေများဝင်ရောက်လေ့ရှိသော မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးရပ်ကွက်များကို ရေကြီးရေလျှံမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)မှ အမြင့်ပိုင်းဖြစ်သော တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်အတွင်းရှိ ရေမြောင်းများမှ စီးဝင်လာသောရေများကို မန္တလေးလမ်း၊ မြန်မာ့ဂုဏ်ရည်လမ်း ရေမြောင်းကြီးများမှတစ်ဆင့် စီးဆင်းသွားစေရန် ဖြစ်သော်လည်း ရေနုတ်အား မနိုင်နင်းမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု အင်ဂျင်နီယာတစ်ဦးက ဆိုသည်။

ယင်းအတွက် ၂၀၁၄ ခု နှစ်ဦးဇန်နဝါရီလမှစတင်၍ မတ် ၃၁ ရက်နေ့ နောက်ဆုံးထား သတ်မှတ်ကာ အရှည်ပေ ၉၀၀ ကျော်ရှိ သိမ်ဖြူလမ်းမှ မန္တလေးလမ်းအထိ မြန်မာ့ဂုဏ်ရည်လမ်း မြောက်ဘက်ခြမ်းကို အကျယ်ငါးပေ၊ အနက် ငါးပေရှိ ကွန်ကရစ်အုတ်စီရေမြောင်းသစ်ကြီး တူးဖော်၍လည်းကောင်း၊ မန္တလေးလမ်းမှ အထက်ပန်းဆိုးတန်းလမ်းအထိ အရှည်ပေ ၉၀၀ ကျော် မြန်မာ့ဂုဏ်ရည်လမ်း တောင်ဘက်ခြမ်းကိုလည်း မြေနေရာအနေအထားပေါ်မူတည်၍ အကျယ်ငါးပေ (သို့မဟုတ်) လေးပေနှင့်ရေစီးမြောင်းအနက်ကို ငါးပေထိ စက်ယန္တရားအင်အားဖြင့် တူးဖော်ခဲ့သည်။ မကြာသေးမီက သည်းထန်စွာမိုး နှစ်ကြိမ်ရွာသွန်းခဲ့သဖြင့် အပြီးမသတ်ရသေးသော ရေမြောင်းကြီးအတွင်း ရေများပြည့်လျှံနေမှုကြောင့် ရေမြောင်းလား၊ လမ်းမြေသားလား မသဲကွဲဘဲ ရေမြောင်းအတွင်း မတော်တဆပြုတ်ကျမည်ကို ပြည်သူအများစိုးရိမ်ပူပန်လျက်ရှိကြသည်။ မေ ၁၄ ရက် မိုးရွာရေကြီးရေလျှံဖြစ်စဉ်က မြန်မာ့ဂုဏ်ရည်လမ်းနှင့် မန္တလေးလမ်းအနီးရှိ ဆေးဆိုင်သို့ ဆေးလာဝယ်သူ လူရွယ်တစ်ဦး ရေပြည့်လျှံနေ၍ လမ်းသားထင်မှတ်ကာ လမ်းလျှောက်ရာမှ ရေမြောင်းထဲပြုတ်ကျသဖြင့် အနီးဝန်းကျင်မှလူများ ဝိုင်းဝန်းဆယ်ယူလိုက်ရသည့်ဖြစ်စဉ်တစ်ခုလည်း ပေါ်ပေါက်ခဲ့သည်။

အချုပ်ဆိုရသော် မြန်မာ့ဂုဏ်ရည်လမ်းတစ်လျှောက် ကွန်ကရစ်ရေမြောင်းတည်ဆောက်မှုနှင့် အဖုံးများခင်းမှုများ**(ဝဲပုံ)** မိုးရာသီ ဇွန်လရောက်သည့်တိုင် မပြီးစီးသေး၍ နေ့စဉ်ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူများ၊ ရဟန်းရှင်လူများ မတော်တဆအန္တရာယ်ကျရောက်မည့်အရေး ပြည်သူများစိုးရိမ်ပူပန်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးကြေညာခြင်း

ကွယ်လွန်သူ ဒေါက်တာနော်မာစောတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၈၀ဘီ/၂၊ မြေဧရိယာ ၀ ဒသမ ၁၄၄ဧကရှိ မြေပိုင်မြေကွက်နှင့် ဒေါက်တာနော်မာစောအပါအဝင် မောင်နှမသုံးဦးအမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၈၀ဘီ/၁၊ မြေဧရိယာ ၀ ဒသမ၆၃၁ဧကရှိ မြေပိုင်မြေကွက်နှစ်ကွက်တို့နှင့်စပ်လျဉ်း၍ ဒေါက်တာနော်မာစော၏ အမွေပစ္စည်းများကို တစ်ဦးတည်းအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ဦးကျော်ညိမ်းနှင့် ဒေါက်တာနော်မာစောတို့၏ တစ်ဦးတည်းသောသမီးအရင်းဖြစ်သူ ဒေါ်မြမြအေး ၁၂/ကမရ(နိုင်)၀၂၇၈၉၈နှင့် ဒေါ်မြမြအေးအပါအဝင် မိသားစုလေးဦးတို့၏ ကတိပြုချက်အရ ဒေါ်မြမြအေး၏ အမွေမှုအမှန်အတိုင်း အနိုင်ရရှိရေးအတွက် ငွေကြေးအမြောက်အများ အကုန်အကျခံလျက် (၆)နှစ်ကြာ ဆောင်ရွက်ပေးခဲ့သူ ဦးကိုထွန်း ၁၂/မရက(နိုင်)၁၅၇၆၆၂ တို့အကြား ဖြစ်ပွားလျက်ရှိသော ကတိပဋိညာဉ်ဆိုင်ရာ ငွေကြေးကိစ္စများကို တရားနည်းလမ်းတကျ ရှင်းလင်း၍ မပြီးပြတ်မီ မည်သူမဆို အဆိုပါမြေကွက်နှစ်ကွက်အား ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းစသည်တို့ကို မပြုလုပ်ကြရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

ဦးကိုထွန်း၏ ညွှန်ကြားချက်အရ-

မန်းဟန်တင် B.A, D.S,R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၀၆၁)
တိုက် ၁၂၊ အခန်း ၅၊ ရန်ကင်း၊ ရန်ကုန်

လေလံကြော်ငြာ

၁။ တပ်မတော်(ရေ)တွင် အသုံးမပြုတော့သည့် ထောက်ပံ့ရေးရေယာဉ် (၆၁၄)၊ ရန်နိုင်ရေယာဉ်(၅၁၃)နှင့်(၅၁၄)တို့အား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ပစ္စည်းတည်ရှိရာနေရာ** - ထောက်ပံ့ရေးရေယာဉ်(၆၁၄)၊ အမှတ်(၃၆) စစ်ရေယာဉ်စု၊ ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ရန်ကုန်မြို့။
- ရန်နိုင်(၅၁၃)၊ အမှတ်(၅၇)၊ ရေတပ်အခြေစိုက်စခန်း၊ တနင်္သာရီရေတပ် စခန်းဌာနချုပ်၊ ကျွန်းစုမြို့။
- ရန်နိုင်(၅၁၄)၊ အမှတ်(၅၆)၊ စစ်ရေယာဉ်စု၊ တနင်္သာရီရေတပ်စခန်းဌာနချုပ်၊ ကျွန်းစုမြို့။

(ခ) **လေလံတင်ရောင်းချမည့် ရက်/အချိန်** - ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်၊ ၀၉:၀၀နာရီ

(ဂ) **လေလံတင်ရောင်းချမည့် နေရာ** - ဟောပြောခန်းမ၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အထက်ပါရေယာဉ်များအား စိတ်ဝင်စားသူများသည် ၉-၆-၂၀၁၃ရက်မှစ၍ ၁၁-၆-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်း ရေတပ်ပင်မပစ္စည်းထိန်းတပ်နှင့် ဖုန်း-၀၃၁-၃၁၈၈၇၊ ၀၉-၅၁၈၆၀၂၉၊ ၀၉-၃၁၆၈၉၂၉၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (L 17 - ၆၀) ၊ မြေကွက်အမှတ် (၂၀၃၀) အကျယ်အဝန်း (၄၀ပေ×၆၀ပေ) ရှိ ဦးရည်မွန်(၁၂/အစန(နိုင်)၁၀၅၄၄၁) အမည်ပေါက်ပါမစ်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ကြောင်း အဆိုပြုသူ ဦးမြင့်ဦး(၁၂/ပဘတ(နိုင်)၀၀၇၃၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည် အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၀-၆-၁၄)ရက်နေ့မတိုင်မီလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၁၆

ပြင်ဆင်ဖတ်ရှုပါရန်
၂၈.၅.၂၀၁၄ ပါ ကြော်ငြာချက်တွင် ကျောက်စိမ်းဗိသင်ကျောက်ဗျက်ကုမ္ပဏီလီမိတက်အစား ကျောက်စိမ်းဗိသင်ကုမ္ပဏီလီမိတက် 1932 (2007-2008)ဟုပြင်ဆင်ဖတ်ရှုပါရန်။
ဖုန်း ၀၉-၄၉၂၄၄၉၂

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ တိုက်အမှတ် ၂၂၈/၂၃၀၊ ဒုတိယထပ်၊ ဘယ်ဘက်ခန်း (ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်းဖြင့် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ညွန့်တင် ၁၁/စတန(နိုင်)၀၀၇၈၅၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (L 17 - ၆၀) ၊ မြေကွက်အမှတ် (၂၀၂၉) အကျယ်အဝန်း (၄၀ပေ×၆၀ပေ) ရှိ ဦးတင်ထွန်းအောင် (၁၂/မရက(နိုင်)၀၅၀၄၈၉) အမည်ပေါက်ပါမစ်မြေကွက် နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ကြောင်း အဆိုပြုသူ ဦးမြင့်ဦး(၁၂/ပဘတ(နိုင်)၀၀၇၃၂၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည် အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၀-၆-၁၄)ရက်နေ့မတိုင်မီလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး	ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, Dip.CA, WIPO	LL.B, D.B.L, D.I.L, D.M.L, WIPO
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၅၂)	တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm

အမှတ် (၁၀၅၊၁၀၇) ၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ (ဦးချစ်မောင်အိမ်ရာရှေ့)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၅၀၆၁၄၆ ၊ ၀၉၄၅၀၀၁၇၁၁၆

ခင်ပွန်းအဖြစ်မှ လုံးဝမသက်ဆိုင်ကြောင်း

ကျွန်ုပ်၏အမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တိုက်အမှတ် ၈၇၂၊ အခန်း ၂၀၁နေ မဖြူဖြူခိုင် ၁၂/သလန(နိုင်)၁၂၉၀၂၃သည် မောင်မိုးသီဟလင်း(ဘ) ဦးခင်မောင်ဝင်း၏ တရားဝင်ဇနီးမယားအဖြစ်မှ ကြော်ငြာပါသည့်ရက်မှစ၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကာယကံရှင် မဖြူဖြူခိုင်၏ လွှဲပြောင်းတာဝန်ပေးအပ်ချက်အရ-

ဒေါ်အေးသန္တာ	**ဒေါ်နှင်းနှင်းအေး**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၃၉၂၆၃)	**(စဉ်-၂၄၁၅၁)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖျူးမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ကြံရာသီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

ဖြူး ဇွန် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကြံစိုက်စခန်းနယ်မြေငါးခုတို့မှ ၂၀၁၄-၂၀၁၅ ခုနှစ် ကြံစိုက်ရာသီအတွက် ကြံတောင်သူများ စိုက်ပျိုးခဲ့ကြသည့် ကြံစိုက်ခင်းများမှာ ယခုအချိန်တွင် စိမ်းညိုမည်းမှောင်လျက် အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရသည်။

ဖြူးမြို့နယ်တွင် ကြံစိုက်စခန်းနယ်မြေများဖြစ်ကြသည့် ရေသျှံကြီး၊ ညောင်ပင်သာ၊ ချင်းခင်၊ အမဲခေါင်၊ ဇီးကုန်းစသည့် နယ်မြေငါးခုတို့မှ ကြံစိုက်တောင်သူများ ကြံစိုက်ဧကများ ယမန်နှစ်ကထက် စိုက်ဧကတိုးချဲ့စိုက်ပျိုးခဲ့ကြရာ ကြံစိုက်ဧကပေါင်း ၂၄၇၁ ဧကအထိ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုနှစ် ကြံစိုက်ရာသီတွင် ကျောက်တံခါးမြို့နယ်နှင့် ကျောက်ကြီးမြို့နယ်တို့မှ ကြံတောင်သူများကလည်း ကြံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

"ကြံစိုက်တာက ကျုပ်တို့တောင်သူများအတွက် ဈေးနှုန်းသေချာရေရာပြီး တွက်ခြေကိုက်ပါတယ်၊ စပါးက ဒီနှစ်မိုးခေါင်တော့ အထွက်နှုန်းမသေချာသလို ဈေးနှုန်းကလည်းမသေချာပါဘူး၊ ကြံကြတော့ တစ်တန်ကို စက်ရုံအရောက် ၄၀၀၀၀ ရပါတယ်၊ ကြံတစ်ဧကကို အနည်းဆုံးတန် ၃၀ ကျော်ထွက်လို့ ကျွန်တော်တို့ ကြံတောင်သူများ တွက်ခြေကိုက်ပါတယ်"ဟု ဖြူးအနောက်ဘက်တွင် စပါးနှင့် ကြံနှစ်မျိုးလုံးစိုက်ပျိုးသူ တောင်သူ ဦးသန်းထွန်းက ပြောပြသည်။

ဖြူး-မြင့်ဦး

မင်းပြားမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆောင်ရွက်

မင်းပြား ဇွန် ၆

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားမှု မင်းပြားမြို့နယ်ကျန်းမာရေး ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ မင်းပြားမြို့ရှိ ဈေးဟောင်းပိုင်းရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက်နှင့် အောက်ရွာပိုင်းရပ်ကွက်များတွင် ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်နယ် ကျန်းမာရေးမှ ဦးသိန်းညွန့်(ငှက်ဖျားမှူး)၊ မင်းပြားမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးတင်လှိုင်(ကျန်းမာရေးမှူး-၁)တို့ ဦးဆောင်လျက် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက် အထောက်အကူပြုကော်မတီဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ကြီးကြပ်၍ ကျန်းမာရေး ပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းနှင့် ရပ်ကွက်ပတ်ဝန်းကျင် ခြင်ဆေးဖျန်းခြင်း လုပ်ငန်း ဆောင်ရွက်ခြင်းများကို ပြုလုပ်ခဲ့သည်။

မင်းပြားမြို့နယ်တွင် ၂၀၁၃ ခုနှစ်ထက် ၂၀၁၄ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ပိုမိုဖြစ်ပွားနေပြီး သေဆုံးမှုမရှိကြောင်း သိရသည်။ ဤသို့ဖြစ်ရခြင်းမှာ မင်းပြားမြို့နယ်တွင် နွေရာသီက ရေအလွန်ရှားပါး၍ ရေများသိုလှောင်ကြရာ စနစ်တကျ ရေသိုလှောင်မှု မရှိခြင်းကြောင့် ခြင်ပေါက်ပွားပြီး ပိုမိုဖြစ်ပွားရခြင်း ဖြစ်ကြောင်း သိရသည်။

မင်းပြားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှထွန်းဇော်က ပြောကြားရာတွင် "မင်းပြားမြို့ပေါ်ရပ်ကွက်တွေကစပြီး ဖြစ်တာပါ။ ဒီနှစ်ဧပြီလနောက်ဆုံးပတ်မှ ဇွန်လပထမပတ်ထိ သွေးလွန်တုပ်ကွေးလူနာ ၂၀ မှ ၃၀ ကြားရှိပါတယ်။ ဒါကသာမန်ဖြစ်တဲ့ လူနာတွေကိုပါထည့်ပြီး ပြောတာပါ။ မေ ၂၉ ရက်ထိစစ်တွေဆေးရုံကြီးသို့ သုံးဦးလွှဲပြောင်းပေးခဲ့ရပါတယ်။ ယခုအခါ ဖြစ်ပွားမှုလျော့ကျသွားပါပြီ။ ကျွန်တော်တို့အနေနဲ့ ကာကွယ်ရေးလုပ်ငန်းတွေကို အမြဲဆောင်ရွက်ပေးနေပါတယ်" ဟု ပြောပြသည်။

မင်းပြားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးလက်တောရွာများတွင်လည်း ဆက်လက်ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ကိုကြီးစော

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၅၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၁၇၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၉၈၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၆။	ပုစွန်ထုပ်	တစ်ပိဿာ	၉၀၀၀-၁၅၅၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၈-၉၇၅
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၃၅
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၁.၅
အိန္ဒိယ	တစ်ရူပီး	၁၅-၁၆
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၀၅-၃၁၀

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၀၀၀၀-၂၀၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၄၅၀၀-၂၈၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၅၅
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၂၅-၄၉၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၀၀-၁၅၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၃၀၀
အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀-၆၄၀
ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၂၀၀-၂၄၀၀
ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၂၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-စေ့စပ်ပြင်ဆင်သည်။

ဦးသက်ထွန်း (မြေရှင်) ၉/မနမ(နိုင်)၀၈၄၈၃၄ ၏ "PENT HOUSE" နှင့် ပတ်သက်၍ အများသိစေရန်ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းချက်

၁။ အမှတ်-၂၉ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ "PENT HOUSE" အခန်းအား ကျွန်မ ဒေါ်အေးမိမြင့်ဝေမှ ၂၀၀၉ ခုနှစ်၊ တိုက်ဆောက်စဉ်ကာလကပင် ကြိုပို့ငွေပေး၍ အပျောက်စနစ်ဖြင့် ဝယ်ယူခဲ့ပါသည်။
၂။ မူလအတိုင်းအတာ ထက် ကျော်လွန်ဆောက်လုပ်ထားခြင်းသည် မိမိဝယ်ယူသူဖြစ်သော ဒေါ်အေးမိမြင့်ဝေနှင့် သက်ဆိုင်ခြင်းမရှိဘဲ ကန်ထရိုက်တာနှင့် မြေရှင်တို့သာ သက်ဆိုင်ပါသည်။
၃။ လက်ဝယ်ရရှိသည်မှ နေထိုင်စဉ် (၃)နှစ်နီးပါးအတွင်း တစ်ကြိမ်တစ်ခါမှ လာရောက်၍ ကန့်ကွက်ခြင်းမရှိဘဲ ယခုကဲ့သို့ ရောင်းချချိန်မှသာ လာရောက်ကန့်ကွက်နေကြောင်းတွေ့ရပါသည်။
၄။ သို့ပါ၍ ကျွန်မ၏ တရားဝင်လက်ဝယ်ပိုင်ဆိုင်သော "PENT HOUSE" အခန်းအား ထိပါးနှောင့်ယှက်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်သည်။ မိမိအခန်းအား စိတ်ကြိုက်စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း မြေရှင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။
ဒေါ်အေးမိမြင့်ဝေ
၁၂/ဝဓတ(နိုင်)၀၀၄၉၇၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၃၈၉(က)၊ မြေကွက်တည်နေရာ အမှတ် ၃၈၉(က)၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ ၉ လမ်း ဦးတင်ငွေ ၁၂/သကတ(နိုင်)၁၀၈၆၄၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ ဧရိယာ ပေ(၂၀×၆၀)ရှိ မြေကွက်၏ မခွဲမစိတ်ရသေးသော အစိတ်အပိုင်းမြေကွက်ကြီး၏ ခေါင်းရင်းခြမ်း၊ အလျား ၁၀ပေ× အနံပေ ၆၀ရှိမြေကွက်အား ဦးတင်ငွေ(ကွယ်လွန်)၏ သားသမီးများဖြစ်သည့် (၁) ဦးခင်စိုး ၁၂/သကတ(နိုင်)၁၀၈၁၅၀၊ (၂) ဦးဝင်းနိုင် ၁၂/သကတ(နိုင်)၁၃၁၄၁၇၊ (၃) ဦးမြင့်စိုး (ကွယ်လွန်)၏ ဇနီး ဒေါ်ခင်သန်းမျိုး ၁၂/သကတ(နိုင်)၁၁၃၇၃၃ အမွေဆက်ခံခွင့်ရှိသူတို့က ဖခင်ဖြစ်သူ ဦးတင်ငွေ၏ အမည်ပေါက်ဂရန်မူရင်းနှင့်တကွ အိမ်မြေအား လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိ၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သင်းသင်းဆွေ
အထက်တန်းရှေ့နေ (စဉ်-၃၇၈၃၈)
အမှတ် ၂၉၁၊ သီရိမွန်လမ်း၊ ၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၁၅၇၁၃၂

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဆိုင်ကယ်ခိုးမှုကျူးလွန်သူခြောက်ဦးနှင့် သက်သေခံဆိုင်ကယ် ၁၁ စီး ဖမ်းဆီးရမိ

မန္တလေး ဇွန် ၆

မန္တလေးမြို့ပေါ်တွင် ဖြစ်ပွားခဲ့သော ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်နိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ ရဲအုပ်ရဲမြင့် ဦးစီးအဖွဲ့သည် သတင်းစုံစမ်းခဲ့ပြီး ဆိုင်ကယ်ခိုးမှုကျူးလွန်သူခြောက်ဦးနှင့် သက်သေခံဆိုင်ကယ် ၁၁ စီးကို ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အရေးယူ

ဆိုင်ကယ်ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ရဲဝင်း၊ သီဟနိုင်(ခ)တွတ်ပီတို့ကို မေ ၂၂ ရက်ကလည်းကောင်း၊ ယခင်က ခိုးမှုဖြင့် ပြစ်ဒဏ်ကျခံပြီး ထုံးဘို (၂) ရဲဘက်စခန်းမှ ထွက်ပြေးလာသူ ဇော်မင်းသူ (ခ) တရုတ်ကြီး(ခ)လက်ပုအား ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းလမ်းဆုံ၌ ဖမ်းဆီးရမိပြီး စစ်ဆေးခဲ့ရာ ၎င်းနှင့်အတူ ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားသူများဖြစ်သည့် ပြည့်ဖြိုးမောင်(ခ)ပြူးကျယ်၊ ကျော်ဇေယျာထွန်း(ခ)ဖိုးဇေနှင့် အောင်မိုးဦးတို့အား မေ ၂၃ ရက်က ထပ်မံဖမ်းဆီးရမိခဲ့၍ အရေးယူဆောင်ရွက်ခဲ့သည်။

ထို့ကြောင့် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ခဲ့သူ ဇော်မင်းသူ (ခ) တရုတ်ကြီး (ခ)လက်ပုနှင့် အပေါင်းအပါ ငါးဦးတို့အား သက်သေခံ ဆိုင်ကယ် ၁၁ စီးနှင့်အတူ သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးအပ်ထားရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ နေလင်းအောင်(ခ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်၊ ဘောကြီး(ခ)ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား ဆက်လက်စုံစမ်း ဖမ်းဆီးလျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စာတိုက်သေဆုံး

ပုသိမ် ဇွန် ၆

ဧရာဝတီတိုင်း ဒေသကြီး ပန်းတနော်မြို့နယ်ဆေးရုံတွင် လူတစ်ဦးဓာတ်လိုက်၍ဆေးကုသမှုခံယူရာ သေဆုံးသွားကြောင်း သိရသည်။

သေဆုံးသူမှာ ဦးမောင်ငွေး (၄၆ နှစ်) စကားဝါပင်လမ်း အနောက်ပိုင်းရပ် ပန်းတနော်မြို့နေသူဖြစ်ပြီး ရွှေမြင်တင်ဘုရားရင်ပြင်တော်တွင် ကြွေပြားခင်းရန် မီးကြိုးပြင်ရာမှ ဓာတ်လိုက်ပြီး လဲကျသွားရာ ပန်းတနော်မြို့ဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားသဖြင့် ဒုရဲအုပ် ကျော်မောင်မောင်အေး၏ တိုင်တန်းချက်အရ ပန်းတနော်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ထော်လာဂျီယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ သံလွင်မြစ်အတွင်းထိုးကျ

ချောင်းဆုံ ဇွန် ၆

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာ မပည-LU-၄၉၄၁၀၁ ဆိပ်ကမ်း၌ ထော်လာဂျီယာဉ်တစ်စီး ဇွန် ၃ ရက် ညနေ ၅ နာရီခွဲက သံလွင်မြစ်ထဲသို့ ထိုးကျသွားခဲ့သည်။

ဖြစ်စဉ်မှာ ချောင်းဆုံအရှေ့ရပ်ကွက်နေ ထော်လာဂျီယာဉ်မောင်းသူ ဦးစိုးဝင်းသည် ၎င်း၏ယာဉ်ပေါ်မှ သွပ်ပြားများချရန် နတ်မော်ဆိပ်ကမ်းရေဆင်းတံတား၌ ယာဉ်ကိုနောက်ဆုတ်ခဲ့ရာမှ အရှိန်မထိန်းနိုင်ဘဲ သံလွင်မြစ်အတွင်းသို့ ထိုးကျသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်ထိန်းတပ်ကြပ်သန်းနိုင်က သွားရောက်စစ်ဆေးခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ဦးစိုးဝင်း(၄၂နှစ်) ချောင်းဆုံအရှေ့ရပ်ကွက်နေသူအား ချောင်းဆုံမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက် ပညာရေးဝန်ထမ်းတစ်ဦး သေဆုံး

တာချီလိတ် ဇွန် ၆

ဇွန် ၂ ရက်သည် မြန်မာနိုင်ငံတစ်ဝန်း အခြေခံပညာကျောင်းများ စတင်ဖွင့်လှစ်သည့် မင်္ဂလာနေ့ရက်တွင် ဆိုင်ကယ်နှင့် မော်တော်ယာဉ်တို့ တိုက်၍ ပညာရေးဝန်ထမ်းတစ်ဦး သေဆုံးခဲ့ရမှု တာချီလိတ်မြို့တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ယန်းခမ်းကျေးရွာ မူလတန်းကျောင်းတွင် ကျောင်းအုပ်တာဝန် ထမ်းဆောင်နေသော ဒေါ်အေးသီတာထွန်းသည် မြို့နယ်ပညာရေးမှူးရုံးသို့ လာရောက်သတင်းပို့ပြီး မိမိတာဝန်ကျရာ ယန်းခမ်းကျေးရွာသို့ မူလတန်းပြဆရာမဒေါ်သန္တာဝင်း မောင်းနှင်သည့် Honda Wave အမျိုးအစား မော်တော်ဆိုင်ကယ်နောက်မှ ထိုင်ကာ ပြန်လာစဉ် တာချီလိတ်-ကျိုင်းတုံကားလမ်း ဆန်စက်ပေါက်အနီး အရောက် ရှေ့မှသွားနေသော ခရီးသည်တင်လိုင်းကားကို ကျော်တက်စဉ် အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောမျက်နှာချင်းဆိုင်မှ မောင်းနှင်လာသည့် ပါဂျဲရိုးယာဉ်၏ ဝဲဘက်ဘန်ကာကိုတိုက်မိကာ ဆိုင်ကယ်တိမ်းမှောက်သွားသည်။ ထိုသို့ ယာဉ်တိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူဒေါ်သန္တာဝင်းမှာ ထိခိုက်ဒဏ်ရာမရရှိသော်လည်း နောက်မှ ထိုင်လိုက်လာသည့် ဒေါ်အေးသီတာထွန်း (၃၄ နှစ်)မှာ ဒဏ်ရာရရှိသွားသည့်အတွက် တာချီလိတ်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ရရှိသောဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

ဒေါ်သန္တာဝင်းကို သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ယဉ်ကျေး

သံတွဲ-တောင်ကုတ်ယာဉ်မှောက်၍ တစ်ဦးသေ

တောင်ကုတ် ဇွန် ၆

ဇွန် ၅ ရက် မွန်းလွဲ ၁ နာရီခွဲက သံတွဲမှ တောင်ကုတ်သို့ ယာဉ်မောင်း ဦးစိုးလွင် မောင်းနှင်လာသော ခရီးသည်တင်ယာဉ် နစ်ဆန်းဒိုင်နာ ယာဉ်အမှတ် ၄က/--- သည် သံတွဲ-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင် ၇ ဖာလုံ တောင်ကုတ်မြို့နယ် နပင်းမကျေးရွာအနီးတွင် တိမ်းမှောက်ခဲ့ရာ ခရီးသည်တစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါမော်တော်ယာဉ်သည် သံတွဲမှ တောင်ကုတ်သို့ ခရီးသည် ၄၀ ခန့်တင်ဆောင်လျက် သံတွဲ-တောင်ကုတ်ယာဉ်လိုင်းခရီးစဉ်ဖြင့် သံတွဲမြို့မှ မွန်းလွဲ ၁၁ နာရီခွဲက ထွက်ခွာခဲ့ခြင်းဖြစ်ပြီး သေဆုံးသူခရီးသည်မှာ ငွမြို့မှ တပ်သား နေဇာအောင် (၂၄ နှစ်) ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ငွေစက္ကူအတုများကိုင်ဆောင်သူဖမ်းမိ

မြဝတီ ဇွန် ၆

မြဝတီခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့တာဝန်ရှိသူများက မြဝတီမြို့ အမှတ် (၄)ရပ်ကွက် ပြည်သာယာလမ်းရှိ ခိုင်သစ္စာစားသောက်ဆိုင်တွင် ဇွန် ၁ ရက်က အမျိုးသားတစ်ဦးမှ ငွေကျပ် ၁၀၀၀ တန် မြန်မာငွေစက္ကူအတုဟု ထင်ရသော ငွေစက္ကူများဖြင့် လာရောက်စားသောက်နေကြောင်း သတင်းရရှိ၍ မြဝတီမြို့မရဲစခန်းမှ

နယ်ထိန်းအရာရှိ ဒုရဲအုပ်ဆန်းဝင်း၊ ဒုတပ်ကြပ်သူရ၊ ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တပ်ကြပ်ကြီးထိန်ဝင်း၊ တပ်ကြပ်ကြီး အောင်ဖုန်းရှိန်၊ အမှတ် (၄)ရပ်ကွက် ရာအိမ်မှူး ဦးငွေးဝင်း၊ ဆယ်အိမ်မှူး ဦးတင်ကိုတို့နှင့်အတူ သွားရောက်စစ်ဆေးရာ သန်းထွန်းဦး (ခ)အန်နီဖတ် (၂၇ နှစ်) ကားဝင်းဟောင်း အမှတ် (၅)ရပ်ကွက် မြဝတီမြို့နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းလွယ်ထားသော အပြာရောင်လွယ်အိတ်အတွင်းမှ ငွေကျပ် ၁၀၀၀ တန် မြန်မာငွေ စက္ကူအတု ၄၀၁ ရွက်ကို တွေ့ရှိရသဖြင့် ရှာဖွေပုံစံရေးသွင်းသိမ်းဆည်းပြီး ကွင်းဆက်အရ အမှတ် (၄)ရပ်ကွက် ကားဝင်းဟောင်းအနောက်နေ မသဲစု၏အဝတ်အစားများထဲမှ ငွေကျပ် ၁၀၀၀ တန်ငွေစက္ကူအတု ၂၂၇ ရွက်ကို ထပ်မံသိမ်းဆည်းရမိပြီး တရားမဝင်ငွေစက္ကူအတု ၁၀၀၀ တန်များကို လက်ဝယ်ထားသုံးစွဲသူ သန်းထွန်းဦး (ခ)အန်နီဖတ်နှင့်မသဲစုတို့အား ဒုရဲအုပ်မြတ်စိုးလင်းက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဓဝ)

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းကိုကို ၉/ပမန(နိုင်) ၁၈၆၉၅၆ ပတ်စ်ပို့ ၄၅၁၇၅၂ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၃၁၂၅၅၄၈၆

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ အထက (၂)၊တက္ကသိုလ်ဝင်တန်း(G)မှ မောင်နိုင်နိုင်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးကိုမြင့်အောင် ၁၁/မပန(နိုင်)၀၅၈၅၆၇ဖြစ်ပါကြောင်း။

လူပျောက်ကြော်ငြာ

အဖ ဦးသိန်းထိုက်၏ သမီး မသင်းပပသိမ့်သည် ဇွန် (၂) ရက်က ဒဂုံတက္ကသိုလ်သို့ သွားရောက်ပြီးနောက် ပျောက်ဆုံးနေပါ၍ တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်ငွေးငွေးဝင်း
အမှတ် (၅၈၆)၊ မာယ (၅) လမ်း၊
၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပ
ဖုန်း - ၀၉၃၆၁၈၅၀၄၁၊ ၀၁-၅၇၁၈၄၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/5607၊ N/D Bus ND B.01, Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၉/မရတ(နိုင်) ၀၀၀၁၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၉၉၊ အကျယ်အဝန်းပေ(၄၄×၆၀)၊ ဧရိယာ ၀ဒသမ ၀၆၁၈ဧကရှိသော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်စပ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်ဝင်းရီ ၁၂/မရက(နိုင်)၁၂၈၃၇၈၊ MMN-၅၆၈၉၇၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း (စဉ်-၆၀၈၂)
B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈)ရပ်ကွက်၊ ဇာဒက်ကြီးကျွန်းလမ်း၊ အမှတ်-၄၉၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈/၄၆)၊ မြေကွက်အမှတ်-၁၃၇၆ (၄၀ x ၆၀) ပေရှိ ကွယ်လွန်သူ ဦးလှိုင်ဘွားအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ ပျဉ်ကာ၊ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား၊ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီး ဒေါ်စန်းရီ (AA -၀၄၂၀၇၈)ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းကြော်ငြာသူ ဦးကျော်ဝင်း (ZMDN - ၁၄၄၅၉၇)၊ ဒေါ်အေးအေးသိန်း (P/ZDG -၀၀၀၈၂၉)၊ အမှတ်-၁၆၂၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်နေသူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းများနှင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးပြတ်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးတင်ထွန်း (B.Sc., R.L., D.B.L) ဒေါ်ခင်မာထွန်း (LL.B., D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၀၀၉) ဒေါ်ခင်သန္တာဦး (LL.B)
Ph : 09 - 73094089 အ ထက် တန်း ရှေ့ နေ များ
အမှတ် - ၅၀၊ ၃-ထပ်၊ အခန်း (A-4)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

NACHI-FUJIKOSHI CORP., 1-1-1, FUJIKOSHIHONMACHI, TOYAMA-CITY, TOYAMA-KEN, JAPAN ၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

NACHi

မှတ်ပုံတင်အမှတ် – ၄/၄၂၄၁/၂၀၁၃

NACHI-FUJIKOSHI CORP. သည် အထက်ပါ ကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်ကို ယာဉ်စက်ကိရိယာသုံး ဘဲရင်းအမျိုးမျိုး (Bearings for machines; ball bearings; bearings (parts or machines); roller bearings; etc.,) တို့အတွက် ထုတ်လုပ်ရောင်းချလျက် ရှိနေသည်မှာ နှစ်ပေါင်းနှစ်ဆယ်မက ကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်ကိုလည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁-၇ ရက်ထုတ်၊ Myanmar Times အပတ်စဉ်ထုတ်အင်္ဂလိပ်သတင်းစာ၊ စာမျက်နှာ ၃၄ တွင် အများပြည်သူတို့ သိရှိစေရန် အပြည့်အစုံဖော်ပြခဲ့ပါသည်။

သို့ပါ၍ **NACHI-FUJIKOSHI CORP.** ၏ ခွင့်ပြုချက်မရှိဘဲ ယင်းကုန်အမှတ်တံဆိပ်ကို ဆင်တူယိုးမှားဖြစ်စေ၊ အရောင်အဆင်းတုပ၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ တစ်နည်းနည်း တုပပြုလုပ်သုံးစွဲခြင်း၊ တုပထားသော ကုန်အမှတ်တံဆိပ်နှင့်ကုန်ပစ္စည်းများကို ရောင်းဝယ်ဖေါက်ကားခြင်းပြုပါက တည်ဆဲဥပဒေများနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းများဖြင့် ထိရောက်စွာ တရားစွဲဆိုအရေးယူသွားမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

NACHI-FUJIKOSHI CORP. ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းမောင်၊ တရားလွှတ်တော်ရှေ့နေ
Kelvin Chia Yangon Ltd., Law Firm
အခန်း ၁၅၀၅-၁၅၀၈-၁၅၀၉၊ ၁၅လွှာ၊ ဆာကူရာတာဝါ၊
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
utm@kcyangon.com

၂၀၁၄ ခုနှစ်၊ ဇွန်လ၊ ၇ ရက်

နိုင်ငံတကာအားကစားသတင်းနှင့်ဆောင်းပါး

ကမ္ဘာ့ဖလား ဆုကြေးငွေနဲ့ သီချင်း

မိုးမြင့်လင်းလက်

၂၀၁၄ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲစတင်ဖို့ တဖြည်းဖြည်း နီးကပ်လာပြီဖြစ်ပါတယ်။ ကမ္ဘာ့ဘောလုံးလောကမှာ ဂုဏ်သိက္ခာအရ အမြင့်မားဆုံးဖြစ်တဲ့ ကမ္ဘာ့ဖလားကြီးကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက် ခြေစစ်ပွဲအောင်ထားတဲ့ အသင်းတွေဟာ ဘရာဇီးနိုင်ငံကို စတင်ခြေချတက်နေကြပြီ ဖြစ်ပါတယ်။

ကမ္ဘာ့ဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ဖို့အတွက် ခက်ခဲတဲ့ ခရီးကြမ်းကို စတင်ဖြတ်သန်းကြတော့မှာဖြစ်တဲ့ အသင်းတွေအနေနဲ့ ဂုဏ်သိက္ခာအတွက်ရော အောင်မြင်မှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်ဖို့အတွက်အပြင် ဆုကြေးငွေတွေကလည်း အများအပြားချီးမြှင့်ဖို့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဖီဖာက စီစဉ်ထားပြီးဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာတော့ ဖီဖာက စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၅၇၆ သန်း ပေးအပ်မှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အသင်းတိုင်းကို အမေရိကန်ဒေါ်လာ ရှစ်သန်းပေးအပ်ပြီး ၁၆ သင်း အဆင့်ရောက်ရှိလာတဲ့အသင်းတိုင်းကို အမေရိကန်ဒေါ်လာ ကိုးသန်း ထပ်မံချီးမြှင့်မှာဖြစ်ပါတယ်။

၁၆ သင်းအဆင့်ကနေပြီး တစ်ဆင့်ပြီးတစ်ဆင့်တက်လှမ်းလာတဲ့ အသင်းတိုင်းကို ဆုကြေးငွေထပ်မံပေးအပ်မှာဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ အနိုင်ရဗိုလ်စွဲခဲ့တဲ့ အသင်းကိုအမေရိကန်ဒေါ်လာ ၃၅ သန်း ထပ်မံပေးအပ်မှာဖြစ်ပါတယ်။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေးအပ်မယ့် ကမ္ဘာ့ဖလားကတော့ အမြင့် ၃၆ ဒသမ ၈ စင်တီမီတာရှိပြီး ရွှေ ၁၈ ကရက်နဲ့ပြုလုပ်ထားပါတယ်။ ဒီဆုဖလားကို Stabilmemto Artistico Bertoni ကုမ္ပဏီက ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒီဆုဖလားဟာ ကမ္ဘာ့ဖလားသမိုင်းရဲ့ ပထမဆုံးဖလားမဟုတ်ပါဘူး။ ဒီဆုဖလားမတိုင်မီ Jules Rimet Trophy ဆိုတဲ့ ပထမဆုံးကမ္ဘာ့ဖလားကိုတော့ ဘရာဇီးနိုင်ငံက ၁၉၇၀ ပြည့်နှစ်ပြိုင်ပွဲမှာ ကမ္ဘာ့ဖလား သုံးကြိမ်ရရှိခဲ့တဲ့နှစ်မို့ အပြီးပိုင်သိမ်းပိုက်နိုင်ခဲ့ပေမယ့် ၁၉၈၃ ခုနှစ်မှာ အခိုးခံခဲ့ရပါတယ်။ အဲဒီလို အခိုးခံရပြီးနောက်ပိုင်းအဲဒီဆုဖလားကို ပြန်လည်ရှာတွေ့ခြင်း မရှိတော့ပါဘူး။

၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အထိမ်းအမှတ် တေးသီချင်းဖြစ်တဲ့ We are One (Ole Ola)သီချင်းကို ကမ္ဘာတစ်ဝန်းက ပရိသတ်တွေ မကြိုက်နှစ်သက်ဘူးလို့ တုံ့ပြန်ထားကြပါတယ်။ သီချင်းအစားထိုးပေးဖို့ တောင်းဆိုမှုတွေ ပြုလုပ်ခဲ့ပေမယ့် တာဝန်ရှိသူတွေက ထိုသီချင်းကိုပဲ အသုံးပြုဖို့ ဆုံးဖြတ်ထားပါတယ်။ အခု Ole Ola သီချင်းကို အဆိုတော် Pitbull၊ ဂျနီဖာလိုပက်ဇ်နဲ့ ဘရာဇီး အဆိုတော် ကလော်ဒီယာလစ်တီတို့ ပူးပေါင်းသီဆိုထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားပွဲမှာ အဆိုတော် ရှာကီရာရဲ့ Waka Waka သီချင်းလောက် မကောင်းဘူးလို့ ဝေဖန်ပြစ်တင်မှုတွေ ဆူညံနေတာမို့ပါပဲ။ ။

ကမ္ဘာ့ဖလား အုပ်စု(ခ)မှ ကစားသမားစာရင်း

သီဟ

အုပ်စု (ခ)		
၁။	စပိန်	(ကမ္ဘာ့အဆင့်-၁)
၂။	နယ်သာလန်	(ကမ္ဘာ့အဆင့်-၁၅)
၃။	ချီလီ	(ကမ္ဘာ့အဆင့်-၁၃)
၄။	ဩစတြေးလျ	(ကမ္ဘာ့အဆင့်-၅၉)

၁။ စပိန် (ကမ္ဘာ့အဆင့်-၁)

နည်းပြ - ဒဲလ်ဘော့ဂ်(စပိန်)

ဂိုး - ကာဆီးလက်စ်(ရီးရဲမက်ဒရစ်)၊ ရေနာ(နာပိုလီ)၊ ဒီဂီယာ(မန်ယူ)

နောက်တန်း - ရာမို့စ်(ရီးရဲမက်ဒရစ်)၊ ပီကေး(ဘာစီလိုနာ)၊ အယ်လ်ဘီယို(နာပိုလီ)၊ မာတီနက်ဇ်(ဘိုင်ယန်မြူးနစ်)၊ ဂျူအန်ဖရန်(အက်သလက်တီကို)၊ ဂျော်ဒီအယ်ဘာ(ဘာစီလိုနာ)၊ ဇက်ပီလီကူတာ(ချယ်လ်ဆီး)

အလယ်တန်း - ဇာဗီ(ဘာစီလိုနာ)၊အလွန်ဆို(ရီးရဲမက်ဒရစ်)၊အင်နီယေစတာ(ဘာစီလိုနာ)၊ ကိုကီ(အက်သလက်တီကို)၊ ဘက်စ်ကွက်ဇ်(ဘာစီလိုနာ)၊ ကာဇိုလာ(အာဆင်နယ်)၊ ဖာဘရီဂတ်စ်(ဘာစီလိုနာ)၊ မာတာ(မန်ယူ)၊ ဒေးဗစ်ဆေးလ်ဗား(မန်စီးတီး)

ရှေ့တန်း - ပက်ဒရို(ဘာစီလိုနာ)၊ ကော်စတာ(အက်သလက်တီကို)၊ ဗီလာ(အက်သလက်တီကို)၊ ဖာနန်ဒိုတောရက်စ်(ချယ်လ်ဆီး)

၂။ နယ်သာလန် (ကမ္ဘာ့အဆင့်-၁၅)

နည်းပြ - လူးဝစ်ဗန်ဟားလ်(နယ်သာလန်)

ဂိုး - စီလက်ဆန်(အိုင်းယက်စ်)၊တင်ကရူးလ်(နယူးကာဆယ်)၊မစ်ချယ်ဘွန်း(ဆွမ်ဆီး)

နောက်တန်း - ဒယ်လ်လီဘလိုင်း(အိုင်းယက်စ်)၊ ဂျန်မက်(ဖီယင်နူ)၊ ကွန်ဂိုလို(ဖီယင်နူ)၊ မာတင်အင်ဒီ(ဖီယင်နူ)၊ ဗက်မန်း(အိုင်းယက်စ်)၊ ဗာဟက်(အော့စ်ဘတ်)၊ ရွန်ဗလား(အက်စ်တွန်ဗီလာ)၊စတီဖန်ဒီဗရီ(ဖီယင်နူ)

အလယ်တန်း - ဂျော်ဒီကလက်စီး(ဖီယင်နူ)၊လီရွိုင်းဖာ(နော့ဝှစ်ချ်)၊ဂက်ဇ်မန်း(ဆွမ်ဆီး)၊ ဒီဂျောင်(အေစီမီလန်)၊ ဆနိုက်ဒါ(ဂါလာတာစာရေး)၊ ဝီဂျနယ်ဒမ်(ပီအက်စ်ဗွီ)

ရှေ့တန်း - ဒီပေး(ပီအက်စ်ဗွီ)၊ ဟန်တယ်လာ(ရှော်လ်ကေး)၊ ဒရက်ကောက်(ဖီနာဘာချီ)၊ လန်းစ်(ဒိုင်နမိုကိဗ်)၊ ဗန်ပါစီ(မန်ယူ)၊ ရော်ဘင် (ဘိုင်ယန်မြူးနစ်)

ရှာရာပိုဗာ ပြင်သစ်အိုးပင်းဖိုင်နယ်တက် ရိုမေးနီးယားတင်းနစ်မယ်နှင့် ဗိုလ်လုရမည်

မာရီယာရှာရာပိုဗာသည် ယူဂျင်းဘိုးချတ်ကိုအနိုင်ကစားပြီး တတိယအကြိမ် တိုက်ရိုက် ပြင်သစ်အိုးပင်းဖိုင်နယ်သို့ တက်ရောက်လာသည်။ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အသက် ၂၀ အရွယ် ကနေဒါတင်းနစ်မယ် ဘိုးချတ်အား ၂ နာရီနှင့် ၂၇ မိနစ်ကြာအောင် အကြိတ်အနယ် ကစားခဲ့ရပြီး ၄-၆၊ ၇-၅၊ ၆-၂ ဖြင့် နိုင်ခဲ့သည်။ ရှာရာပိုဗာသည် စနေနေ့ (ယနေ့)တွင် ရိုမေးနီးယားမှ စတုတ္ထဆင့်ရှိ စီမိုနာဟာလက်နှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။ ဟာလက်သည် ဂျာမနီသူ ပက်ကိုဗစ်အား ၆-၂၊ ၇-၆(၇-၄) ဖြင့်နိုင်ပြီး ပထမဆုံးအကြိမ် ဂရင်းဆလမ်ဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

ရှာရာပိုဗာသည် ကနေဒါဆယ်ကျော်သက် တင်းနစ်မယ်၏ စမ်းသပ်မှုကို ကြံ့ကြံ့ခံကစားခဲ့ရပြီး တတိယပွဲငယ်ရောက်မှ မှန်မှန်ကစားပြီး အနိုင်ရလိုက်ခြင်းဖြစ်သည်။ “ဒီကနေ့ကစားတဲ့ပွဲက ကျွန်မရဲ့ အကောင်းဆုံး ပြိုင်ပွဲလို့တော့ မခံစားမိပါဘူး”ဟု ရှာရာပိုဗာက ပြောသည်။ ယင်းပွဲအနိုင်ရလိုက်ခြင်းကြောင့် ဖလားဆွတ်ခူးရန် ရေပန်းစားလာသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဖီဖာကမ္ဘာ့ဘောလုံးအဆင့်တွင် ဘရာဇီး နံပါတ်-၃ သို့တက်လာ

ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်များကို ဇွန် ၅ ရက်က ထုတ်ပြန်လိုက်ရာ ဘရာဇီးဘောလုံးအသင်းသည် နံပါတ်-၃ နေရာသို့ တက်လာသည်။ အာဂျင်တီးနားက နံပါတ်ငါးနေရာသို့ တက်လာသည်။ ဆွစ်ဇာလန်က နံပါတ်-၆ နေရာတက်လာသည်။ ကိုလံဘီယာအသင်းက နံပါတ်-၃မှ အဆင့် ၈သို့ကျဆင်းသွားသည်။ အဆိုပါ ထုတ်ပြန်ချက်သည် ဇွန် ၁၂ ရက်တွင် စတင်မည့် ဘရာဇီးကမ္ဘာ့ဖလား မတိုင်မီ နောက်ဆုံးထုတ်ပြန်ချက် ဖြစ်သည်။ အင်္ဂလန်က နံပါတ် ၁၀ သို့ ရောက်လာသည်။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) ၏ ဦးဆောင်မှုဖြင့် ALPHA Resources & Training Co., Ltd. မှ တာဝန်ယူကျင်းပပေးသော
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ လုပျိုဖြူများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်
ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံတွင် ဩဂုတ်လအတွင်း ကြီးကျယ်ခမ်းနားစွာ ကျင်းပပြုလုပ်သွားမည်

Miss MYANMAR INTERNATIONAL 2014

ပြိုင်ပွဲဝင်များရွေးချယ်ရာတွင် အောက်ပါအရည်အချင်းရှိသူများနှင့် အချက်အလက်ပြည့်စုံသူများကိုသာ ရွေးချယ်သွားမည် ဖြစ်ပါသည်။

- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိသူဖြစ်ရပါမည်။
- မြန်မာအမျိုးသမီးဖြစ်ရပါမည်။
- အိမ်ထောင်မရှိသူ၊ မကျဖူးသူ၊ အပျို ဖြစ်ရပါမည်။
- အရပ်(၅)ပေ (၅)လက်မနှင့်အထက်ရှိသူဖြစ်ရပါမည်။
- အင်္ဂလိပ်စကား အသင့်အတင့်ပြောနိုင်သူဖြစ်ရပါမည်။
- Tourism နှင့်ပတ်သက်၍အခြေခံဗဟုသုတရှိသူဖြစ်ရပါမည်။
- အုပ်ထိန်းသူထံမှ ခွင့်ပြုချက်စာ တစ်စောင်ပါရပါမည်။
- စိတ်ကျန်းမာရေး ကိုယ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရပါမည်။
- မျက်နှာအနီးကပ်ပုံ(၁)ပုံ ကိုယ်တပိုင်းပုံ(၁)ပုံ ကိုယ်လုံးပြည့်ပုံ(၁)ပုံ စုစုပေါင်း(၃)ပုံ အတူပူးတွဲပေးပို့ရန်။
- မြန်မာနိုင်ငံသား မှတ်ပုံတင်မိတ္တူ(၁)စုံ အိမ်ထောင်စုစာရင်းမိတ္တူ (၁)စုံ မူရင်းတွဲ၍တင်ပြရန်။
- တက္ကသိုလ်ဝင်ခွင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။(အထောက်အထားများအားမူရင်းနှင့်တကွပူးတွဲတင်ပြရန်)
- အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရပါမည်။
- ရွေးချယ်ခံရပါက Miss Myanmar International ရွေးချယ်ရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက်ကြောင်း သဘောတူစာချုပ် ချုပ်ဆိုနိုင်ရပါမည်။

□ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများကအကြောင်းကြား ဖိတ်ခေါ်မည်။
□ လျှောက်လွှာနောက်ဆုံးထားပေးပို့ရမည့်ရက်မှာ (25 June 2014) ဖြစ်ပါသည်၊
□ လူတွေ့စစ်ဆေးမည့်ရက်ကို ပြန်လည်အကြောင်းကြားမည်ဖြစ်ပါသည်။

Miss Myanmar Interncational 2014 Award ရရှိသောသူသည် -
* ဆုငွေကျပ်သိန်းပေါင်းများစွာ အပြင် Japan နိုင်ငံတွင် ကျင်းပမည့် Miss International Beauty Pageant 2014 ပြိုင်ပွဲကြီးသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့် နှင့် နှစ်စဉ် ဂျာမနီနိုင်ငံ ဘာလင်မြို့တွင်ကျင်းပသော Internationale Tourismus Boerse (ITB 2015) ကမ္ဘာ့အကြီးဆုံးခရီးသွားပြပွဲသို့ တက်ရောက်ခွင့်ရရှိပါမည်။
* 1st Runner Up နှင့် 2nd Runner Up ဆုရရှိသူများသည်လည်း ဆုကြေးငွေများအပြင် နိုင်ငံတကာပြပွဲများသို့သွားရောက်ခွင့် ရရှိပါမည်ဖြစ်ပါသည်။

• Miss Myanmar International 2014 လျှောက်လွှာပုံစံရယူလိုသူများ၊ SPONSOR အဖြစ် ပါဝင်ကြော်ငြာလိုသည့် လုပ်ငန်းရှင်များ နှင့် ပွဲအကြောင်းသိရှိလိုသူများသည် အောက်ပါ လိပ်စာများသို့ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါသည်။
• လျှောက်လွှာပုံစံများကို Miss Myanmar International 2014 နှင့် Miss Myanmar International စသော Official Facebook Page များတွင် Download လုပ်နိုင်ပါသည်။

MTF Office - No. 3(A) Corner of Waizayandar Rd & Thanthumar Rd, Thuwanna, Thingan gyun Township.
Phyo Phyo - 09425277760, 01 8551012~3

ALPHA Office - No. 182(B), Dhammazedi Road, Bahan. Vicky - 09 5070952,
Me Me - 09 420287941

ဥပဒေ

ယမန်နေ့မှအဆက်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်း

(န) **သဘော်**ဆိုသည်မှာ စွမ်းအင်တစ်မျိုးမျိုးဖြင့် မောင်းနှင်သော ရေယာဉ်၊ ရေအောက် ငုပ်လျှိုးမောင်းနှင်နိုင်သော ရေယာဉ် သို့မဟုတ် ရေပြင်ပေါ်တွင် ရွေ့လျားသွားလာနိုင်သော အခြား ရေယာဉ်တစ်မျိုးမျိုးအပါအဝင် ပင်လယ်ကြမ်းပြင်နှင့်အမြဲစွဲကပ်ထားခြင်းမရှိသော မည်သည့်ရေယာဉ်မျိုးကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ရွေ့လျားနိုင်သော ကမ်းလွန်သယံဇာတ တူးဖော်ရေးစင်နှင့် ရှပ်ပြေးအမြန်ယာဉ်များလည်း ပါဝင်သည်။

(ပ) **အကြမ်းဖက်သမား**ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဥပဒေနှင့်မညီဘဲ တစ်နည်းနည်းဖြင့် ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန် အားထုတ်သူကိုသော်လည်းကောင်း၊ အကြမ်းဖက်မှုတွင် ကြံရာပါအဖြစ် ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကို သော်လည်းကောင်း၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်း ဆိုသည်။

(ဖ) **အကြမ်းဖက်အုပ်စု** ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုကိုကျူးလွန်ရန် အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့် လူနှစ်ဦးနှင့်အထက် ပါဝင်သောအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အရ လည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စုလည်း ပါဝင်သည်။

(ဗ) **လှုံ့ဆော်မှု** ဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ရေး အတွက် လှုံ့ဆော်ရန်ရည်ရွယ်ချက်ဖြင့် သတင်းစကား သို့မဟုတ် သတင်းအချက်အလက်ကို သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြန့်ဝေခြင်း၊ အားပေး အားမြှောက်ပြုခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ကြားမြင် သိရှိစေခြင်းကို ဆိုသည်။

(ဘ) **ထောင်ဒဏ်တစ်သက်**ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့် ထောင်ဒဏ်ကို ဆိုသည်။

(မ) **အများပြည်သူအသုံးပြုသည့်နေရာ**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ အစိုးရဆိုင်ရာကိစ္စ၊ ဖျော်ဖြေမှု၊ အပန်းဖြေမှုစသည့် ကိစ္စများအတွက် အချိန်ကာလအပိုင်းအခြား တစ်ခုခုအတွက် ဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ၊ အချိန်တစ်ဆက်တည်းဖြစ်စေ အများပြည်သူဝင်ထွက်ခွင့်၊ အသုံးပြုခွင့်ရှိသော အဆောက်အအုံ၊ မြေနေရာ၊ ကုန်းလမ်း၊ ရထားလမ်း၊ ရေလမ်းကြောင်း သို့မဟုတ် အလားတူ အခြားနေရာ အစိတ်အပိုင်းတစ်ခုခုကို ဆိုသည်။

(ယ) **ရန်ပုံငွေ** ဆိုသည့်စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-

(၁) ထိတွေ့၍ ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်စေ တစ်နည်းနည်းဖြင့် ရရှိသည့်ငွေကြေး နှင့်ပစ္စည်းများ၊ ငွေရေးကြေးရေး ပိုင်ဆိုင်မှုများနှင့် စီးပွားရေး အရင်းအမြစ်များ၊

(၂) ဘဏ်အပ်နှံငွေများ၊ ခရီးသွားချက်လက်မှတ်များ၊ ဘဏ်ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အစုရှယ်ယာများ၊ ငွေချေးသက်သေခံ လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ဘဏ်ငွေလွှဲလွှာများနှင့် ငွေထုတ်ပေးခွင့်စာများ အပါအဝင် မည်သည့် အီလက်ထရောနစ် သို့မဟုတ် ဒစ်ဂျစ်တယ် နည်းလမ်းဖြင့်မဆိုရှိသည့် ငွေကြေး၊ ပစ္စည်းပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးအမြတ်များအတွက် အထောက်အထား ဖြစ်သော တရားဝင် စာတမ်းအမှတ်အသားများ သို့မဟုတ် စာချုပ်စာတမ်းများ။

(ရ) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကို ဆိုသည်။

(လ) **တပ်ဖွဲ့ဝင်များ**ဆိုသည်မှာ အကြမ်းဖက်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများ၊ အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများအား စုံစမ်းစစ်ဆေးဖော်ထုတ်ရေး၊ သက်သေခံပစ္စည်းသိမ်းဆည်းရေး၊ ထိန်းချုပ်ရေးနှင့် အရေးယူရေးတို့အတွက် ဤဥပဒေအရဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့များ၊ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့များ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ နှင့် အထူးတပ်ဖွဲ့ဝင်များကို ဆိုသည်။

အခန်း (၂)
ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူသားတို့၏ အသက်နှင့်ပစ္စည်းဥစ္စာတို့ကိုလည်းကောင်း၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်းကောင်း အကြမ်းဖက်မှုကျူးလွန်ခြင်းကို တားဆီးကာကွယ်ရန်၊

(ခ) နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် နည်းလမ်းမျိုးစုံအသုံးပြု၍ အကြမ်းဖက်မှုကျူးလွန်ခြင်းကို ကာကွယ်ရန်၊

(ဂ) အကြမ်းဖက်အုပ်စုများ၊ အကြမ်းဖက်သမားများ၊ ယင်းတို့၏ လှုပ်ရှားမှုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်မှုကိုဖြစ်စေသည့် အကြောင်းအရင်းများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများကို ဖော်ထုတ်၍ ကာကွယ်တားဆီးအရေးယူရန်၊

(ဃ) အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးတို့ ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး နှင့်စပ်လျဉ်းသည့် အာဆီယံကွန်ဗင်းရှင်းတို့နှင့် လိုက်လျောညီထွေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(င) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဒေသတွင်းငြိမ်းချမ်းရေးကို ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်။

အခန်း (၃)
ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့် စီမံချက်များချမှတ်ခြင်း၊

(ခ) လိုအပ်သော လုပ်ငန်းကော်မတီများနှင့် အဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဂ) လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ခြိမ်းခြောက်သည့် ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများပါဝင်သည့် အဖျက်စွမ်းအားကြီးမားသော လက်နက်များအား တားဆီးကာကွယ်ရေး၊ ဖယ်ရှားရေးနှင့် ဖျက်ဆီးရေးတို့အတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ သူတစ်ဦးဦးကို အကြမ်းဖက်သမားအဖြစ်လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့် ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

(စ) အကြမ်းဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပျံသန်းသော လေယာဉ်များအား နိုင်ငံတော်၏ ပိုင်နက်နယ်မြေအတွင်း ဆင်းသက်ခြင်း၊ ယင်းမှပျံတက်ထွက်ခွာခြင်းမပြုနိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် ဤဥပဒေ အခန်း (၁၅)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းဝင်နိုင်ငံများနှင့် ဤဥပဒေအခန်း (၁၆) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကြမ်းဖက်သမားများကို အပြန်အလှန် လွှဲပြောင်းပေးရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေအခန်း (၁၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တည်ထောင်ထားရှိသော အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေး ရန်ပုံငွေကို စီမံခန့်ခွဲခြင်းနှင့် သုံးစွဲခြင်း၊

(ည) အကြမ်းဖက်မှုများကို တားဆီးနှိမ်နင်းရာတွင်ပါဝင်ပြီး ထိရောက်စွာ တားဆီးနှိမ်နင်းသည့် တပ်ဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ပြည်သူများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊

(ဋ) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု၏ ကြံစည်အားထုတ်မှုကို ကြိုတင်သတင်းပေးသူ၏ လုံခြုံရေးကိုဖြစ်စေ၊ အရေးယူမှု သို့မဟုတ် တရားစွဲဆိုမှုများတွင် သတင်းပေးသူနှင့် သက်သေများ၏ လုံခြုံရေးကိုဖြစ်စေ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များချမှတ်ဆောင်ရွက်ခြင်း၊

(ဌ) ပုဒ်မခွဲ (င)အရ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု အဖြစ် ကြေညာသည့်အခါ ယင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကိုထိန်းချုပ်ရန် အမိန့်ထုတ်ပြန်ခြင်း၊

(ဍ) ပုဒ်မခွဲ (ဌ) ပါ အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းနှင့် ရန်ပုံငွေများနှင့် စပ်လျဉ်း၍ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်ချက် ထုတ်ပြန်ခြင်း၊

(ဎ) ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ဗဟိုအဖွဲ့က အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားရာမှ ပြန်လည်ရုပ်သိမ်းသည့်အခါ ပုဒ်မခွဲ (ဌ)ပါ ပစ္စည်းများနှင့် ရန်ပုံငွေများ အပေါ် ထိန်းချုပ်ခြင်းအမိန့်ကို ပယ်ဖျက်ခြင်း၊

(ဏ) သဘောရိုးဖြင့် ဆောင်ရွက်ပေးသောပုဂ္ဂိုလ်၏ အကျိုးစီးပွားကို မထိခိုက်စေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း၊

(တ) ပုဒ်မခွဲ (ဌ) မှ ပုဒ်မခွဲ (ဏ)ထိ လုပ်ငန်းစဉ်ဆိုင်ရာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများချမှတ်၍ တာဝန်ယူဆောင်ရွက်သည့်ဌာန သို့မဟုတ် တပ်ဖွဲ့၏ အကောင်အထည်ဖော်ဆောင်မှုကို လမ်းညွှန်ကွပ်ကဲခြင်း၊

(ထ) အကြမ်းဖက်မှုကျူးလွန်ရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန် ရည်ရွယ်ချက်ဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများအား အသွင်ယူဖွဲ့စည်းခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ရာလမ်းကြောင်းအဖြစ်အသုံးပြုခြင်း သို့မဟုတ် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် ဖုံးကွယ်ခြင်းမပြုနိုင်စေရန် လိုအပ်သောလမ်းညွှန်မှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(ဒ) အကြမ်းဖက်မှုကို ဖော်ထုတ်အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေး အဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူသို့ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းများဆောင်ရွက်ခြင်း၊

(ဓ) အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဉ်း၍ ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

အခန်း (၄)
မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကိုဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း

၇။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်၌ အောက်ပါ တစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက မြို့ပြလေကြောင်းပျံသန်းရေးနှင့်လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်သည်-

(က) သူတစ်ဦးဦးက လေယာဉ်ပေါ်တွင် ပြစ်မှုဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှု၊

(ခ) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် အတင်းအဓမ္မပြုလုပ်မှု၊

(ဃ) လေယာဉ်ပေါ်ရှိ ခရီးသည်များ၊ လေယာဉ်အမှုထမ်းများ သို့မဟုတ် ပစ္စည်းများကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(င) လေယာဉ်ပေါ်တွင် အစီအစဉ်တကျရှိမှုနှင့် စည်းကမ်းသေဝပ်မှုကို ဘေးအန္တရာယ်ဖြစ်စေမှု၊

(စ) လေယာဉ်ပေါ်တွင် လိုက်ပါသူက လေယာဉ်မှူးအား အင်အားသုံး၍ဖြစ်စေ၊ ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်၍ဖြစ်စေ လေယာဉ်ပျံသန်းမောင်းနှင်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊ အတင်းအဓမ္မဖမ်းဆီးမှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ဥပဒေနှင့်မညီဘဲ ကြီးကြပ်ထိန်းကျောင်းမောင်းနှင်ပျံသန်းစေမှု၊

(ဆ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (စ)ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခု ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၈။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို တမင်ပြုလုပ်လျှင် လေယာဉ်ကို ဥပဒေမဲ့သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်ရာရောက်သည်-

(က) အတင်းအဓမ္မ အင်အားသုံး၍ဖြစ်စေ၊ ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မ တိုက်တွန်း၍ဖြစ်စေ၊ အခြားသောနည်းလမ်းတစ်ခုခုဖြင့် ထိတ်လန့်ကြောက်ရွံ့အောင် ခြောက်လှန့်၍ဖြစ်စေ၊ အခြား ခေတ်မီနည်းပညာ တစ်ခုခုဖြင့်ဖြစ်စေ လေယာဉ်ကို သိမ်းပိုက်မှု သို့မဟုတ် လေယာဉ်ဝန်ဆောင်မှုပေးချိန် ပျံသန်းမှုကို ထိန်းချုပ်မှု၊

(ခ) သူတစ်ဦးဦးအား သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် သော်လည်းကောင်း၊ ပစ္စည်းကိုဖြစ်စေ၊ ပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာ ထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း ဝန်ဆောင်မှု ပေးလျက်ရှိသောလေယာဉ်ကို အသုံးပြုမှု၊

(ဂ) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကျူးလွန်ရန် ခြိမ်းခြောက်မှု သို့မဟုတ် အခြေအနေအရ ယုံကြည်ရသည့် ထိုခြိမ်းခြောက်မှုကို သူတစ်ဦးဦးအား လက်ခံစေမှု၊

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ သူတစ်ဦးဦးကို သေစေခြင်း၊ အပြင်းအထန် နာကျင်စေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံများ သို့မဟုတ် နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်း

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် သို့မဟုတ် ထိုသို့ဖြစ်စေနိုင်သည့် ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် အလားတူပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုဖြင့် လေယာဉ်ကို ထိခိုက်ပျက်စီးစေမှု၊ ထိုလေယာဉ်ပေါ်တွင် အသုံးပြုမှု သို့မဟုတ် ထိုပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ပေါ်မှ စွန့်ပစ်မှု သို့မဟုတ် ပစ်ချမှု၊

(င) ပုဒ်မခွဲ (ဃ) ပါ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ထိုပစ္စည်းများထုတ်လုပ်ရန် အရင်းအမြစ်ပစ္စည်းများ၊ ဇီဝ၊ ဓာတုနှင့် ဈူကလီးယားလက်နက်များကို ပုံစံထုတ်ခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် ပေးအပ်ခြင်းပြုရာတွင် အသုံးပြုသည့် နည်းပညာနှင့် ဆက်စပ်သည့်ဆော့ဖ်ဝဲများ သို့မဟုတ် အလားတူပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ဖြင့် သယ်ယူပို့ဆောင်မှု၊ သယ်ယူပို့ဆောင်စေမှု သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက် ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှု၊

(စ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ (င) အထိပါရှိသော ဆောင်ရွက်မှုတစ်ခုခုကိုပြုလုပ်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၉။ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်သည်-

(က) လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူတစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊

(ခ) လေယာဉ်ကို ပျက်စီးစေရန်သော်လည်းကောင်း၊ လေယာဉ်ကို ပျံသန်းခြင်းမပြုနိုင်စေရန်သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် သော်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့် လေယာဉ်ကိုဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ပစ္စည်းကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ချထားမှု သို့မဟုတ် ထားရှိစေမှု၊

(ဂ) လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန် လေကြောင်းလမ်းညွှန်ဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေကြောင်းလမ်းညွှန်လုပ်ငန်း ဆောင်ရွက်မှုကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဃ) လေယာဉ်ပျံသန်းမှုအား ဘေးအန္တရာယ်ဖြစ်စေရန် မမှန်ကန်သော သတင်းအချက်အလက်များကို သိလျက်နှင့် ဆက်သွယ်ပေးပို့မှု၊

(င) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဃ)ထိ ပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု၊

၁၀။ မည်သူမဆို ဥပဒေနှင့်မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ပြုလုပ်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်သည့် ပြစ်မှုမြောက်သည်-

(က) မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသူ တစ်ဦးဦးအား အပြင်းအထန်နာကျင်စေခြင်း သို့မဟုတ် သေစေခြင်းကိုဖြစ်စေ၊ ယင်းသို့ဖြစ်စေတန်ရာသော အတင်းအဓမ္မပြုလုပ်မှုတစ်ခုခုကိုဖြစ်စေ လုပ်ဆောင်မှု၊

(ခ) လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း၊ ဖြစ်ပေါ်စေတန်ရာအောင်သော်လည်းကောင်း၊ မြို့ပြလေကြောင်း ပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသော လေကြောင်းပျံသန်းရေးဆိုင်ရာ အဆောက်အအုံစနစ်များနှင့် ဆက်သွယ်ရေးအသုံးအဆောင်ပစ္စည်းများကို သော်လည်းကောင်း၊ လေဆိပ်တွင်ရှိသည့် ဝန်ဆောင်မှုလုပ်ငန်းမလုပ်ကိုင်ဘဲ ရပ်နားနေသောလေယာဉ်ကို သော်လည်းကောင်း ဖျက်ဆီးမှု သို့မဟုတ် လေဆိပ်ဝန်ဆောင်မှုများကို ဝင်ရောက်နှောင့်ယှက်မှု၊

(ဂ) ပျံသန်းနေသော လေယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေရန် သို့မဟုတ် မြို့ပြလေကြောင်းပို့ဆောင်ရေးအတွက် ဝန်ဆောင်မှုပေးနေသော လေဆိပ်ကို ဘေးအန္တရာယ်ဖြစ်စေရန်အလို့ငှာ ဝန်ဆောင်မှုပေးသူတစ်ဦးဦးအား ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အတင်းအကျပ်ပြုလုပ်ခြင်း၊

(ဃ) ပုဒ်မခွဲ (က)မှ ပုဒ်မခွဲ(ဂ) ထိပါရှိသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုတစ်ခုခုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်လုပ်ဆောင်မှု။

၁၁။ နိုင်ငံတော်၏လေဆိပ်တစ်ခုခုမှ ပြည်ပသို့ ပျံသန်းထွက်ခွာသွားသည့် လေယာဉ် သို့မဟုတ် နိုင်ငံတော်၏ လေဆိပ်တစ်ခုခုသို့ ဆင်းသက်မည့်လေယာဉ်၏ လေယာဉ်မှူးသည် လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်ခဲ့သည်ဟုသော်လည်းကောင်း သို့မဟုတ် ကျူးလွန်တော့မည်ဟု သော်လည်းကောင်း ယုံကြည်ရပြီး လေယာဉ် သို့မဟုတ် လေယာဉ်ပေါ်ရှိလူများ၊ ပစ္စည်းများအား ဘေးအန္တရာယ်မဖြစ်စေရန် ကာကွယ်ရေးအတွက်လည်းကောင်း၊ လေယာဉ်ပေါ်တွင် စည်းကမ်းထိန်းသိမ်းရေးအတွက်လည်းကောင်း ချက်ချင်းအရေးပေါ် ဆောင်ရွက်ရန် လိုအပ်သည့်အခါ-

(က) ထိုကျူးလွန်သူအား ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ အပ်နှံရန်ဖြစ်စေ၊ လေယာဉ်ပေါ်မှ ဆင်းစေရန်ဖြစ်စေ ထိုသူကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ယင်းသို့ ဖမ်းဆီးထိန်းသိမ်းရေးအတွက် လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ၏ အကူအညီကိုရယူခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းစေရန် အခွင့်အာဏာပေးခြင်းအပါအဝင် အခြားသင့်လျော်သော အရေးယူဆောင်ရွက်မှုများ ပြုနိုင်သည်။

(ခ) ဥပဒေနှင့်မညီဘဲ သိမ်းပိုက်ခံရသည့် လေယာဉ်အား နိုင်ငံတော်၏ သို့မဟုတ် အခြားနိုင်ငံတစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့ မဆင်းသက်မီ လေယာဉ်ပေါ်ရှိ အခြေအနေအရပ်ရပ်အား မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းအကြောင်းကြားရမည်။

၁၂။ (က) နိုင်ငံတော်၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူသည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ အကြောင်းကြားချက်ကို လက်ခံရရှိသည့်အခါ နိုင်ငံတော်တွင်ဖြစ်စေ၊ အခြားနိုင်ငံတစ်ခုတွင်ဖြစ်စေ မှတ်ပုံတင်ထားသည့်လေယာဉ်၏ လေယာဉ်မှူးကို ထိုဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လေယာဉ်ပေါ်မှ ဆင်းစေရန် ခွင့်ပြုရမည်။

(ခ) လေယာဉ်မှူးသည် နိုင်ငံတော်၏ လေဆိပ်သို့ဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံ၏ လေယာဉ်ကွင်းသို့ဖြစ်စေ လေယာဉ်ဆင်းသက်ပြီးသည့်အခါ ဤအခန်းပါ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ သက်သေခံအထောက်အထားများနှင့်အတူ ဖြစ်နိုင်သမျှ ဆောလျင်စွာ လွှဲအပ်နိုင်သည်။

(ဂ) ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူသည် ပုဒ်မခွဲ (ခ)အရ လွှဲအပ်ပေးသော ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လက်ခံပြီးနောက် ဤဥပဒေ အခန်း(၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ နိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။

(ဃ) လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်အရဆောင်ရွက်ရသောပုဂ္ဂိုလ်များက လိုအပ်သလို အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်များအား ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။

၁၃။ လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ ဥပဒေနှင့် မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်ခဲ့ပြီးဖြစ်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း ရရှိသည့် သတင်းအချက်အလက်မှာ ယုံကြည်ရသော အထောက်အထားရှိသည့်အခါ ဗဟိုအဖွဲ့ကဖြစ်စေ၊ ဗဟိုအဖွဲ့ကလွှဲအပ်သည့် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတို့ကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို စီစဉ်ဆောင်ရွက်ရမည်-

(က) လေယာဉ်ကို အန္တရာယ်ကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ လေယာဉ်မှူးက ပြန်လည်ကြီးကြပ်ထိန်းကျောင်း၍ မောင်းနှင်နိုင်ရေး၊

(ခ) လေယာဉ်မှူးက နိုင်ငံတော်၏ လေဆိပ်တစ်ခုခုတွင် ဆင်းသက်ခွင့်တောင်းခြင်း၊ ထိုလေယာဉ်ပေါ်မှ ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူကို ဆင်းစေပြီး လွှဲပြောင်းအပ်နှံခြင်းတို့ကို လက်ခံခွင့်ပြုရေး၊

(ဂ) လေယာဉ်ကို ဥပဒေနှင့်မညီဘဲ တမင်သိမ်းပိုက်သည့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးထိန်းသိမ်းရေးအတွက် တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များအား တာဝန်ပေးရေး၊

(ဃ) လေယာဉ်အမှုထမ်းများနှင့်ခရီးသည်များ ယင်းတို့၏လိုရာခရီးသို့ ဆက်လက်ထွက်ခွာနိုင်ရေး။

၁၄။ ဤအခန်းပါ လေယာဉ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် တပ်မတော်၊ စစ်ရေးစစ်ရာကိစ္စ၊ အကောက်ခွန်နှင့် ရဲတပ်ဖွဲ့တို့၏ လုပ်ငန်းများတွင် အသုံးပြုသော လေယာဉ်များနှင့် မသက်ဆိုင်စေရ။

အခန်း (၅)

အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအပေါ် ကျူးလွန်မှုများကိုတားဆီးနှိမ်နင်းခြင်း

၁၅။ မည်သူမဆို အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်အပေါ် အောက်ဖော်ပြပါ ပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် ပြစ်မှုမြောက်သည်-

(က) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်အပေါ် လူသတ်မှု၊ လူပြန်ပေးမှု သို့မဟုတ် ယင်း၏ခန္ဓာကိုယ်ကို အခြားနည်းဖြင့် ကျူးလွန်မှု သို့မဟုတ် လွတ်လပ်ခွင့်ကို ထိခိုက်နစ်နာစေမှု၊

(ခ) အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ လွတ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန် ရည်ရွယ်၍ ယင်း၏ တရားဝင်ပရဝဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့်ယာဉ်ကို ပြင်းထန်စွာ ထိခိုက်နစ်နာစေမှု၊

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့၌ပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် ခြိမ်းခြောက်မှု၊

(ဃ) ပုဒ်မခွဲ (က) မှ ပုဒ်မခွဲ (ဂ) ထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှု။

၁၆။ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များအပေါ် အကြမ်းဖက်ကျူးလွန်မှုများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များကို ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

အခန်း (၆)

ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း

၁၇။ မည်သူမဆို -

(က) သူတစ်ဦးဦးအား ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြု၍ အခြားသူတစ်ဦးကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ၊ အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကိုဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကိုဖြစ်စေ၊ လူတစ်စုကိုဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကို မပြုစေရန် တောင်းဆိုပြီး ယင်းတောင်းဆိုချက်ကို ငြင်းပယ်လျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားသူကို သေစေမည်၊ အပြင်းအထန်နာကျင်စေမည် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားမည်ဟု သော်လည်းကောင်း၊ ထိုတောင်းဆိုချက်ကို လက်ခံပါက ဓားစာခံအဖြစ် ထိန်းသိမ်းထားသူကို ပြန်လွှတ်ပေးမည်ဟုသော်လည်းကောင်း စည်းကမ်းချက်ထား၍ ခြိမ်းခြောက်မှုပြုလျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် ပြစ်မှုကျူးလွန်ရာ ရောက်သည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်မှု၊ အားပေးကူညီမှု၊ လှုံ့ဆော်မှု သို့မဟုတ် ထိုပြစ်မှုကျူးလွန်ရာတွင် ကြံရာပါအဖြစ် ပါဝင်ဆောင်ရွက်မှုပြုပါက အဆိုပါ ပြစ်မှုကျူးလွန်ရာရောက်သည်။

၁၈။ သက်ဆိုင်ရာ လုပ်ငန်းကော်မတီသည် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းသည့် အကြမ်းဖက်ကျူးလွန်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ရေးတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ဆက်လက်ဖော်ပြပါမည်)

ဖခင်အမည်မှန်
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ အထက(၃) အဋ္ဌမတန်း(F)မှ မထွေးထွေးလှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရှန်တီယာ ၁၁/စတန(နိုင်)၀၃၈၁၈၁ ဖြစ်ပါကြောင်း။
ဦးရှန်တီယာ ၁၁/စတန(နိုင်)၀၃၈၁၈၁

ဖခင်အမည်မှန်
လားရှိုးမြို့၊ အထက(၃) စတုတ္ထတန်းမှ မောင်ရဲဝင်းကျော်နှင့်ဒုတိယတန်းမှ မောင်ရန်ရှင်းတို့၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းနိုင် ၁၃/လရန(နိုင်)၀၈၂၈၇၃ ဖြစ်ပါသည်။

ဖခင်အမည်မှန်
အောင်သပြေ၊ အထက၊ နဝမတန်းမှ နန်းနုဟွမ်၏ ဖခင်အမည်မှန်မှာ ကိုမဲ ၁၃/ပလန(နိုင်)၀၅၇၀၁၆ ဖြစ်ပါကြောင်း။ **ကိုမဲ**

အမည်ပြောင်း
ဦးမြင့်ဝင်း ၁၁/စတန(နိုင်)၀၀၃၆၇၅၏ သမီး အထက(၆) အဋ္ဌမတန်း(B)မှ မခင်မြတ်စံအား မရတနာဟု အမည်ပြောင်းလဲခေါ်ပါရန်။
မရတနာ

ဖခင်အမည် တစ်ဦးတည်းဖြစ်ကြောင်း
မိတ္ထီလာမြို့၊အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တည်ပင်ကုန်း၊ နဝမတန်း(A)နေ မောင်ထက်ပိုင်သွင်၏ဖခင်အမည်မှန်မှာ မိတ္ထီလာမြို့နယ်၊ သီတဂူရွာနေ ဦးငွေဝင်း(ခ)ဦးစိုးနိုင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးငွေဝင်း(ခ)ဦးစိုးနိုင်

အမည်ပြောင်း
မိတ္ထီလာမြို့၊ အထက(၁) ဆဋ္ဌမတန်း (E)မှ ဦးဝင်းမောင်၏သား မောင်ထက်အာကာမောင်အား ယနေ့မှစ၍ မောင်ထက်ရှိုင်းလွင်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထက်ရှိုင်းလွင်

အမည်ပြောင်း
ဦးသန်းထိုက်၏သား မိတ္ထီလာမြို့ ပညာရှင် ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်စိုးသီထွန်းအား မောင်စိုးသီဟအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်စိုးသီဟအောင်

အမည်ပြောင်း
မွန်ပြည်နယ်၊ ပေါင်မြို့၊ ပေါင်းရပ်ကွက်၊ ပန်းစကြာလမ်းနေ ဦးဇော်မြင့်၏သမီး အထက ပေါင် ပဉ္စမတန်း(င)မှ မစိုးမြတ်ဇော်အား မခင်ရတနာဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်ရတနာဟိန်း အထက(ပေါင်)**

အမည်ပြောင်း
ယင်းမာပင်မြို့နယ်၊ အထက(ထန်းတောကြီး)၊ အဋ္ဌမတန်း(A)မှ ဦးမြသိန်း၏သမီး မမေစုပင်အား ယနေ့မှစ၍ မအေးမြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။
မအေးမြတ်သူ

ကန့်ကွက်နိုင်ပါကြောင်း
လားရှိုးမြို့၊ ရပ်ကွက် ၁၂၊ နယ်မြေ ၆၊ ၂၇၊ ရှမ်းတရုတ်ဈေးတန်း၊ ဦးပိုင်အမှတ် ၄၃/က(၁) ဒေါ်နန်းစံဟွမ် ပိုင်ရှင်အမည်ပေါက်အား တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းစံဟွမ် ၉/မရမ(နိုင်)၀၉၂၇၈၅ထံမှ ဦးရင်ကွာဟွာ ၁၃/လရန(နိုင်)၀၅၃၇၇၂က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
ဦးရင်ကွာဟွာ ၁၃/လရန(နိုင်)၀၅၃၇၇၂

အမည်မှန်
အောင်သပြေ၊ အထက၊ နဝမတန်းမှ နန်းနုဟွန် ၁၃/နတရ(နိုင်)၀၁၂၁၃၉၏ အမည်မှန်မှာ နန်းနုဟွမ် ဖြစ်ပါကြောင်း။ **နန်းနုဟွမ်**

အမည်ပြောင်း
ဦးအထွန်းရွှေ ၁၁/စတန(နိုင်)၀၂၄၃၇၄ ၏သား မင်းဂံ(အထက်တန်းကျောင်း) တက္ကသိုလ်ဝင်တန်း(B)မှ မောင်ဆန်းရှိုင်းသူအား မောင်အောင်ဆန်းနိုင်ဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်ဆန်းနိုင်**

Miss Universe Myanmar 2014 အတွက် ဆန်ခါတင်အလှမယ် ၂၀ စတင်ရွေးချယ်

Miss Universe Myanmar 2014 တွင် ပါဝင်ရွေးချယ်ခံရသည့် ဆန်ခါတင် အလှမယ် ၂၀ ကို တွေ့ရစဉ်။ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၅၃ နှစ်ကျော်မှ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ကမ္ဘာ့နိုင်ငံအများစုမှ အလှမယ်များ၏ Miss Universe 2014 ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံအများစုအကြား အဆင့်အတန်းမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကို ကြိုတင်ပြင်ဆင်မှုတစ်ရပ်အနေဖြင့် Miss Universe Myanmar 2014 ဆန်ခါတင်အလှမယ် ၂၀ ကို စတင်ရွေးချယ်လိုက်ပြီဖြစ်ကြောင်း Miss Universe Myanmar Organization မှ သိရသည်။

Miss Universe Myanmar 2014 ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အလှမယ်များကို မတ်လဆန်းပိုင်းမှစ၍ မေလကုန်အထိ သတင်းစာများမှ လျှောက်လွှာများခေါ်ယူခဲ့ရာ လျှောက်လွှာ ၁၅၀ ကျော်ဝင်ရောက် လျှောက်ထားခဲ့သည်။ အဆိုပါ ၁၅၀ အတွင်းမှ အလှမယ် ၄၀ ကိုလူတွေ့စစ်ဆေးခဲ့ပြီး အဆိုပါ ၄၀ ထဲမှ ဆန်ခါတင်အလှမယ် ၂၀ ကို နောက်ဆုံးအဆင့်အနေဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အလှမယ် ၂၀ ကိုယခုအချိန်မှစတင်ပြီး စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ဇူလိုင် ၂၆ ရက်တွင် နောက်ဆုံးဆန်ခါတင် ပထမတစ်ဦးနှင့် ဒုတိယ၊ တတိယအပါအဝင် အခြား Titleဆုများရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ Miss Universe Myanmar 2014 တွင် နောက်ဆုံးဆန်ခါတင် ရွေးချယ်ခံရသည့် ပထမဆုရအလှမယ်ကို ငွေကျပ်သိန်း ၁၀၀၊ ဒုတိယဆုရရှိသည့်အလှမယ်ကို ငွေကျပ်သိန်း ၅၀ နှင့် တတိယဆုရအလှမယ်ကို ငွေကျပ် ၂၅ သိန်းချီးမြှင့်ပေးမည့်အပြင် အခြား Title ဆုရအလှမယ်များကိုလည်း ရွေးချယ်၍ ထိုက်သင့်သည့် ဆုငွေများချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ ဒီနေ့က လူတွေ့စစ်ဆေးထားတဲ့ အလှမယ် ၄၀ ထဲက ဆန်ခါတင်အလှမယ် ၂၀ ကို ရွေးချယ်လိုက်တာပါ။ ဒီနှစ်တင်တဲ့လျှောက်လွှာအားလုံး ၁၅၀ လောက်ရှိပါတယ်။ အဲဒီအထဲကမှ အခုလိုဆန်ခါတင်ရွေးချယ်ခဲ့တာပါ။ ရွေးချယ်တဲ့ အခါမှာလည်း ရုပ်ရည်၊ အသက်၊ အရပ်အမောင်း၊ အသားအရေ၊ မျက်နှာအနေအထားနဲ့ ပေါင်းသင်းဆက်ဆံရေးကအစ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဒိုင်ငါးဦးက ရွေးချယ်ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ အခုရွေးချယ်ပေးလိုက်တဲ့ အလှမယ် ၂၀ ကိုတော့ ကျွန်မတို့အနေနဲ့ ဘာမှလိုလေသေးမရှိအောင် အစားအသောက်၊ အနေအထိုင်၊ ကျန်းမာရေးကအစ အားလုံးကို တာဝန်ယူဆောင်ရွက်ပေးသွားမှာပါ။ သူတို့အနေနဲ့ သူတို့ရဲ့ အလှအပနဲ့ပြိုင်ပွဲအတွက်ပဲ အထူးဂရုစိုက်နေဖို့ လိုပါတယ်"ဟု Miss Universe Myanmar Organization မှ နေရှင်နယ်အုပ်ချုပ်မှုဒါရိုက်တာမစိုးယုဝေက ပြောသည်။

ယခုနှစ် Miss Universe Myanmar 2014 တွင် ရွေးချယ်ခံရသည့် အလှမယ် ၂၀ မှာ ဆွိတီကို၊ ပိုးကြာဖြူ၊ ရွှေစင်ကိုကို၊ ပောဇယ်ညီညီထွန်း၊ ဖူးဖူးမြင့်လွင်၊ ယွန်းရတီ၊ ပိုးအိဖြူစင်၊ သျှားထွဋ်အိန္ဒြာ၊ မေဇင်မာကို၊ ချူနဒီခင်၊ ဇွန်သံစဉ်၊ နီနီမြင့်၊ လင်းလက်ဝင်း၊ သော်ရီကျော်၊ ခိုင်မီမီဇော်၊ ယွန်းမို့မို့ကျော်၊ ဆုမြတ်နိုးကျော်၊ J Naw ၊ နန်းခင်ဇာထွန်း၊ စုနန္ဒာအောင်တို့ကို ဆန်ခါတင်ရွေးချယ်ခဲ့သည်။ အဆိုပါ ဆန်ခါတင်အလှမယ် ၂၀ ကို ထိုင်းနိုင်ငံ ဖူးခက်မြို့မှ ဖိတ်ကြားချက်အရ တစ်ပတ်သွားရောက်လေ့လာ ဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရန်ကုန်မြို့အတွင်းရှိ အထင်ကရ နေရာများသို့လည်း သွားရောက်လေ့လာမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုနှစ် ရွေးချယ်ခံရသည့် အလှမယ်အများစုသည် ယခင်နှစ်ကလို မြို့ကြီးအများစုမှမဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ အခြားဝေးလံသည့်ဒေသများဖြစ်သည့် ခနော၊ ပအိုဝ်းနှင့် အခြားတိုင်းရင်းသားများလည်း ပါဝင်ရွေးချယ်ခံခဲ့ကြောင်း သိရသည်။

မင်းခေတ်

မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ ပြည်ပထွက်ခွာ

မြန်မာစစ်တုရင်အဖွဲ့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှမထွက်ခွာမီ တွေ့ရစဉ်။

ရန်ကုန် ဇွန် ၆

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်(အုပ်ချုပ်သူ) ဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ဦးမျိုးဇော်မင်း(နည်းပြ)၊ ဦးကျော်စိုး(ဒိုင်လူကြီး)၊ ဦးနေဝင်း (ဒိုင်လူကြီး)၊ အားကစားသမားများအဖြစ် ထက်နိုင် (အထက-၅ ဗိုလ်တထောင်)၊ မောင်မောင်ကျော်ဇောဟိန်း (PISM) ကမာရွတ်၊ စွမ်းထက်ပြည့်စုံ အထက(၁) အောင်မြေသာစံတို့ ပါဝင်သော စစ်တုရင်အဖွဲ့သည် ဇွန် ၃ ရက်မှ ၁၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုမြို့၌ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံနိုင်ငံများ သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် ဇွန် ၂ ရက် နံနက် ၈ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

(၀၄၂)

သတင်းတို

မြန်မာကျောင်းသားလူငယ်ကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံမှပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၆

ဂျပန်နိုင်ငံ၌ မေ ၂၆ ရက်မှ ဇွန် ၃ ရက်အထိကျင်းပသည့် ဂျပန်နိုင်ငံ၏ ကျောင်းသားများနှင့်လူငယ်များ အသိအမြင်ဖလှယ်ရေးဆိုင်ရာ ဂျပန်-အရှေ့အာရှကွန်ရက်အစီအစဉ်သို့ တက်ရောက်ခဲ့သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) မှ ကထိက(ပန်းချီ) ဒေါ်မြခက်ဦးဆောင်၍ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) မှ ကျောင်းသား ကျောင်းသူလေးဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၃၃ ဦးပါအဖွဲ့သည် မြန်မာနိုင်ငံသို့ ဇွန် ၃ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြောင်းနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ပါမောက္ခ/ဌာနမှူးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ် ၂၊ နေပြည်တော်

လျှောက်လွှာခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ လစာနှုန်း (၉၉၀၀၀-၁၀၀၀-၁၀၄၀၀၀)ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က)	ဒုဦးစီးမှူး	MA(English)	(၂)နေရာ
(ခ)	ဒု-ဦးစီးမှူး	MCSc	(၁)နေရာ
(ဂ)	စာရင်းကိုင်(၂)	M.Com or M.Econ	(၁)နေရာ
(ဃ)	ဒု-ဦးစီးမှူး	LL.M	(၂)နေရာ
(င)	ဒု-ဦးစီးမှူး	ME(EC)	(၃)နေရာ
(စ)	ဒု-ဦးစီးမှူး	ME(IT)	(၁)နေရာ

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၆-၂၀၁၄ရက်တွင် အသက်(၃၀)၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်သူမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ပါရဂူဘွဲ့ရရှိသူများလည်း လျှောက်ထားနိုင်ပါသည်။
(င) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။
(စ) အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)
(ဆ) အပိုဒ်(၁)ပါ အမှတ်စဉ်(ခ) (င)နှင့် (စ)တို့အတွက် လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများသာ ဦးစားပေးခန့်ထားမည်ဖြစ်ပါသည်။

၃။ လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်သို့ ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထား၍ အရောက်ပို့ရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ
(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူမှန် (ရေးဖြေစာမေးပွဲလာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)
(ဂ) သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ ခြောက်လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဃ) လိုင်စင်ဓာတ်ပုံ နှစ်ပုံ
(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(စ) ဝင်ကြေးငွေကျပ် ၅၀၀ိ/-ပေးသွင်းသည့်ချလန်မူရင်း

၄။ လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို သတင်းစာများ၌ ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၅။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် ၂၊ နေပြည်တော်သို့လိပ်မူ၍ သက်ဆိုင်ရာဌာနအကြီးအကဲမှတစ်ဆင့် ၃၀-၆-၂၀၁၄ ရက် နောက်ဆုံးထားလျှောက်ထားရမည်။ (ကြိုတင်မိတ္တူကို တိုက်ရိုက်ပေးပို့ရမည်။)

၆။ စာမေးပွဲဝင်ကြေးကျပ် ၅၀၀ိ/-ကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ငွေစာရင်းအမှတ် MD-011092 သို့ ပေးသွင်းရမည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသောစာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသည့်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အကြောင်းအရာများကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၂၃၀၊ ၀၆၇-၄၀၇၂၅၀တို့တွင် စုံစမ်းနိုင်ပါသည်။

ဖခင် အမည်မှန်

ရေဦးမြို့၊ အထက(၂) အဋ္ဌမတန်းမှ မဝင်းလက်အောင်၏ ဖခင်အမည်မှန်မှာ ဦးစောမြင့် ၅/ရဥန(နိုင်)၀၂၂၂၅၁ ဖြစ်ပါသည်။

ဦးစောမြင့်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရဲနွယ်ဓာတ်အားပေးစက်ရုံရှိ Penstock Pipe Line၊ Bifurcation Branch Pipe & Irrigation Pipe Line၊ Sprial Casing၊ Draft Tube တို့၏ အတွင်းမျက်နှာပြင်နှင့် Butterfly Valve ၏ အတွင်းနှင့်အပြင် မျက်နှာပြင်တို့အား ဆေးသုတ်ပြုပြင်ရန်အတွက် ဆောင်ရွက်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် ဇူလိုင် ၃ရက် မွန်းတည့် ၁၂နာရီဖြစ်ပါသည်။

၃။ စိတ်ပါဝင်စားသူများအနေဖြင့် တင်ဒါပုံစံများကို အိတ်ဖွင့်တင်ဒါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် ၂၇၊နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၀၆၇-၄၁၀၅၃၈ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

မွန်ပြည်နယ်မီးသတ်ဦးစီးဌာန
ဝန်ထမ်းနေအိမ်ဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မီးသတ်တပ်ဖွဲ့စခန်းတွင် လေးခန်းတွဲနှစ်ထပ် (၆၀×၅၀×၂၂)ပေ (သံကူကွန်ကရစ်) (ရေသန့်+လျှပ်စစ်)ပါ ဝန်ထမ်းနေအိမ်တစ်လုံး ဆောက်လုပ်ရန်အတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက်	- ၁၀-၆-၂၀၁၄ ရက်
တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်	- ၃၀-၆-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာတန်ဖိုး	- ၁၀၀၀ိ/-
တင်ဒါဝယ်ယူတင်သွင်းရမည့်နေရာ	- မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၇၂၄၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဒေသဖွံ့ဖြိုးရေးကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီး ဒေသခံပြည်သူများသွားလာမှုအဆင်ပြေ

သပိတ်ကျင်း ဇွန် ၆

လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတစ်ဝန်းမြို့ပြနှင့် ကျေးလက်ပါမကျန် ဒေသဖွံ့ဖြိုးရေးလမ်းတံတားများကို ဖောက်လုပ်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်းရှိ ပေသောင်၊ ဝွေးပင်မှော်၊ ကဘဲ့ကြီးရွာများမှ သပိတ်ကျင်းမြို့သို့ ဆက်သွယ်သည့် အရှည် ခုနစ်မိုင်ခန့်ရှိသော မြေသားလမ်းဖောက်လုပ်မှုကို ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ငွေကျပ် ၉၅ သိန်း အကုန်အကျခံကာ ဖောက်လုပ်ပြီးစီးသွားပြီဖြစ်၍ ဒေသခံများ စိတ်ချမ်းမြေ့စွာ သွားလာအသုံးပြုနိုင်ပြီ ဖြစ်သည်။

လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌဦးသာရင်က "အရင်က သပိတ်ကျင်းမြို့ကိုသွားဘို့ ရေလမ်းတစ်ခုကိုပဲ အားကိုးရပါတယ်။ မြစ်ရေကြီးလို့ လှိုင်းလေကြီးချိန်ဆိုရင် ကျောင်းသား ကျောင်းသူတွေက မြို့ကို မဖြစ်မနေသွားရတာဆိုတော့ မိဘတွေ အနေနဲ့ နေ့စဉ်နဲ့အမျှ စိတ်ပူနေရတယ်။ အခုမြေသားလမ်း ဖောက်လုပ်ပြီးစီးသွားတော့ ကျောင်းသားတွေလည်း သွားရတာအဆင်ပြေသွားမယ်။ ဒေသထွက်ကုန်တွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်နိုင်တော့မှာပါ" ဟု ပြောကြားသည်။

လမ်းကြီးကြပ်ရေးကော်မတီဝင် ဦးတင်အောင်ကလည်း "လမ်းပြီးမြောက်သွားပြီဖြစ်လို့ ရေရှည်အသုံးပြုနိုင်ဖို့လမ်းအသုံးပြုတဲ့ ဒေသခံတွေအနေနဲ့ စည်းကမ်းရှိဖို့ လိုပါတယ်။ ရာသီမရွေး အဆင်ပြေစွာအသုံးပြုနိုင်ဖို့အတွက် မြေသားလမ်းအဆင့်က နေကျောက်ချောလမ်း အဆင့်အထိ မြှင့်တင်ဖို့ ကြိုးစားဆောင်ရွက်သွားမှာပါ"ဟု ရှင်းပြခဲ့သည်။

ကိုယ့်အားကိုယ်ကိုး မြေသားလမ်းဖောက်လုပ်ပြီးစီးမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်နှင့် ကဘဲ့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၊ ပေသောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးချစ်ဆွေ၊ ကဘဲ့ကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များက ဇွန် ၁ ရက် နံနက် ၇ နာရီက ကွင်းဆင်းကြည့်ရှုပြီး လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စက်ယန္တရားများဖြင့် ရေမြောင်းများ ဖောက်လုပ်ပေးသွားမည့်အပြင် ကျောက်ချောလမ်းအဆင့်သို့ပါ တိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

သတင်းတို

ကျောက်ပန်းတောင်းတွင် မိုးရေလှောင်ကန်အား ကျေးရွာလူထုမှ ပြန်လည်ပြုပြင်လျက်ရှိ

ကျောက်ပန်းတောင်း ဇွန် ၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လယ်ယားတောင်ကျေးရွာအုပ်စု ရွာလပ်ရွာတွင် ရေခန်းခြောက်လျက်ရှိသော ညောင်ကန် ကန်ကြီးကို ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ခြင်းများကို ကျေးရွာလူထုလုပ်အားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ညောင်ကန် ကန်မှာ ကျောက်ပန်းတောင်း-ပွေးကျစ် ကျေးလက်ဖွံ့ဖြိုးရေးလမ်းဘေးတွင် တည်ရှိကာ ကျောက်ပန်းတောင်းမြို့မှ လေးမိုင်ခန့်ကွာဝေးသည်။ ယခုကန်ဆည်ဖို့ခြင်းလုပ်ငန်းကို ရွာလပ်ရွာမှ အစုအဖွဲ့အလိုက် လုပ်ကိုင်ဆောင်ရွက်နေကြပြီး ကန်တူးဖော်မှုမှာ တာပေါင်း ၅၅၀ ခန့် ပြီးပြီဖြစ်ကာ မိုးမကျခင်အတွင်း တာ ၁၀၀၀ ခန့် ပြီးမည်ဖြစ်ကြောင်း သိရသည်။ ညောင်ကန်ရေကန်ကို အနီးဝန်းကျင်မှ ကျေးရွာများဖြစ်သော ထန်းတောရိုးရွာလု၊ ပေါက်သစ် အစရှိသည့် ကျေးရွာများပါ အမှီပြုသုံးစွဲခဲ့ကြပြီး ရှေးဟောင်းကန်တစ်ကန်ဖြစ်ကြောင်း သိရသည်။

နေအောင်

ဒါးကျွန်းကျေးရွာ မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

မြင်းခြံ ဇွန် ၆

မြင်းခြံမြို့နယ် ဒါးကျွန်းကျေးရွာတွင် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ရေးကျောက်စီနံရံများ တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်က အထူးခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုကာကွယ်ရေးအတွက် ပေ၁၀၀ အရှည်ရှိသော ကျောက်စီနံရံခြောက်ခုကို နိုင်ငံတော်၏ အထူးခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည်။ လုပ်ငန်းခွင်အသုံးပြုပစ္စည်းများ လိုအပ်ခြင်းကြောင့် ယခုအခါ ကျောက်စီနံရံတစ်ခုသာလျှင် ပြီးစီးခါနီး ဆောင်ရွက်နိုင်သေးကြောင်းနှင့် ယခုနှစ် ဧရာဝတီမြစ်ရေတက်ချိန်အမီ သုံးခုလောက်သာပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ဒါးကျွန်းကျေးရွာသည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း မြင်းခြံမြို့နယ်တွင် တည်ရှိသည်။ ယခုကျေးရွာတည်ရှိသည့်နေရာကို ပြောင်းရွှေ့လာသည်မှာ လေးနှစ်သာရှိသေးသော်လည်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျပျက်စီးလျက်ရှိသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မကွေး ဇွန် ၆

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲနှင့် အသင်းဝတ်စုံ၊ ကျောင်းဝတ်စုံ၊ စာအုပ်စာရေးကိရိယာ၊ အရင်းမပျောက်မတည်ငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စန်းစန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်အသီးသီးမှ ၂၀၁၃ ခုနှစ်အတွင်း လှုပ်ရှားမှုတင်ပြချက်များကို နာယကက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်အသင်းများသို့ အရင်းမပျောက်မတည်ငွေ စာအုပ်စာရေးကိရိယာများ၊ အသင်းဝတ်စုံ၊ ကျောင်းဝတ်စုံများကို ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စန်းစန်းမြင့်က ငါးခရိုင်ဥက္ကဋ္ဌများထံ ပေးအပ်ခဲ့သည်။ ထို့နောက် မကွေးတိုင်းဒေသကြီးအတွင်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ သားဖွားခန်းများအတွက် အနီးပိတ်များနှင့် အသင်းမှ ထောက်ပံ့သော သားဖွားခန်းသုံးပစ္စည်းများ၊ အကောင်းဆုံးမှုကြိုကျောင်းဆု၊ မြို့နယ်များမှ လှုပ်ရှားမှုထူးချွန်သူများအတွက် ဆုများကို ချီးမြှင့်ပေးခဲ့သည်။

သန်းနိုင်ဦး(ငဖဲ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်ရုံးများတွင် အသုံးပြုရန်အတွက် မော်တော်ယာဉ်ဆိုင်ကယ်(110 CC) (၁၄)စီးကို အသုံးပြုမည့်နေရာအရောက် တန်ဖိုး မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ **တင်ဒါပုံစံများစတင် ရောင်းချမည့်ရက်** - ၁၀-၆-၂၀၁၄ရက်၊ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ
၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၆-၆-၂၀၁၄ရက်၊ ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ
၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၆-၂၀၁၄ရက်၊ ၀၉း၃၀နာရီမှ ၁၀း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၁၈၉၊ ၀၆၇-၄၃၀၂၈၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန
ရုံးအမှတ်(၅၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၁၈၉

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် သစ်သားသေတ္တာ၊ စက္ကူသေတ္တာများနှင့် ပလတ်စတစ်အိမ်သာခွက်နှင့် ပိုက်အစုံတို့ကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၅-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၆-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ
ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၂၃၆၂၊ ၀၁-၃၈၄၉၃၇

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန

အသိပေးကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေ ပြည်သူလူထု၏ အဆောက်အအုံဆောက်လုပ်ခွင့်များ လွယ်ကူလျင်မြန်စွာရရှိစေရန်အတွက် ဆောက်လုပ်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်စာရွက်စာတမ်း အထောက်အထားလိုအပ်ချက်များကို တတ်နိုင်သမျှဖြေလျှော့၍ လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပြီး ခွင့်ပြုချက်မရှိသော အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုကြရန်၊ စည်းကမ်းလိုက်နာကြရန်၊ ပြည်သူလူထုကို အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိသော အဆောက်အအုံဆောက်လုပ်မှုများနှင့် စည်းကမ်းမဲ့အဆောက်အအုံဆောက်လုပ်မှုများမှာ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုများပြားလာခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်မရှိသော အဆောက်အအုံဆောက်လုပ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာမြေရှင်၊ လိုင်စင်ကန်ထရိုက်တာ၊ လိုင်စင်အင်ဂျင်နီယာနှင့် ကန်ထရိုက်လိုင်စင်မရှိသော အဆောက်အအုံဆောက်လုပ်သူတို့ကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမည်ပြောင်း

ဦးညွန့်ဝင်း၏သမီး လပွတ္တာမြို့ အထက(၁) ဆဋ္ဌမတန်း(က)မှ မခင်မြတ်စံအား ယနေ့မှစ၍ မခင်မြတ်သူဟု ပြောင်းလဲခေါ်ပါရန်။ **မခင်မြတ်သူ**

ဖခင်အမည်မှန်

ပျဉ်းမနား၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် (ပထမနှစ်)မှ မောင်အက်(စ်)ဠွန်ခမ်းဂျာ၊ ကျိုင်းတုံမြို့၊ အထက(၂)၊ အဋ္ဌမတန်းမှ မောင်အက်(စ်)ဠွန်ဒန်အောင်၊ အထက(၁)၊ သတ္တမတန်းမှ မအက်(စ်)ဇန်ယွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးအက်(စ်)တူးလွမ် ၁၃/ကတန(နိုင်)၀၆၁၀၅၆ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မြောက်ရပ်ရှိ မြေကွက်အမှတ် ပ-၂၁၆၄၄၊ ဧရိယာ ၀ ဒသမ ၁၁၀၈ဧက၊ နှစ် ၃၀ အငှားဂရန်မြေမြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးကိုကိုဦး ၁၀/ဘလန(နိုင်)၀၀၀၈၀၈ (ဘ)ဦးစိုးသိန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/ရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား သီဟန်ကျော်(ခ)ကိုတွီတာကျော် ၉/မကန(နိုင်)၁၀၃၈၉၄သည် မိဘအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်လုပ်၍ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာပါသည်။ နောင်တွင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးကျော်မိုး-ဒေါ်ခင်စန်းမြင့်

ဖခင်အမည်မှန်

လှိုင်ကော်မြို့၊ အလက(၃)ခွဲ၊ ပဉ္စမတန်းမှ မောင်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဝင်း ၅/မရန(နိုင်)၂၁၃၃၉၂ ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်ဝင်း**

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အထက(၃)၊ နဝမတန်း(စ)မှ မောင်နော်မင်းဦး၏ မိဘအမည်မှန်မှာ ဦးအောင်ကျော်မင်းစိုး ၅/ဝလန(နိုင်)၁၀၉၄၅၀-ဒေါ်သီတာဝင်း ၅/ဝလန(နိုင်)၁၂၅၄၅၈ ဖြစ်ပါကြောင်း။

သီပေါမြို့တွင် ကုန်တင်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာ ဖြတ်သန်းနေ၍ အန္တရာယ်ရှိ

သီပေါ ဇွန် ၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွား ပြည်ထောင်စုလမ်းမကြီး ပေါ်တွင် တည်ရှိသော ရှေးဟောင်း သမိုင်းဝင်မြို့ဖြစ်သည်နှင့် အညီ တစ်နေ့လျှင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်စီးရေ ၅၀၀၀ ခန့် ဖြတ် သန်းသွားလာလျက်ရှိပြီး မော်တော် ဆိုင်ကယ်နှင့် သုံးဘီးယာဉ်များလည်း စဉ်ဆက်မပြတ်သွားလာ၍ လည်း ကောင်း၊ ယာဉ်ကြီးများမှာလည်း မြို့တွင်းတွင် ယာဉ်ကြောအတိုင်း မဟုတ်ဘဲ စည်းကမ်းမဲ့စွာ ရပ်နား လျက်ရှိသဖြင့် ယာဉ်တိုက်မှုအန္တရာယ် မှာတစ်နေ့တခြား မြင့်တက်လျက် ရှိသည်။

သီပေါမြို့နယ်အတွင်းရှိ အခြေခံ ပညာကျောင်းများကို ဇွန် ၂ ရက်မှ စတင်ဖွင့်လှစ်ခဲ့ရာ အဆိုပါ မန္တလေး၊ လားရှိုး၊ မူဆယ်သွားလမ်းမကြီး တစ်လျှောက် အထက်တန်း၊ အလယ် တန်း၊ မူလတန်းကျောင်းများ တည်ရှိ ရာဖြစ်၍ မော်တော်ယာဉ်နှင့် မော် တော်ဆိုင်ကယ်များ အသွားအလာ ရှုပ်ထွေးနေသဖြင့် ကျောင်းသား မိဘများက ယာဉ်အန္တရာယ်ကိုစိုးရိမ် နေကြသည်။

ထို့အပြင် ယခုကဲ့သို့ ယာဉ်ကြော များ ရှုပ်ထွေးနေမှုများကြောင့် မြို့ ရှောင်လမ်းဖောက်လုပ်ပေးရန် နိုင်ငံ တော် ဒုတိယသမ္မတ ရှမ်းပြည်နယ် ခရီးစဉ်တွင် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက တင်ပြ၍ ခွင့်ပြု ခဲ့သော်လည်း လမ်းအူကြောင်းကို ရှာဖွေထားရုံမှအပ ဆက်လက် ဆောင်ရွက်ခြင်းမရှိသဖြင့် အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် ဒေသခံ များက လိုလားလျက်ရှိကြသည်။

မြို့ရှောင်လမ်း ဖောက်လုပ် ဆောင်ရွက်နိုင်ခြင်းမရှိသေးမီ ယာဉ် အန္တရာယ်ကင်းရှင်းရေး၊ ကျောင်း တက် ကျောင်းဆင်းချိန်များ၌ ယာဉ် ထိန်းရဲတပ်ဖွဲ့အနေဖြင့် ယာဉ်စည်း ကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးကို စောင့်ကြပ် ဆောင်ရွက်ပေးစေလို ကြောင်း ကျောင်းသားမိဘတစ်ဦးက ပြောသည်။

သီပေါမှ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် များအား ကျောက်မဲခရိုင်ရုံး၌ တွဲဖက် ထားရှိသဖြင့် သီပေါတွင် ယာဉ်ထိန်း ရဲမရှိသည်မှာ တစ်လကျော်ရှိပြီ ဖြစ် ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ပဲခူးမြို့မဈေးကြီး မီးဘေးသင့်ဆိုင်ခန်းများ ပြန်လည်နေရာချထားပေး

ပဲခူး ဇွန် ၆

ပဲခူးမြို့ မြို့မဈေးကြီး မီးလောင်မှု ဖြစ်ပွားစဉ်က မီးလောင်ခံခဲ့ရသော ဆိုင်ခန်းများကို မူလဆိုင်ခန်းပိုင်ရှင် များသို့ ပေးအပ်ပွဲကို မေ ၂၉ ရက် မွန်းလွဲ ၁ နာရီက ပဲခူးမြို့မဈေးကြီး သုံးထပ်ဈေးရုံ ပထမထပ်ရှိ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ပဲခူးမြို့ မြို့မဈေးကြီး သီရိဥဿာ ဈေးရုံတွင် ယခုနှစ်ဖေဖော်ဝါရီ ၂၆ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွား ခဲ့ရာ ဈေးဆိုင်ခန်း ၉၄ ခန်း မီးလောင် ကျွမ်းခဲ့သည်။ အဆိုပါဆိုင်ခန်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံ ငွေဖြင့် ပြန်လည်တည်ဆောက်ပေးခဲ့ ရာ ငွေကျပ် ၇၂၃ ဒသမ ၄ သိန်း အကုန်အကျခံသုံးစွဲခဲ့ပြီး ပြန်လည် တည်ဆောက်ပေးခဲ့သည်။

ယင်းဆိုင်ခန်းများကို မူလပိုင်ရှင် အသီးသီးထံသို့ ယခုပြန်လည်ပေးအပ် ခြင်းဖြစ်ပြီး အခမ်းအနားသို့ ပဲခူးမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးကျော်နှင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့ နှင့် မီးဘေးသင့်ဆိုင်ခန်းပိုင်ရှင်များ တက်ရောက်ကြကြောင်း သိရသည်။

"ပဲခူးမှာက တစ်မြို့လုံးရော အနီး နားမြို့တွေ့အားလုံးကပါ ဒီမြို့မဈေး ကြီးကိုပဲ လာပြီး အရောင်းအဝယ် လုပ်နေတာပါ။ ဒီဈေးရုံကြီး မီး လောင်ပြီးတော့ တစ်ခြားမှာ ယာယီ ဆိုင်ဖွင့်ဖို့က နေရာနဲ့ စရိတ်စက အခက်အခဲရော ဖောက်သည်တွေ အဆက်အသွယ်ပြတ်တာရော အခက် အခဲတွေအများကြီးရှိပါတယ်။ တခြား မှာဖွင့်လို့ အဆင်မပြေနိုင်ဘူး။ မင်း လမ်းပေါ်မှာဆိုရင် နေရာကောင်းပေ မယ့် စရိတ်စက အရမ်းကြီးပါတယ်။ အခုလို ဆိုင်ခန်းတွေကို မြန်မြန် ဆန်ဆန်ပြန်ဆောက်ပေးပြီး လိုင်စင် တွေကို ပြန်ပေးလို့ ဝမ်းသာပါတယ်" ဟု မြို့မဈေးကြီး မြေညီထပ်တွင် အထည်ဆိုင်ဖွင့်ထားသော ဆိုင်ရှင် တစ်ဦးက ပြောသည်။ **သူရ(တောင်ငူ)**

ဆိုင်ကယ်စီးပြီး ဈေးရောင်းအပြန် ပစ္စည်းများအလုခံရ

ပြည် ဇွန် ၆

ပြည်မြို့ ဗိုလ်ချုပ်လမ်းရှိ မူယာ ပင်ခန်းမဝင်းအတွင်း ဈေးရောင်း ပြီး ဆိုင်ကယ်ဖြင့် ပြန်လာသည့် အမျိုးသမီးကို အမျိုးသားသုံးဦးက ဆိုင်ကယ်တွင်ချိတ်ထားသည့် ကတ္တူ လက်ကိုင်စက္ကူအိတ်ကို ဆွဲယူလုယက် ထွက်ပြေးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂ ရက် ည ၈ နာရီ ခွဲခန့်က မသင်းသင်းအေးသည် ပြည် မြို့ ဗိုလ်ချုပ်လမ်းရှိ မူယာပင်ခန်းမ ဝင်းအတွင်းမှ ဈေးရောင်းပြီး ဈေး ဆိုင်သိမ်း၍ ၁၈ယ/--- Kenbo 110 အပြာရောင်ဆိုင်ကယ်ကို တစ်ယောက်တည်းမောင်းနှင်လာစဉ် ပြည်မြို့ ရွာဘဲရပ်ကွက် ဦးဝင်းမြလမ်း ဝါးဆိုင်အနီးအရောက် ၎င်း၏ နောက်မှ အမျိုးသားသုံးဦး မောင်းနှင် စီးနင်းလာကြသည့် နံပါတ်မပါ အမျိုး အစားမသိ အနီရောင် ဖင်ထောင် ဆိုင်ကယ်မှာ မသင်းသင်းအေး၏ နောက်သို့ လိုက်လာခဲ့ကြောင်း၊ ဖင်ထောင်ဆိုင်ကယ်မောင်းနှင်စီးနင်း လာကြသူအမျိုးသားသုံးဦးက မသင်း သင်းအေးဆိုင်ကယ်၏ ဘယ်ဘက် လက်ကိုင်တွင်ချိတ်ထားသော ကတ္တူ လက်ကိုင်စက္ကူအိတ်ကို ဆွဲယူ၍ ဆိုင်ကယ် မောင်းနှင်ထွက်ပြေးသွား ကြကြောင်း၊ ကတ္တူလက်ကိုင်စက္ကူ အိတ်အတွင်း၌ ထည့်ထားသော ဟန်းဖုန်း၊ CB ဘဏ်/ MOB ဘဏ် ငွေထုတ်ကတ်နှစ်ခုနှင့် ငွေကျပ် တစ်သိန်းခွဲခန့် အပါအဝင် စုစုပေါင်း တန်ဖိုး ငွေကျပ် ၅၆၅၀၀၀ ခန့်ပါ သွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင် ရွက်လျက်ရှိရာ ၎င်းအမှုကို ဒုရဲအုပ် သိန်းဆက်နိုင်က စစ်ဆေး၍ သက်သေခံပစ္စည်းများ သိမ်းဆည်း ရမိရေးအတွက် လိုက်လံစုံစမ်းရှာဖွေ ဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။ **မြင့်နိုင်(ပြည်)**

ထိုင်းနိုင်ငံ ဌာနပေါင်းစုံပါဝင်သော လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့ တာချီလိတ်၌ လာရောက်လေ့လာ

တာချီလိတ် ဇွန် ၆

ထိုင်းနိုင်ငံ ဌာနပေါင်းစုံပါဝင်သော လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့သည် တာချီလိတ်မြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (၁)ရုံးသို့ ဇွန် ၄ ရက်က တာချီလိတ်-မယ်ဆိုင် နှစ်နိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆောင်ရွက် နေမှုကို လာရောက်လေ့လာပြီး လူကုန်ကူးမှု နှစ်နိုင်ငံပူးပေါင်းတားဆီးရေး လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

ထိုင်းနိုင်ငံ ချင်းရိုင်နှင့် ဖယောင်းခရိုင်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်သော ဌာနပေါင်းစုံ အစည်းအဝေးကို ဇွန် ၂ ရက်နှင့် ၃ရက်က ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ရှိ ချောဖိုင်လိတ်ဟိုတယ်နေရာ၌ ထိုင်း နိုင်ငံရှိ ဖယောင်းခရိုင်လူမှုဝန်ထမ်းခြင်းနှင့် လူမှုလုံခြုံရေးရုံးက ဦးစီးကျင်းပ ခဲ့သည်။ ထိုင်းနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာဖရီးအဒါ ဂါန်နမ ဦးဆောင်သော အဖွဲ့ဝင် ၆၀ သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီ လိတ်မြို့ရှိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်(၁)ရုံးသို့ ရောက်ရှိကာ တာချီလိတ်-မယ်ဆိုင် နှစ်နိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆောင်ရွက်နေမှု ကို လာရောက်လေ့လာစဉ် တာချီလိတ်လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်(၁)မှူး ဒုရဲမှူးရင်ရင်အေးက လူကုန်ကူးမှုတားဆီးရေး ရဲတပ်ဖွဲ့ စတင်ဖွဲ့စည်းမှု၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ BCATIP အဖွဲ့များ ပူးပေါင်း ဆောင်ရွက်မှုနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဖော်ထုတ်ခဲ့သည့် လူကုန်ကူးမှုဖြစ်စဉ်များကို ပါဝါဆလိုက်ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ထိုသို့ရှင်းပြမှုအပေါ် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဖရီးအဒါဂါန်နမက နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုအပေါ် အားရကျေနပ်မိပါ ကြောင်း၊ နောင်တွင် မိမိတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ လိုအပ်၍ အကူအညီတောင်းခံလာပါက ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားသည်။ ထို့နောက် ဒေါက်တာဖရီးအဒါဂါန်နမနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှိ တာလော့ဈေးသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း သိရ သည်။ **မြင့်မိုရ်(တာချီလိတ်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
ကုန်သွယ်မှုသင်တန်းကျောင်း
အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၅) ဖွင့်လှစ်မည်

(က) **သင်တန်းကာလ** - ၂၀၁၄ခုနှစ် ဇွန် ၃၀ရက်မှ (၄)လကြာ သင်တန်း
(ခ) **သင်ကြားမည့်နေ့ရက်များ** - တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့
(ဂ) **သင်တန်းအချိန်** - နံနက် ၉း၃၀နာရီမှ ၁၂း၃၀နာရီ
(ဃ) **သင်တန်းသားဦးရေ** - ၅၀ မှ ၁၀၀ အထိ
(င) **သင်တန်းတည်နေရာ** - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ်(၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) **ပါရှိရမည့်စာရွက်စာတမ်းများ** - ဓာတ်ပုံ နှစ်ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ။
(ဆ) **ဆက်သွယ်ရန်ဖုန်း** - ၀၁-၃၇၈၇၉၈၊ ၀၁-၃၇၁၂၀၄၊ ၀၁-၃၇၁၂၂၀၊ ၀၁-၃၇၁၂၁၇၊ ၀၁-၂၅၀၈၇၁

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)တွင် သင်တန်းဝင်ခွင့်ပုံစံဖြည့်စွက်၍ စာရင်း ပေးသွင်းရပါမည်။

မကြာမီကာလအတွင်း ကုန်သွယ်မှုသင်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု ဒီပလိုမာသင်တန်းအမှတ်စဉ်(၁)အား ဆက်လက်ဖွင့်လှစ်သွားပါမည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း)အသုံးစရိတ် ရန်ပုံငွေဖြင့် လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန လေးခန်းတွဲဝန်ထမ်းအိမ်ရာ အဆောက်အအုံအသစ် ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
- လပွတ္တာခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနခွင့်ပြုငွေကျပ်
- သန်း ၁၀၀ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာ ပေ(၁၀၀×၄၀×၁၂) RCC
- တစ်ထပ်သွပ်မိုး ကွန်ကရစ်ကြမ်းခင်း ရေမီးအပါအဝင်

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဒီဇိုင်းပုံစံနှင့် ပါရှိရမည့် အခြေခံအဆောက်အအုံအတိုင်း တွက်ချက်၍ အသေးစိတ်ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။
၃။ တင်ဒါတင်သွင်းရမည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ရန်နှင့် Profile တင်ပြရပါမည်။
၄။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ၉-၆-၂၀၁၄ရက်တွင် စတင်ရောင်းချပါမည်။
တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၃-၆-၂၀၁၄ ရက် ၁၆း၃၀နာရီ နောက်ဆုံးတင်သွင်းရမည်ဖြစ်သည်။
တင်ဒါဖွင့်မည့်ရက်ကို တင်ဒါသွင်းသူများထံ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။
၅။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃၊ ၀၄၂-၂၅၂၇၇သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မိုးကြိုးပစ်ကျေးရွာ အထက(ခွဲ) မိုးကြိုးပစ် တက္ကသိုလ်ဝင်တန်း အတွဲ(၁)တွင် ပညာ သင်ကြားနေသော ဦးဆန်းမြိုင်၏သမီး မချူး ရွှေဇင်၏အမည်မှန်မှာ မချူးရွှေစင်ဖြစ်ပါသည်။

ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း
ယာဉ်အမှတ် AA/3928 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၁ယ/၂၉၂၁၃၊ ယာဉ် လက်ဝယ်ရှိသူ ဒေါ်သဇင် ၈/မဘန(နိုင်) ၀၄၃၄၂၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ မင်းဘူးမြို့

ရောင်းမည်
လမ်း၃၀၊ ၈၂×၈၃လမ်းကြား၊ ရာမနတ်စင်ဝင်း၊ ပေ (၃၀×၂၇) (နံကပ်တိုက်)။
ဆက်သွယ်ရန်ဖုန်း
၀၉-၅၃၄၁၁၇၂၊
၀၉-၉၁၀၂၂၆၅၇

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 4B/5787၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဃ/၆၀၀၀၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း
ဦးကိုကိုအောင် ၁၁/ဘသတ(နိုင်)၀၁၈၂၇၉၏သား မောင်ပြည့်စုံအောင် အလက ရွာသစ်တောင် VII (A) အားဖွဲ့မာန်ထက်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဖွဲ့မာန်ထက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၁ယ/၅၁၅၂၉၊ Yamaha Fino M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မန်းမာယာ ၁/မကန(နိုင်)၀၉၇၈၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သရက်-ရန်ကုန် ခရီးသည်တင် အမြန်ယာဉ်များ စစ်ဆေး

သရက် ဇွန် ၆

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် သရက်၊ ကံမ၊ ပြည်၊ ရန်ကုန် ပြေးဆွဲနေသော ခရီးသည်တင်မှန်လုံ အမြန်ယာဉ်များ ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ညီညွတ်မှု ရှိ မရှိ စစ်ဆေးခြင်းကို သရက်မြို့ရှိ ခရီးသည် အမြန်ယာဉ်ကားဂိတ်များဖြစ်သည့် ရွှေသရက်ဂိတ်၊ မိုးရစ်ကားဂိတ်များတွင် ဇွန် ၄ ရက် ညနေ ၅ နာရီက ယာဉ်များ မထွက်မီ စစ်ဆေးကြောင်း သိရသည်။

ယာဉ်များစစ်ဆေးရာတွင် ယာဉ်၏ အစိတ်အပိုင်း ကောင်းမွန်စွာ သုံးစွဲနိုင်ခြင်းရှိ မရှိ၊ နောက်မြင်ကွင်းများ လွယ်ကူစွာတွေ့မြင်နိုင်မှု ရှိ မရှိ၊ သတ်မှတ်ထားသည့် မီးသတ်ဆေးဘူးများ တပ်ဆင်ထားခြင်း ရှိ မရှိတို့ကို သရက်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၊ ကုန်းလမ်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးဝင်းမြင့်၊ သရက်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ထွန်း၊ မြန်မာ့အာမခံလုပ်ငန်း သရက်ခရိုင်ရုံး ခရိုင်တာဝန်ခံ ဦးမြင့်ထွေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သရက်ရဲစခန်းမှ ဒုရဲအုပ်ဖြိုးမြတ်၊ ယာဉ်ထိန်းစည်းသူအောင်၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်လွင်၊ စက်မှုကျွမ်းကျင်(၂)ဦးမောင်ကြီးတို့က စစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျွန်းလှမြို့နယ်တွင် တရားမဝင်သစ် ခြောက်တန်ကျော် ဖမ်းဆီးရမိ

ကျွန်းလှ ဇွန် ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် တရားမဝင် တမလန်းသစ်၊ ခားရွှေတုံး ၆၈ တုံး ၆ ဒသမ ၄၉၉၄ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းတင်နှင့် သစ်တောဝန်ထမ်းများ၊ ကျွန်းလှမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ပူးပေါင်းပါဝင်သောအဖွဲ့သည် နယ်မြေသတင်းအရ ဇွန် ၄ ရက် နံနက် ၁၀ နာရီက အင်းကောင်း-လယ်လှကျေးရွာကားလမ်းပေါ်တွင် SHN-2B----ဘ ဘီးကားကို ရပ်တန့်စစ်ဆေးရာမှ ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။ တရားမဝင် တမလန်းခားရွှေတုံးများ သယ်ဆောင်လာသူ ယာဉ်မောင်း အောင်မင်းစိုး ကျောက်အိုင်ကျေးရွာနှင့်ပစ္စည်းပိုင်ရှင် ဦးရေပေါ် ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက်နေသူတို့ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားသည်။

ပြည်တွင်းမှ သယံဇာတများကို တရားမဝင်ခိုးယူထုတ်ဖော်အသုံးပြုနေမှုကြောင့် လေလွင့်မှုများရှိသဖြင့် တားဆီးနိုင်ရန် ဖြစ်စဉ်တွင် ပါဝင်သူအားလုံးကို ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

မျက်စိခွဲစိတ်ခံပြည်သူများအား ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

မြစ်ကြီးနား ဇွန် ၆

ကချင်ပြည်နယ်မြစ်ကြီးနားမြို့ သီတဂူစက္ခုဒါနဆေးရုံတွင် လူနာ ၃၀၀ ကျော်ကို စစ်ဆေးခွဲစိတ်ကုသပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းနှင့် အဖွဲ့ဝင်များက လူနာများကို ဇွန် ၂ရက်က သွားရောက် ကြည့်ရှုအားပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းအောင်၊ လူမှုရေးဝန်ကြီးဒေါ်ဘောက်ဂျာနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ ဗုဒ္ဓအံတော်ရှင်စေတီတော်ဘုရားဝင်းအတွင်းရှိ တောင်တန်းသာသနာပြုသီတဂူစက္ခုဒါနဆေးရုံ၌ တက်ရောက်ခွဲစိတ်ကုသမှုခံယူနေသော လူနာများကို အထူးကုဆရာဝန်ကြီးများ၏ မျက်စိစမ်းသပ်ခွဲစိတ်ကုသနေမှုနှင့် သံဃာဆောင်၊ အမျိုးသား အမျိုးသမီး လူနာဆောင်များ၌ ခွဲစိတ်ပြီးစီးသည့် လူနာများကို သွားရောက်ကြည့်ရှုအားပေးစကားပြောကြားကြသည်။

သီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိအထူးကုဆရာဝန်ကြီးများက (၅)ကြိမ်မြောက် အခမဲ့မျက်စိခွဲစိတ်ကုသပေးခြင်းဖြစ်ပြီး မေ ၂၅ ရက်ကစတင်၍ မျက်စိဝေဒနာရှင်များ ပြည်သူများအား တောင်တန်းသာသနာပြုနာယကဆရာတော်ထံနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများတွင် စာရင်းကောက်ခံလျက်ရှိပြီး စုစုပေါင်း လူဦးရေ ၃၀၀ ကျော်ကို မေ ၂၉ ရက်ကစတင်၍ စမ်းသပ်ခြင်းလုပ်ငန်းများပြုလုပ်လျက်ရှိကာ ဇွန် ၁ ရက်တွင် လူနာ ၄၂ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။

(ပြည်နယ် ပြန်/ဆက်)

သတင်းတို

မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေထောက်ပံ့

မိုင်းယောင်း ဇွန် ၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်းပါ ကျေးရွာ ၁၀ ရွာကို မြစိမ်းရောင်ရန်ပုံငွေ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ဇွန် ၅ ရက်က ကျင်းပသည်။

မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက မြစိမ်းရောင်စီမံကိန်း ကျေးရွာများအား ဆောင်ရွက်သင့်သည့် အချက်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကို စီမံကိန်းဝင် ကျေးရွာများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ **အားချာ**

ကျေးရွာချင်းဆက်တံတား ဆောက်လုပ်ပြီးစီး

ကျိုင်းတုံ ဇွန် ၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ ကျေးရွာဖွံ့ဖြိုးရေးအတွက် နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ဝမ်တာပင်း-ယမ်းဝိုးလမ်းပေါ်ရှိ နမ့်လပ်ချောင်းကူး သံကူကွန်ကရစ်တံတား ပေ ၅၀ နှင့် ဝမ်လင်ပါချန်လမ်းပေါ်ရှိ နမ့်လင်းချောင်းကူးသံကူကွန်ကရစ်တံတား ပေ ၅၀ တို့ကို မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေမှုအား ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးရုံးမှဒုတိယညွှန်ကြားရေးမှူး ဦးအေးကိုနှင့် တာဝန်ရှိသူများ တံတားကြံ့ခိုင်မှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **အားဗျေ့**(iprd)

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းမှ ကြီးမှူး၍ မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်/တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအသီးသီးတွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်၍ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်းကို ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ပါသည်။

သင်တန်းအမည်	- ယဉ်ကျေးလိမ္မာဆရာဖြစ်သင်တန်း (၄/၂၀၁၄)
ပညာအရည်အချင်း	- သာသနာရေးဝန်ကြီးဌာနမှ ကျင်းပပြုလုပ်သော အဘိဓမ္မာစာမေးပွဲ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်မြင်ထားသူဖြစ်ရမည်။ အနည်းဆုံး အဘိဓမ္မာ(ပ)(ဒု)(တ)အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။
သင်တန်းကာလ	- ၂၀၁၄ ခုနှစ် ဇူလိုင် ၁ရက်မှ ဇူလိုင် ၃၁ရက်အထိ (စနေ၊ တနင်္ဂနွေ)နေ့များမှအပ (ရက်သတ္တ လေးပါတ်)
သင်တန်းချိန်	- နံနက် ၈ နာရီမှ နံနက် ၁၀ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီ အထိတစ်ကြိမ်
လျှောက်လွှာပေးပို့ရမည့်ရက်	- ၂၀၁၄ ခုနှစ်၊ ဇွန် ၂၀ ရက်အထိ နောက်ဆုံးထား၍ ပေးပို့ရန်
လျှောက်လွှာလက်ခံမည့်နေရာနှင့် စုံစမ်းရန်	- မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ ဇမ္ဗူသီရိဗိမာန်တော်၊ တံတားလေးလမ်း၀၊ န၀ဒေးရပ်ရှင်ရုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၁-၆၅၅၉၇၃၊ ၆၅၆၆၂၇၊
မှတ်ချက် ။	။ လျှောက်လွှာနှင့်အတူ ဓာတ်ပုံလေးပုံ၊အောင်လက်မှတ်(မူရင်း/မိတ္တူ)နှင့် မှတ်ပုံတင်မိတ္တူများ ပူးတွဲတင်ပြရပါမည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၆၂၅၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

(၃၅)နှစ်ပြည့် ရက်မြတ်မင်္ဂလာဆုမွန်

၇-၆-၂၀၁၄ ရက်တွင်ကျရောက်သော ပါးပါး-ဘိုးဘိုး ရှုမောင်နှင့် မားမား-ဘွားဘွားနီလာတို့ရဲ့ မင်္ဂလာနှစ်ပတ်လည် (၃၅)နှစ်မှ နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောသားသမီး၊ မြေးများနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပေးပါတယ် ဘိုးဘိုး-ဘွားဘွား။

သား၊ သမီးများ-ရှမ်းအောင်-ကိကိ
ပြုံးချို-မို့မို့
အေးလင်း-စန္ဒီ
မွေးကြူ
မြေးများ-သုန်သုန်၊ အောင်ငဲ၊ ပင်းကူ၊ ချမ်ချမ်း၊
ကျန်ကျောင်း

မိဘအမည်မှန်

တောင်ကြီးမြို့၊ လေ့ကျင့်ရေးကျောင်း၊ စတုတ္ထတန်း(က)မှ မောင်စိုင်းရှန်မိုင်း၏ မိဘအမည်မှန်မှာ ဦးစိုင်းဆိုင်ဟန်မုန်း ၁၃/လလန(နိုင်)၀၇၀၁၉၉ နှင့် နန်းမေရီအောင် ၁၃/တကန(နိုင်)၁၄၇၇၉၅ ဖြစ်ပါကြောင်း။
ဦးစိုင်းဆိုင်ဟန်မုန်း-နန်းမေရီအောင်

စာအုပ်စာပေ လူ့မိတ်ဆွေ

အမည်ပြောင်း

အောင်ပန်းမြို့၊ အလက(၃)၊ ဒုတိယတန်းမှ မနှင်းအိရွှေရည်အား ယနေ့မှစ၍ နော်အိမြတ်ခင်ဟု ပြောင်းလဲခေါ်ပါရန်။
နော်အိမြတ်ခင်

ဖခင်အမည်မှန်

အောင်ပန်းမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မျိုးသက်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်သက် ၁၃/ကလန(နိုင်)၀၅၇၈၇၆ ဖြစ်ပါကြောင်း။ **ဦးမောင်သက်**

အမည်ဖြည့်စွက်ခေါ်ပါရန်

အေးသာယာ၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်သီဟအား မောင်သီဟသောင်းအေး ၁၃/တကန(နိုင်)၃၀၂၅၄၉ဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်သီဟသောင်းအေး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၈ည/၉၉၀၅၊ Taunggyi Super Light Truck၊ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှ ၉/ကပတ(နိုင်)၁၂၆၄၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌအား အာစရိယဂုဏပူဇော်ပွဲနှင့် သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်း၊ သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ် ဇွန် ၁၄ရက်တွင် မူလသဲအင်းဂူဆရာတော်ကြီးဦးဥက္ကဋ္ဌအား အာစရိယဂုဏပူဇော်ပွဲနှင့် ဇွန် ၁၅ရက်မှ ၂၂ရက်အထိ ခုနစ်ရက်အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်သည်။ တရာစခန်းပွဲတွင် အဖွဲ့၏ဩဝါဒစရိယ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသီဟ(ပုသိမ်)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ ဆရာတော်ကြီး ပူဇော်ပွဲတက်ရောက်မည့်သူများ ဇွန် ၁၄ ရက်၊ စနေနေ့ နံနက် ၈း၀၀နာရီအရောက် ကြွရောက်ပါရန်နှင့်တရားစခန်းဝင်လိုသူများ အဆိုပါနေ့ ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်း၍ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ လှူဒါန်းလိုသူများနှင့် အရိယာလိုဏ်ဂူ ပြုပြင်ရန်အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နိုးဆော်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃၃

ဒေါ်ခင်စောဝင်း	နှင့်	ဦးတင်ရွှေ
အမှတ် (၁၇/က)၊ ၁ လမ်း၊		အမှတ်၁၇/က၊၁လမ်း၊(က+ခ) ရပ်ကွက်၊
(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊		အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန်တိုင်းဒေသကြီး။		
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးတင်ရွှေ အမှတ်-၁၇/က၊ ၁ လမ်း၊ (က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဒေါ်ခင်စောဝင်းက ပဋိညာဉ်အတိုင်း အရောင်းစာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

မင်းသီတာဝေ
တွဲဖက်မြို့နယ်တရားသူကြီး
အင်းစိန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လှိုင်သာယာမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၃

ဦးတင်ဝင်း	နှင့်	၁။ ဒေါ်မျိုးမျိုးဇာခြည်လတ်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၂)ရပ်ကွက်၊ ပေါ်ဆန်းမွှေး ၁လမ်း၊ အမှတ် ၆၆၇/ကနေ တရားပြိုင် ဒေါ်မျိုးမျိုးဇာခြည်လတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့် ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၇ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှိုင်မျိုးအောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၃)
လှိုင်သာယာမြို့နယ်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့၊ ရန်ကင်းရပ်ကွက်၊ (၄)လမ်းနေ ဦးတင်မြင့်၏သား ဦးသန်းဇော်၊ ဒုတိယမြေစာရင်းဦးစီးမှူး၊ လှည်းကူးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး သိရှိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သော ဒေါ်သင်းဆွေဇင်အေး(ဘ)ဦးအေးသောင်း ၁၂/လကန(နိုင်)၁၈၈၀၉၉နှင့် မိသားစုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်းအား အသိပေးအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ကလီထော်ကျေးရွာ၊ ကွင်းအမှတ် (၁၀၀၀-A)၊ ဦးပိုင်အမှတ် (N-၇၉)၊ ဧရိယာ ၁၂ ဒသမ ၂၆ဧကရှိ မြေကွက်မှာ ကျွန်ုပ်၏အမှုသည် ဒေါ်သင်းဆွေဇင်အေး၏ ဖခင် ဦးအေးသောင်း၏အမည်ပေါက် လုပ်ကိုင်ခွင့်ရ မြေများဖြစ်ကြောင်း ၂၀၁၁-၂၀၁၂ခုနှစ် ပြေစာကို လူကြီးမင်းကိုယ်တိုင် ကျွန်ုပ်၏အမှုသည်များထံ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ပြေစာထပ်မံထုတ်ပေးပါရန် လူကြီးမင်းထံ ကျွန်ုပ်၏အမှုသည်များက ပြောဆိုသည်ကို လူကြီးမင်းက ၂၀၁၁-၂၀၁၂ခုနှစ် ပြေစာ၏မူရင်းကို လာပေးထားရန် တောင်းခဲ့ပါ၍ ကျွန်ုပ်၏အမှုသည်များက လူကြီးမင်းကို ယုံကြည်ပြီး ပေးအပ်ခဲ့ရာတွင် လူကြီးမင်းက ၂၀၁၂-၂၀၁၃ခုနှစ်အတွက် ပြေစာကို ထပ်မံထုတ်ပေးခြင်းမပြုတော့ဘဲ ပြေစာမူရင်းကိုလည်း ပြန်မပေးတော့ပါ၍ ကျွန်ုပ်၏အမှုသည်များက လူကြီးမင်းထံ အကြိမ်ကြိမ်တောင်းခံခဲ့သည်ကို လူကြီးမင်းက ပြန်မပေးဘဲ နည်းမျိုးစုံဖြင့် ရှောင်တိမ်းနေခဲ့ပါသည်။

သို့ပါ၍ လူကြီးမင်း၏လက်ဝယ်ရှိသော ဦးအေးသောင်းအမည်ပေါက် ၂၀၁၁-၂၀၁၂ခုနှစ်၏ ပြေစာမူရင်းအား ၃-၇-၂၀၁၄ရက်ကို နောက်ဆုံးထား၍ ကျွန်ုပ်၏အမှုသည် ဒေါ်သင်းဆွေဇင်အေးထံ ပြန်လည်ပေးအပ်ပါရန်နှင့် ပျက်ကွက်ခဲ့ပါက လူကြီးမင်းအား ရာဇဝတ်ကြောင်းအရလည်းကောင်း၊တရားမကြောင်းအရလည်းကောင်း အရေးယူတော့မည်ဖြစ်ပါကြောင်း ဤကြော်ငြာချက် (Notice) ကို ချအပ်၍ အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်သင်းဆွေဇင်အေး	**ဒေါ်ယဉ်ကြွယ် (ဥပဒေတွဲ)**
၁၂/လကန(နိုင်)၁၈၈၀၉၉	**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၉၉၉)**
	အမှတ် (၃၆၂/၈)၊ ဘုရင့်နောင်လမ်း၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊
	ဖုန်း-၀၉-၇၃၆၁၃၅၄၅၊ ၀၅၂-၃၀၄၇၁

ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန ဒီးမော့ဆိုမြို့နယ်(ငွေတောင်ရွာ)၊ စိုက်ပျိုးရေးသိပ္ပံကျောင်းအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁)	ရုံးနှင့်စာသင်ဆောင် (၂)ထပ်ဆောင်	RC	(၁)လုံး
(၂)	ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ	RC	(၁)လုံး
(၃)	ရေချိုးခန်း	-	(၂)လုံး
(၄)	အိမ်သာ (၂)ခန်းတွဲ	-	(၄)လုံး
(၅)	သစ်သားရေစင်	-	(၁)ခု
(၆)	ပရိဘောဂများ	မျိုးစုံ	

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် ၅-၆-၂၀၁၄ရက်မှ စတင်ရောင်းချပေးမည်ဖြစ်ပြီး ၅-၇-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၄၇၊ ၀၉-၅၆၀၀၉၄၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဇီးကုန်းမြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၂

မခင်ဝင်းရီ	နှင့်	၁။ ဦးလှရွှေ
ဒီကရီအနိုင်ရသူ		၂။ ဒေါ်ခင်ငွေး
တရားနိုင်		**တရားရှုံးများ**

တရားရှုံး ဦးလှရွှေနှင့် ဒေါ်ခင်ငွေး၊ အေးမြသာယာမြို့သစ်၅လမ်း၊ အမှတ် (၁)ရပ်ကွက်၊ ဇီးကုန်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် မခင်ဝင်းရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၂၀ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် မေ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီရိဝေ)
ဒုတိယမြို့နယ်တရားသူကြီး
ဇီးကုန်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးစံပြကျေးရွာအုပ်စု၊ မြေကွက် အမှတ် ၁/၁၅၆(ခ)၊ မြေဧရိယာအကျယ်အဝန်း (အလျားပေ၅၀×အနံ၁၃၄/၁၃၃ပေ)ရှိ မြေကွက် နှင့် ယခုအခေါ်အမှတ် ၁/၁၅၆(ခ)၊ ကာယ ၆ လမ်း၊ ကာယရပ်ကွက်၊ သဃ်ာန်းကျွန်းကြီး စံပြကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သောမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း
LL.B, D.M.A, D.B.L, D.M.L, D.A(Psy)
WIPO, D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃၊ ၀၉-၂၅၄၂၇၇၆၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးကျေးရွာအုပ်စု၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မုန်နီဇလုပ်တောင်၊ ဦးပိုင်အမှတ် ၃၊ ကွင်းအမှတ် ၅၃၂/စီ၊ ဥယျာဉ်ခြံမြေကွက်၊ ဧရိယာ ၁ ဒသမ ၈၃ ဧကအနက်မှ အလျားမြောက်ဘက် ၇၅ပေ၊ တောင်ဘက် ၆၆ပေ× အနံပေ၅၀ ရှိ စစ်တောင်းလမ်း၊ ခြံအမှတ် ၁၀ဟု ခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် အကျယ်အဝန်း အလျား၈၅ပေ× အနံပေ၆၀ရှိ စစ်တောင်းလမ်း၊ ခြံအမှတ် ၁၂ဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း
LL.B, D.M.A, D.B.L, D.M.L, D.A(Psy)
WIPO, D.L.P(Switzerland)
Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း အမှတ် ၆၂၊ အခန်း ၁၇၊ Winner Firm၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ၀၉-၅၀၄၂၀၀၃၊ ၀၉-၂၅၄၂၇၇၆၀၇

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်းမှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးနိုင် ၅/ကဘလ(နိုင်)၁၀၄၅၂၆ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ရဲလင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ၈/မဘန(နိုင်)၀၈၂၁၀၀ဖြစ်ပါသည်။

ဖခင်အမည်မှန်

ကန့်ဘလူမြို့၊ အထက(၁) ဆဋ္ဌမတန်းမှ မောင်ဖြိုးကိုကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ရင် ၅/ကဘလ (နိုင်) ၁၄၇၄၁၆ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၇)နေ ဦးမှာက်ဒါလီ၏သား ကျွန်တော်ဦးဝင်းနိုင် KIN-၀၈၀၄၇၀မှ ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ အောက်ကျင်းရပ်၊ မြို့ရှောင်လမ်း၊ အကွက်အမှတ် ၃၊ ဦးပိုင် (၉၀/က/၁)၊ ဧရိယာ ၀ ဒသမ ၀၂၆ဧကပေါ်ရှိ မြေကွက်နှင့်နေအိမ်ကို ဒေါ်သန်းသန်းမြင့် ပါ(၁၀)ဦးထံမှ ကျွန်တော်ဦးဝင်းနိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ရန် ကန့်ကွက်လိုသူရှိပါက တရားရုံးဒီကရီ ပိုင်ဆိုင်စာရွက်စာတမ်းနှင့်တကွ သက်ဆိုင်ရာရုံးဌာန အသီးသီးနှင့် ကျွန်တော့်ထံ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းနိုင် KIN-၀၈၀၄၇၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီးရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဒေါ်အေးအေးသင်း	နှင့်	၁။ ဦးစိုင်းသီဟအောင်
အမှတ် (၁၇/ခ)၊ ဝေဇယန္တာလမ်း၊		၂။ ဦးဝမ်းလှိုင်
(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊		အမှတ်၄၊ ကန်သာယာလမ်းသွယ်
ရန်ကုန်တိုင်းဒေသကြီး။		(၁)၊ ငွေကြာရံရိပ်သာ (၃)ရပ်ကွက်၊
		တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
		(ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ကန်သာယာလမ်းသွယ် (၁)၊ ငွေကြာရံရိပ်သာ၊ အမှတ်၄တွင်နေထိုင်သော တရားပြိုင်များဖြစ်ကြသော (၁) ဦးစိုင်းသီဟအောင်၊ (၂)ဦးဝမ်းလှိုင်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဖြစ်သူ ဒေါ်အေးအေးသင်းက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂အရ ကတိပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇွန် ၁၆ရက် (၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီအချိန်အတွင်းအထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

(မြင့်ထွေး)
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၁

ကွယ်လွန်သူ ဦးလှဒင် ၉/မရမ(နိုင်)၀၂၈၂၇၂ (ဘ)ဦးအေးမောင်၏ ဘဏ်၌ စုဆောင်းငွေများ အပေါ်တွင် အမွေဆက်ခံခွင့်ရလိုကြောင်း လျှောက်ထားမှု။

ဒေါ်ရှုရင်
အမှတ် ၁၉၄/၅၊ ကဥ္စဏမဟီရပ်ကွက်၊
ရွှေချည်ထိုးရပ်၊ ၃၄×၃၅လမ်းကြား၊ ၇၈×၇၉လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၁၉၄/၅၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက် ၆၃၉၊ ရွှေချည်ထိုးရပ်၊ ၃၄×၃၅ လမ်းကြား၊ ၇၈×၇၉လမ်းကြားနေ ဒေါ်ရှုရင်က ကွယ်လွန်သူဦးလှဒင်၏ ဇနီးအရင်းဖြစ်သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူဦးလှဒင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံ လက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးလှဒင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၄ ရက်) တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ရှုရင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇွန် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရီရီထူး)
ဒုတိယခရိုင်တရားသူကြီး(၃)
မန္တလေးခရိုင်တရားရုံး

စီးပွားရေးကြော်ငြာ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ပဲခူးမြို့နေ ဒေါ်ချိုချိုခင် ၇/ပခန(နိုင်)၁၇၉၁၄၄၊ ဒေါ်စိန်ရီ ၇/ပခန(နိုင်)၁၇၉၁၄၅၊ ဦးကျော်အေး ၇/ပခန(နိုင်)၁၇၉၃၂၃၊ ဒေါ်စပယ် ၇/ပခန(နိုင်)၁၇၉၃၂၄၊ ဦးကျော်နိုင် ၇/ပခန(နိုင်)၂၁၀၅၈၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ပဲခူးမြို့၊ ညောင်ဝိုင်းရပ်ကွက်၊ ကွင်းအမှတ် ၆၊ ဦးပိုင်အမှတ် ၅၀(က)၊ မြေဧရိယာ ၀ဒသမ၀၁၉ဧကဟုခေါ်တွင်သော လူနေအိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄×၃)ပင်တိုက်ခံနှစ်ထပ်၊ သွပ်မိုးအဆောက်အအုံတစ်လုံးတို့နှင့် ပဲခူးမြို့၊ ဈေးပိုင်းရပ်ကွက်၊ မြို့မကျောင်းလမ်းရှိ အမှတ် ၁၁၃/၄၊ စိန်ဒိုင်းမွန်းကုန်မာဆိုင်နှင့် ဆိုင်အတွင်းရှိ ပစ္စည်းအရပ်ရပ်တို့သည် ကျွန်ုပ်အမှုသည်များတို့၏ ဖခင်ဖြစ်သူ အစ္စလာမ်ဘာသာကိုးကွယ်သူ ကွယ်လွန်သူ ဦးမောင်ကျော် ပိုင်ဆိုင်ကျန်ရစ်ခဲ့သောအမွေပုံပစ္စည်းများ ဖြစ်ပါသည်။

ဦးမောင်ကျော် ကွယ်လွန်သွားသည့်အခါ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဒေါ်ချိုချိုခင်၊ ဒေါ်စိန်ရီ၊ ဦးကျော်အေး၊ ဒေါ်စပယ်နှင့် ဦးကျော်နိုင်ဆိုသည့် ကွယ်လွန်သူဦးမောင်ကျော်၏ သားသမီးများက အစ္စလာမ်ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရရှိလာသူများ ဖြစ်ကြ၍ အထက်အပိုဒ်တွင် အသေးစိတ်ဖော်ပြခဲ့ပြီးဖြစ်သော အမွေဆိုင်မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ကျွန်ုပ်အမှုသည်များ၏ အတိအလင်းသဘောတူညီမှု၊ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တရားဥပဒေလမ်းကြောင်းအရ ထိရောက်စွာ တရားစွဲဆိုအရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုခင်၊ ဒေါ်စိန်ရီ၊ ဦးကျော်အေး၊ ဒေါ်စပယ်၊ ဦးကျော်နိုင်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မြင့် ဝိဇ္ဇာဘွဲ့(ဥပဒေ)ဥပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၁၈)
အမှတ် ၉/၁၈၀၊ မေခလမ်း၊ ရပ်ကွက်ကြီး(၂)၊ ဥဿာမြို့သစ်၊ ပဲခူးမြို့

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးမြောက်ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ် ၁၇၅/က၊ ဧရိယာပေ (၂၀×၆၀)၊ ၀ ဒသမ ၀၂၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာဖြစ်သည့် မြေကွက်အား အမည်ပေါက် ဒေါ်ခင်မေမြ ISN-၅၄၃၈၁၅၊ ၁၂/ရကန(နိုင်)၀၄၆၅၀၃ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B(စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B(စဉ်-၂၇၀၇၅)
လင်းအိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သန္တာ(၃)လမ်း၊ အမှတ်(၅၃၈)ဟု ခေါ်တွင်သော (အလျား ၂၀ပေ× အနံ ၆၀ပေ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့်အကျိုးခံစား ခွင့်အရပ်ရပ်များကို တရားဝင်လက်ရှိပိုင်ဆိုင်သော ဦးထွန်းရွှေ(၁၂/ဥကမ(နိုင်)၀၁၃၀၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်အိအိလှိုင် (၁၂/ဥကမ(နိုင်)၀၁၁၂၅၁)က ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ခိုင်လုံစွာ တင်ပြရန် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဇင်မာမြင့် (LL.B, D.B.L)
အထက်တန်းရှေ့နေ (စဉ်-၃၀၀၉၂)
အမှတ်(၄၀၁)၊ သန္တာ(၆)လမ်း၊ (စ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။ဖုန်း- ၀၉-၄၂၈၁ ၂၉၄၉၈

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ် (ဝန်ထမ်းအိမ်ရာ)၊ မြေတိုင်းရပ်ကွက် (၁၀/တောင်)၊ မြေကွက်အမှတ် (၈၃)၊ ဧရိယာ ၀ဒသမ၀၅၆ဧက စတုရန်းပေ ၂၄၆၀ရှိ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)၊ (၁၃)ရပ်ကွက်၊ သန်လျင်တံတားအိမ်ရာဝင်း၊ တမာလမ်း၊ အမှတ် (၈၃)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း MUN -၁၆၇၉၀၃ နှင့် ထပ်ဆင့်ရောင်းချသူ ဦးကျော်ခိုင် DBN - 002568၊ ၁၂/သဃက(နိုင်)၁၄၅၇၈၂တို့ သိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါလိပ်စာတွင် လက်ရှိနေထိုင်သူ ဒေါ်မြမြဆွေ PKU - 170198၊ ၁၂/သကတ(နိုင်)၀၃၇၅၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်အမည်ပေါက်သူ ဦးသန်းထွန်းမှ ဦးကျော်ခိုင်သို့ ၁၂-၅-၁၉၉၆ ရက်စွဲပါ အိမ်နှင့်မြေအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ လက်ရောက်ပေးအပ်ရောင်းချခဲ့ပြီး ဦးကျော်ခိုင်မှ ဒေါ်မြမြဆွေသို့ ၈-၁၁-၂၀၁၃ရက်စွဲပါ အိမ်နှင့်မြေအကျိုးခံစားခွင့်များ လက်ရောက်အပြီးအပိုင် လွှဲပြောင်းရောင်းချသည့် သဘောတူကတိစာချုပ်ဖြင့် ဒေါ်မြမြဆွေက ဦးကျော်ခိုင်ထံမှ ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ ယခုလက်ရှိဖော်ပြပါအိမ်၊ မြေအား လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဆွေက တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုပါသည်။ သို့ပါ၍ မူလမြေကွက်အမည်ပေါက်သူ ဦးသန်းထွန်းနှင့် ထပ်ဆင့်ရောင်းချခဲ့သော ဦးကျော်ခိုင်တို့သည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြမြဆွေအား တရားဝင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုနိုင်ရန်အတွက် ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လာရောက်တွေ့ဆုံ၍ ဆောင်ရွက်ပေးစေလိုပါသည်။ လာရောက်ရန် ပျက်ကွက်ခဲ့ပါက တရားဝင်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ချုပ်ဆိုနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လှယဉ်မွန် LL.B
အထက်တန်းရှေ့နေ(စဉ်-၃၂၇၇၄)
အခန်း (၄၁၂)၊ တိုက် (၂)၊ ဝေဇယန္တာအိမ်ရာ၊
၈/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၅၆၀၀၉

ဦးတင်ဦး(ခ)ဦးတင်လှနှင့်အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးစလမ်း၊ အမှတ် ၆၃၉နေ ဒေါ်နော်လားပွေဖော ၁၂/ကမန(နိုင်)၀၉၅၈၃၇၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ ဦးစလမ်း၊ မြေကွက်အမှတ် ၆၃၉၊ (အလျားပေ၆၀×အနံပေ၂၀)၊ စတုရန်းပေ ၂၄၀၀ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် နေအိမ်ကို ဒေါ်နော်လားပွေဖောက ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်လက်ရှိနေထိုင်ခဲ့ပါသည်။

ဒေါ်နော်လားပွေဖော ဝယ်ယူပိုင်ဆိုင်သောအဆိုပါမြေကွက်နှင့် နေအိမ်ပေါ်တွင် မြေနှင့်အိမ်ပိုင်ရှင်ဒေါ်နော်လားပွေဖောက ဦးတင်မောင်ထွန်းအား ၂၁-၂-၂၀၁၄ရက်မှစ၍ ခွင့်ပြုချက်ဖြင့် နေထိုင်စေခဲ့ပါသည်။ အဆိုပါမြေအိမ်ကိစ္စနှင့်ပတ်သက်၍ ဒေါ်နော်လားပွေဖော၏ ပိုင်ဆိုင်မှုကို ပြောဆိုနှောင့်ယှက်လာသူမည်သူကိုမဆို တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးစံမြ(ပုလော)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၇၁)
အမှတ် ၈၃၊ အခန်း ၁၀၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၆၁၃၃၅၉

ဦးတင်ဝင်း ၁၄/ဘကလ(နိုင်)၀၁၃၃၂၂နှင့်အများသိစေရန်

လူကြီးမင်း ဦးတင်ဝင်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအပေါ် လင့်ဝတ္တရားများ မကျေပွန်သည့်အပြင် အမျိုးမျိုးနှောင့်ယှက်ကာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းများစွာ အကြိမ်ကြိမ်ပြုမူပြီးနောက် မိမိသဘောဆန္ဒအလျောက် ၁-၁၂-၂၀၁၃ရက်က ထွက်ခွာခဲ့ပြီး ထောက်ပံ့ခြင်း၊ တစ်စုံတစ်ရာမရှိပါသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းကို ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်မည်သို့မျှလည်း သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေမြင့် ၁၄/ဘကလ(နိုင်)၀၁၃၃၂၃၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်မာလာ LL.B	**ဦးကြည်စိုး LL.B**
အထက်တန်းရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၁၃၀၉၈၂

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်မင်းဌေး ၉/မရမ(နိုင်)၀၈၃၃၁၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သန္တာ (၁၂)လမ်း၊ အမှတ် ၁၅၃၊ အကျယ်ပေ(၄၀×၆၀)၊ ဦးလှဝင်း အမည်ပေါက် နေအိမ်အဆောက်အအုံ၊ ရေ၊လျှပ်စစ်မီတာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံလက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှရီ ၁၂/ဥကမ(နိုင်)၁၀၁၀၅၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေထက်ဝက်ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ထားနွယ်ခင်(LL.B, D.I.R, D.I.L)	**ဦးတင့်ကျော် (စဉ်-၃၀၉၁၃)၊**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁	**ဦးကျော်မိုးလွင်(စဉ်-၃၇၉၂၃)၊**
ဖုန်း-၀၉-၇၃၀၂၇၂၀၄၊ ၀၉-၂၅၀၅၂၃၉၆၆၊	**ဒေါ်ခိုင်ဇင်ဝင်း(စဉ်-၃၇၉၅၁)၊**
	ဒေါ်ထွေးဇာခြည်(စဉ်-၃၈၀၂၀)
	(အထက်တန်းရှေ့နေများ)

ရှေ့နေနားနေခန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးအတွင်း။

အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို (၁၃)လမ်း၊ မြေကွက်အမှတ် (G၁၃၇)၊ ပေ(၄၀×၆၀) မြေကွက်နှင့်နေအိမ်အား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန္ဒာဝင်း ၁၂/ရကန(နိုင်)၀၇၆၀၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းအောင် ၁၂/သလန(နိုင်)၁၁၁၃၄၁သည် ၂၉-၅-၂၀၁၄ရက်စွဲပါ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ အခြားတစ်ပါးသို့ လွှဲပြောင်းရောင်းချခြင်း၊မြေပုံမြေရာဇဝင်တင်ပြခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ရန်နှင့်ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဦးဇော်လင်းအောင်	**ဦးစောဝင်း LL.B**	
	တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၆၁၈၉)	
ဒေါ်မြင့်မြင့်နိုင် LL.B	**ဒေါ်လှလှဝင်း LL.B**	**ဒေါ်မင်းမင်းစိုး LL.B**
စဉ်-၃၆၇၁၂	**စဉ်-၃၈၃၁၄**	**စဉ်-၄၀၈၄၁**

နေရပ်လိပ်စာ အမှတ် (D-127)၊ တော်ဝင် (၅)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း ၂ လမ်း၊ အမှတ် ၇ဟုခေါ်တွင်သည့် နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်အဆောက်အအုံ၏ ခုနစ်လွှာ/ဘီ၊ တိုက်ရှေ့မျက်နှာမူလျှင် (ညာ)၊ (၁၂ပေခွဲ×ပေ၅၀)ရှိတိုက်ခန်းကို စာချုပ်အမည်ပေါက် ဒေါ်မျိုးသီတာအေး ၁၂/ဗထတ(နိုင်)၀၃၄၇၅၈၊ ကိုယ်စားရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မိမိခင် W/RGN-၀၀၄၀၁၉ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားအပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) လင်းအိမ်၊ ခြံ၊ မြေ၊ အထက်တန်းရှေ့နေ
အမှတ် (၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၁၊ မြေကွက်အမှတ် ၃၀၊ အင်းဝလမ်း၊ ပေ (၄၀×၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ စတုရန်းပေ ၂၄၀၀အကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အမည်ပေါက် ဒေါ်မြင့်မြင့်သန်း ၁၂/လသန(နိုင်)၀၀၅၄၆၁ ပါမစ်မြေအား စာချုပ်အဆင့်ဆင့်ဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားလျက် တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုဆိုသူ ဒေါ်စောမြသီတာသွင် ၁၂/ရကန(နိုင်)၀၀၀၆၄၂ထံမှ ကျွန်တော်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော့်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးဇင်ကိုခိုင်
၉/မဟမ(နိုင်)၀၀၅၇၆၈
ဖုန်း-၀၉-၅၀၆၅၇၂၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ သနွေပင်ကျေးရွာ၊ ကွင်းအမှတ် ၅၂၀၊ ကွင်းအမည် ကြက်ဖြူကန်အရှေ့၊ ဦးပိုင်အမှတ် ၂၆ဃ/၂၅ဟုခေါ်တွင်သော ဦးမျိုးသန့်အမည်ပေါက် ခြံမြေကွက်ကြီးထဲမှ အလျား၈၁ပေ×အနံ၇၉ပေအကျယ်ရှိ အမှတ် ၂၁၄၊ အောင်မေတ္တာ ၃ လမ်း၊ ကြက်ဖြူကန်ရပ်ကွက်၊ မှော်ဘီမြို့နယ်ဟုခေါ်တွင်သည့် ခြံမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဝင်းအောင် ၁၂/ဒဂတ(နိုင်) ၀၄၂၁၁၇ ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခု အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤခြံမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးကျော်စိန်လွင်(စဉ်-၇၀၉၇)	**ဦးနိုင်ဝင်း(စဉ်-၃၁၁၁၁)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

အများသိစေရန်

